# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ်(၀၂၄)


# ဓမ္မဓိဋ္ဌာန်ကျခြင်း၊ သမာသမတ်ကျခြင်း၊ ပညာရှင်ပီသခြင်း၊ အချုပ်အခြာအာဏာအား လေးစားလိုက်နာခြင်း တို့သည် ကုလသမဂ္ဂအဖွဲ့၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် အဓိကသော့ချက်များပင်ဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၃)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ**

**(နေပြည်တော်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

ကုလသမဂ္ဂအဖွဲ့ကြီးအား ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၇၃) နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့ အခါသမယတွင် ကုလသမဂ္ဂအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ငြိမ်းချမ်းခြင်း၊ မျှတခြင်းနှင့် ကြွယ်ဝသော ကမ္ဘာကြီးတစ်ခုပေါ်ပေါက်ရန် ကြိုးပမ်းမှုများ၌ ကြီးမားသောအောင်မြင်မှုများရရှိစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား မိမိက ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် ဒုတိယကမ္ဘာစစ်အပြီး ကုလသမဂ္ဂပဋ္ဌာန်ဥာဉ်အား အတည်ပြုချမှတ်ခဲ့သည့် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်မှစ၍ တရားဝင်ပေါ်ပေါက်ခဲ့ပါသည်။ ဤကြီးမြတ်လှသော နိုင်ငံတကာအဖွဲ့ကြီးကို ငြိမ်းချမ်းရေး မြတ်နိုးသောနိုင်ငံများက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေး၊ နိုင်ငံများအကြား ရင်းနှီးချစ်ကြည်မှု တိုးတက်စေရေး၊ လူသားတို့ဘဝ တိုးတက်မြင့်မားရေးနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးများနှင့် လွတ်လပ်မှုများအား လေးစားမြင့်တင်ရေး တို့အတွက် အတူတကွပူးပေါင်းဆောင်ရွက်ရန် တည်ကြည်လေးနက်သော ကတိကဝတ်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ကုလသမဂ္ဂအား ဖွဲ့စည်းတည်ထောင်ပြီးသည့်အချိန်မှစ၍ ကမ္ဘာကြီးသည် သိသာထင်ရှားစွာ ပြောင်းလဲလျက်ရှိသော်လည်း ကုလသမဂ္ဂပဋ္ဌာန်ဥာဉ်အခြေခံမူများ၏ စံနှုန်းများသည် အဖိုးမဖြတ်နိုင်ဘဲ ပိုမိုအားကောင်းသည့် နိုင်ငံတကာဆက်ဆံရေးအတွက်


*စာမျက်နှာ ၃ ကော်လံ ၁* ✤


# နောင်ချိုမြိုနယ်ရှိ သပြေညီနောင် အောင်ဇေယျမုနိစေတီတော် ရှေထီးတော်တင်လှူပူဇော်ပွဲ မဂ်လာအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြိုနယ် ဝုက္ခလေးကျေးရွာအနီးရှိ သပြေညီနောင် အောင်ဇေယျမုနိစေတီတော် ရှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အလှူတော်မဂ်လာအခမ်းအနားအား ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

**စည်ကားသိုက်မြိုက်စွာ တက်ရောက်**

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ နောင်ချိုမြို့ ဘန့်ဘွေးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဥတ္တရအမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ဇော်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၃* ❍

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရတနာစိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။**

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး


KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

## မြန်မာ့အလင်း

# မှန်ကန်သော စီးပွားရေးအမြင်ဆိုသည်မှာ

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုကို စိစစ်သုံးသပ်လျှင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (sustainable development)ကို အခြေခံစဉ်းစားတွေးခေါ်ရမည် ဖြစ်ပါသည်။ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ လတ်တလော အဆင်ပြေရေးသက်သက်မဟုတ်ဘဲ အနာဂတ်ကို ရှုမြင်နိုင်ခြင်းအပေါ်မှာ အခြေခံရပါသည်။

ထို့ကြောင့်ပင် ယင်းသို့သော ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို မူအဖြစ်ချမှတ်ကာ စဉ်းစားရသည့်အတွက် ရေရှည်အမြော်အမြင်ရှိသော စီမံကိန်းများ၊ ရေရှည်အကျိုးစီးပွားကို မြော်မြင်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ တစ်နည်းအားဖြင့်ဆိုလျှင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ (responsible investment) စသည်တို့သည် အဓိကလိုအပ်ချက်များ ဖြစ်ပါသည်။

ထို့ကြောင့် စီးပွားရေးအမြင်ရှိသည်လား မရှိသည်လားဟူသည့် မေးခွန်းကို အဖြေရှာရာတွင် ရေရှည်အကျိုးစီးပွားကို သုံးသပ်မြော်မြင်နိုင်သည့် အတွေးအမြင်ရှိသည်လားဆိုသောအချက်ကို ထိပ်ဆုံးကထားကာ ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

ဤသည်က စီးပွားရေးလုပ်ငန်းရှင်များအတွက် အရေးကြီးသလို နိုင်ငံရေးခေါင်းဆောင်များအတွက် ပို၍ပို၍ အရေးကြီးသော စီးပွားရေးအမြင် ဖြစ်ပါသည်။

ငါးပွက်ရာ ငါးစာချ စီးပွားရေး၊ မျက်တောင်မွေ့တစ်ဆုံးလောက်သာ မြင်သည့် စီးပွားရေး၊ လာဘ်ပေးလာဘ်ယူစီးပွားရေး စသည့် အမြင်တို့ဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို ထူထောင်မြှင့်တင်လို့ ရနိုင်မည်မဟုတ်ပါ။

လက်ငင်းကာလတို စီးပွားတိုးတက်ရေးအစီအမံတို့ကြောင့် သစ်တောများပြန်းတီးခဲ့၊ သယံဇာတများ အပြောင်ရှင်းခဲ့သည့် စီးပွားရေးလုပ်ငန်းများ၏ ဆိုးကျိုးပြစ်ဒဏ်များကို ယနေ့ပြည်သူတို့ မည်မျှလောက် ခါးစည်းခံနေရသည်လဲဆိုတာက ထင်းထင်းကြီး ပေါ်လွင်နေသည့် မြင်ကွင်းဖြစ်ပါသည်။

မမျှော်လင့်သော သဘာဝဘေးအန္တရာယ် တစ်စုံတစ်ခုပေါ်လာလျှင် ပြေးစရာရှောင်စရာ ထွက်ပေါက်မရှိ၊ ခေတ္တနားခိုရာ မြေခင်းကွက်လပ်ပင်မရှိအောင် ဖြစ်နေသည့် မြို့ပြရပ်ကွက်များအတွင်းက ထူထပ်ကျပ်တည်းသိပ်သည်းမှုသည် မြန်မာ့ယ်တွင်းနေ ပြည်သူအများစုအတွက် စိုးရိမ်ဖွယ်ရာအတိ ဖြစ်နေသည်မှာ သိသာထင်ရှားလာနေသည့် မြင်ကွင်းဖြစ်ပါသည်။

သည်နေ့ စားဝတ်နေရေးပြေလည်ဖို့က အရေးကြီးသည်ဆိုခြင်းကို အငြင်းပွားရန် မရှိ။ သို့သော် 'ချမ်းသာတာကောင်းသည်၊ ထို့ကြောင့် သည်ကနေ့ ချမ်းသာဖို့က အရေးကြီးဆုံးဖြစ်သည်'ဟု ဆိုသည့် စီးပွားရေးအမြင်မျိုးမှုလောက်ဖြင့်တော့ ရေရှည်အမြော်အမြင်ကြီးသည့် စီးပွားရေးအမြင် ဖြစ်မည်မဟုတ်ပါ။

အနာဂတ် ပြဿနာများကို အမြော်အမြင်ကြီးကြီးနှင့် ကြိုတင်တွက်ဆခြင်းရှိသည့် စီးပွားရေးစီမံကိန်းမျိုးသည်သာ ကြိုဆိုရမည့် စီမံကိန်းဖြစ်ပါမည်။

ထို့ကြောင့် မည်မျှလောက် စီးပွားရေးတိုးတက်ဖွံ့ဖြိုးရန် လိုအပ်နေသည်ဖြစ်စေကာမူ ပြည်တွင်း ပြည်ပတို့မှလာမည့် ရင်းနှီးမြှုပ်နှံမှုများသည် အနာဂတ်အတွက်ပါ တာဝန်သိသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ရန် လိုပါလိမ့်မည်။

ယနေ့ အကောင်အထည်ဖော်နေသည့် စီမံကိန်းတို့က နောင်ဆယ်နှစ်ကြာမှ မွေးဖွားလာမည့် သားသမီးမြေးမြစ် မျိုးဆက်သစ်တို့အတွက် ကောင်းမွေများကိုပေးနိုင်ဖို့ တွေးတောကြံဆထားရန် အထူးလိုအပ်မည် ဖြစ်ပါသည်။

သည်လိုနည်းဖြင့် ရေရှည်အကျိုးစီးပွားကို တွေးရှုကြံဆနိုင်သည့် ရင့်ကျက်သည့် အမြော်အမြင်ကိုသာ ပြည်သူ့အကျိုးကို ရှေးရှုသည့် မှန်ကန်သော စီးပွားရေးအမြင်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။ ။

## မိုင်းရယ်မြို့နယ်၌ ပထမအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူမည်

**မိုင်းရယ် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ်၏ ပထမအကြိမ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းမှ ကြွရောက်လာမည့် သံဃာတော် အပါး ၅၂၀ အတွက် မြို့နယ်အတွင်းမှ စေတနာရှင် အလှူရှင်များ ပါဝင်လောင်းလှူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီး ယခုနှစ်မှစတင်ကာ နောင်အစဉ်အဆက် ကျင်းပသွားနိုင်ရေး ရည်ရွယ်ထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရှင်ခြင်ပြည်နယ်အစိုးရအမှုတို့
ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(သံတွဲမြို့)
၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊ ၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရှင်ခြင်ပြည်နယ်

# အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကေတုမတီခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အမြတမ်းအတွင်းဝန်ဦးခင်မောင်ဝင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်ဦးအောင်တင်စိုး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားရေး၊ စီမံဌာနများမှ ပါမောက္ခ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမြတမ်းအတွင်းဝန်က ယခုသင်တန်းကို အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ မြင့်မားထက်မြက်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခင် ဖွင့်လှစ်ပြီးမြောက်ခဲ့သည့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများတွင် တက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများမှာ ပြည်တွင်း၊ ပြည်ပပို့ချဆရာများနဲ့ အပြန်အလှန် ဆွေးနွေးနိုင်ခဲ့ပြီး မိမိတို့၏ ဝန်ကြီးဌာနများနှင့် နိုင်ငံ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် ယခု သင်တန်းမှ သင်တန်းသား သင်တန်းသူများကလည်း အလားတူ ဆွေးနွေးနိုင်ရန် လေ့လာသင်ယူကြိုးစားကြပါဟု တိုက်တွန်းပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရ၏ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပေးနေသည့် အင်အားစုများ ဖြစ်ပြီး ပြည်သူလူထုအတွက် အခြေခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများလည်း ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအများစုသည် အစိုးရကို ကိုယ်စားပြုသူများ ဖြစ်သောကြောင့် အစိုးရနှင့် ပြည်သူကြား ယုံကြည်မှုတည်ဆောက်ရေးမှာ အခရာကျသူများ ဖြစ်ကြောင်း။

ပြည်သူများကို အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်း၏ စွမ်းအားနှင့် စွမ်းဆောင်ရည်တို့သည် အရေးကြီးသည့်အတွက် စွမ်းအားနှင့် စွမ်းဆောင်ရည်များ အစဉ်တိုးတက်နေစေရန် ပညာသစ်၊ အတွေ့အကြုံသစ်များကို ဆက်လက်လေ့လာသွားကြရန်၊ ပညာသစ် အတွေ့အကြုံသစ်များကို လေ့လာသည့်နေရာတွင် မိမိ၏ ကိုယ်ပိုင်အရည်အသွေး တိုးတက်စေရန်အတွက်သာမက မိမိလက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများ၏ အရည်အသွေးနှင့် စိတ်ဓာတ်များကိုလည်း ပိုမိုတိုးတက်လာစေရန် မြှင့်တင်ပေးနိုင်ရန် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအတွင်းမှာ ကျင့်ဝတ်သိက္ခာနှင့် သမာသမတ်ရှိပြီး အရည်အသွေးပြည့်ဝသည့် စီမံခန့်ခွဲမှုများ ရှိမှသာ ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဘက်လိုက်ခြင်းကင်းစွာ တန်းတူညီမျှ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်မည့် သန့်ရှင်းသောအစိုးရပေါ်ထွန်းလာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ ၁၇ ခုမှ ညွှန်ကြားရေးမှူး အဆင့် သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၄ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများ တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၃**

တာဝေမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်အရှေ့ပိုင်းခရိုင် တာဝေမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းပင်လုံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေက အမှာစကားပြောကြားခဲ့ပြီး မဲရုံအခင်းအကျင်း၊ အပြင်အဆင်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးတို့၏ တာဝန်ဝတ္တရားများနှင့် ဆောင်ရန်ရှောင်ရန် အချက်များ၊ အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရန်ရှောင်ရန်များ၊ ဆောင်ရွက်ရမည့် ပုံစံများအကြောင်း၊ မဲလက်မှတ်များကို ထုပ်ပိုးခြင်း၊ ပုံစံ(၁၆) တွက်ချက်ခြင်းတို့ကို လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့သည်။ ထို့နောက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး ဆရာ ဆရာမများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင် (တာမွေ)**

# ရေ၌ အခြေခံရှေးဦးသူနာပြုစုနည်း သင်တန်းဖွင့်

**ရေး အောက်တိုဘာ ၂၃**

ရေးမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကျောင်းသားကျောင်းသူများ ရှေးဦးသူနာပြုစုနည်းပညာဖြင့် အသက်ကယ်တင်ခြင်း၊ ထိခိုက်ဒဏ်ရာကုသပြုစုခြင်း၊ အရေးပေါ်အသက်ကယ်ခြင်း၊ အများအကျိုးစုပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ အခြေခံ ရှေးဦးသူနာပြုစုနည်းသင်တန်း အမှတ်စဉ် (၁/၂၀၁၈) ကို အောက်တိုဘာ ၂၁ ရက်က ရေးမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၅၀ တို့ တက်ရောက်ခဲ့ပြီး သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကလေးစာပေပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မူဆယ် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ရုံးလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းသန္တာဦး၊ ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူးက ကလေးစာပေပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းစီမံချက်များကို အသေးစိတ်ရှင်းလင်း၍ ခရိုင်ဦးစီးအရာရှိက တက်ရောက်လာသူများအား ကလေးစာပေပွဲတော် ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးပေးရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

- ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အရေးကြီးသည့် မှတ်ကျောက်များထဲမှ တစ်ခုဖြစ်
- နုနယ်သော ဒီမိုကရေစီနိုင်ငံအနေဖြင့် များစွာသောစိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးမှုကို အသိအမှတ်ပြု

✤ ရှေ့ဖုံးမှ

ယနေ့ထက်တိုင် လမ်းညွှန်အဖြစ် တည်ရှိနေပါသည်။ ကုလသမဂ္ဂအနေဖြင့် ၎င်း၏ဖွဲ့စည်းပုံနှင့် လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်းများကို ယနေ့ကမ္ဘာကြီး၏ ပြောင်းလဲလာသော အမှန်တရားများနှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲနိုင်မည်ဆိုပါက ပိုမိုထိရောက်လိမ့်မည် ဖြစ်ပါသည်။

**အသွင်ကူးပြောင်းမှုကို တွန်းအားဖြစ်စေ**

ကုလသမဂ္ဂအဖွဲ့ကြီးသည် ကန့်သတ်ချက်များနှင့် လိုအပ်ချက်များရှိသော်လည်း အရေးကိစ္စများ ကိုင်တွယ်ဖြေရှင်းရာတွင် ကျွန်ုပ်တို့ကမ္ဘာကြီးအား အသွင်ကူးပြောင်းမှုကို တွန်းအားဖြစ်စေသည့် အကောင်းဆုံးဆွေးနွေးနိုင်သည့် နေရာတစ်ခုအဖြစ် အထောက်အကူပြုပေးလျက်ရှိနေပါသည်။ ကျွန်ုပ်တို့အားလုံးအတွက် ပိုမိုကောင်းမွန်၍ ငြိမ်းချမ်းသောကမ္ဘာကြီးဖြစ်စေရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများ၌ ချီးကျူးထိုက်သည့် အထောက်အကူပြုဆောင်ရွက်မှုများကို ပြုလုပ်ပေးလျက်ရှိနေပါသည်။

ကုလသမဂ္ဂသည် ၂၀၃၀ ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (2030 Agenda UN SDGs) ချမှတ်ခြင်းမှတစ်ဆင့် လူသားများအားလုံး၏ စီးပွားရေးနှင့် လူမှုရေးတိုးမြှင့်ရေးတို့တွင် ထူးခြားထင်ရှားသော ဆောင်ရွက်ချက်များ ပြုလုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ ဘက်ပေါင်းစုံပါဝင်ပြီး အသွင်ကူးပြောင်းလျက်ရှိသော စီးပွားရေးဖွံ့ဖြိုးမှုနှင့် လူမှုရေးဖွံ့ဖြိုးမှုတို့အတွက် လမ်းပြမြေပုံတစ်ရပ်အဖြစ် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) တစ်ရပ်အား ချမှတ်ရေးဆွဲထားပြီး ဖြစ်ပါသည်။

**နိုင်ငံကြီးငယ်မရွေး သတိပြုလိုက်နာရန် လိုအပ်**

ယခုနှစ်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆောင်ပုဒ်မှာ "ငြိမ်းချမ်းမျှတပြီး ရေရှည်တည်တံ့သော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်စေရေးအတွက် ကမ္ဘာကိုဦးဆောင်ပေးနိုင်မှုနှင့် တာဝန်များမျှဝေယူမှုရှိသည့် ပြည်သူအားလုံးနှင့်ဆီလျော်သော ကုလသမဂ္ဂဖြစ်စေရေး" ဟူ၍ ဖြစ်ပါသည်။ လူသားအားလုံးနှင့် ကိုက်ညီသော ကုလသမဂ္ဂဖြစ်စေရေးအတွက် နိုင်ငံများအကြား သာတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုကို မြှင့်တင်ရန်ဆိုသည့် ကုလသမဂ္ဂပဋိညာဉ်၏မူဝါဒများကို မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို နိုင်ငံကြီးငယ်မရွေး သတိပြုလိုက်နာရန် လိုအပ်ပါသည်။

ကုလသမဂ္ဂ၏ စံနှုန်းများသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သဟဇာတဖြစ်ရေးတို့ကို မြှင့်တင်သွားရန်နှင့် ဘေးအန္တရာယ်နှင့် ရန်လိုမှုတို့ကို လျှော့ချရန်တို့အတွက် အဖွဲ့ကြီး၏ ချမှတ်ထားသောနည်းလမ်းများကို ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများက လိုအပ်သလို အသုံးချသည့်အပေါ်တွင် မူတည်နေပါသည်။ ဓမ္မမိဠာန်ကျခြင်း၊ သမာသမတ်ကျခြင်း၊ ပညာရှင်ပီသခြင်း၊ အချုပ်အခြာအာဏာအား လေးစားလိုက်နာခြင်းတို့သည် ကုလသမဂ္ဂအဖွဲ့၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် အဓိကသော့ချက်များပင် ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ကူးလူးဆက်ဆံမှုအပေါ် ဆန့်ကျင်မှုကြီးထွားလာခြင်းကို ရင်ဆိုင်နေရသည့် ယခုအချိန်အခါတွင် နိုင်ငံပေါင်းစုံ ဝါဒနှင့် စည်းမျဉ်းများနှင့်ညီသည့် အမိန့်များအပေါ် မိမိတို့၏ယုံကြည်မှုကို ထပ်လောင်းအတည်ပြုလိုပါသည်။ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အရေးကြီးသည့် မှတ်ကျောက်များထဲမှ တစ်ခုဖြစ်ပါသည်။ နုနယ်သော ဒီမိုကရေစီနိုင်ငံအနေဖြင့် များစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း မြန်မာနိုင်ငံအစိုးရသည် ကုလသမဂ္ဂအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးမှုကို အသိအမှတ်ပြုပါသည်။

**မတူညီသောရှုထောင့်များမှ အမြင်များကို ထည့်သွင်းစဉ်းစား**

ယနေ့ကမ္ဘာကြီး၌ အမျိုးသားရေးစိတ်ဓာတ်၊ ဂုဏ်ဂဏာစွဲ မုန်းတီးရေးဝါဒနှင့် စီးပွားရေးမမျှတမှုတို့ မြင့်တက်လာခြင်းများကို ဝမ်းနည်းဖွယ်ရာ မျက်မြင်ကြုံတွေ့ရလျက်ရှိပါသည်။ ယင်းကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရာတွင် အဖွဲ့ဝင်များအားလုံး သို့မဟုတ် လူအဖွဲ့အစည်းများ၏ စိုးရိမ်မှုများကို ထည့်သွင်းစဉ်းစားပြီး ကိစ္စတစ်ခုချင်းစီအပေါ် မတူညီသော ရှုထောင့်များမှ အမြင်များကို ထည့်သွင်းစဉ်းစားသွားရန် လွန်စွာအရေးကြီးပါသည်။ မတူကွဲပြားမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းသည် ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေးကို မြှင့်တင်ရန် အမှန်တကယ်လိုလားသူများ၏ အဓိကရည်မှန်းချက် ဖြစ်သင့်ပါသည်။

ကုလသမဂ္ဂ၏ မင်္ဂလာရှိသော (၇၃) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် မိမိအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်ပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများဆိုင်ရာ မြန်မာနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုကြောင်းနှင့် ကုလသမဂ္ဂ၏ ကြီးမြတ်သော ရည်မှန်းချက်များအား အကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့အနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွပြုလုပ်ရန် ဆန္ဒပြုပါသည်။ ။

# လူ့အခွင့်အရေးနှင့် လူဂုဏ်သိက္ခာကို လေးစားမှုရှိခြင်းသည် ငြိမ်းချမ်းရေးအတွက် အခြေခံကျသော အခြေအနေတစ်ရပ်ဖြစ်

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်**
**ကမ္ဘာ့ကုလသမဂ္ဂနေ့အတွက် ပေးပို့သောသဝဏ်လွှာ**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

"ကမ္ဘာသူကမ္ဘာသား" အပေါင်းတို့၏ မျှော်လင့်ချက်များ၊ အိပ်မက်များနှင့် ရည်မှန်းချက်များကိုဖော်ထုတ်ရန် ရေးဆွဲခဲ့သည့် သမိုင်းဝင်စာတမ်းဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ၏ ပဋိညာဉ်စာချုပ် ပေါ်ပေါက်သည့်နေ့သည် ကမ္ဘာ့ကုလသမဂ္ဂနေ့ ဖြစ်သည်။

ဤစာချုပ်၏ လက်တွေ့အနှစ်သာရကို ဖော်ဆောင်ရန် ကုလသမဂ္ဂတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသား၊ အမျိုးသမီးတိုင်း နေ့စဉ် ကြိုးပမ်းလုပ်ဆောင်ကြသည်။

အခက်အခဲများနှင့် အတားအဆီးများရှိသော်လည်း ကျွန်ုပ်တို့ အားမလျော့ပါ။ အလွန်အမင်းဆင်းရဲမွဲတေမှုများ လျော့ကျနေသော်လည်း ဆင်းရဲချမ်းသာကွာဟမှုကြီးထွားလာနေပါသည်။

သို့သော် ကျွန်ုပ်တို့ အားမလျော့ပါ။ ဆင်းရဲချမ်းသာ ကွာဟမှုလျော့နည်းမှုသာ တစ်ကမ္ဘာလုံးတွင် အခွင့်အလမ်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအတွက် မျှော်လင့်ချက်တိုးမြင့်လာနိုင်ကြောင်း ကျွန်ုပ်တို့ သိနားလည်ကြသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ကျွန်ုပ်တို့ တားဆီးဆောင်ရွက်နိုင်သည်ထက် ပိုမိုမြန်ဆန်နေပါသည်။ သို့သော် ကျွန်ုပ်တို့ အားလျှော့၍မရပါ။ ရာသီဥတုဆိုင်ရာ ရင်ဆိုင်ဆောင်ရွက်ချက်များဖြင့်သာ ဖြေရှင်းနိုင်ကြောင်း ကျွန်ုပ်တို့ သိရှိကြပါသည်။

နေရာများစွာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေပါသည်။ သို့သော် ကျွန်ုပ်တို့ အားလျှော့၍မရပါ။ လူ့အခွင့်အရေးနှင့် လူဂုဏ်သိက္ခာကို လေးစားမှုရှိခြင်းသည် ငြိမ်းချမ်းရေးအတွက် အခြေခံကျသော အခြေအနေတစ်ရပ်ဖြစ်သည်ကို ကျွန်ုပ်တို့ သိနားလည်ကြပါသည်။

ပဋိပက္ခများ ပွားများနေပါသည်။ လူများသည် ဆင်းရဲဒုက္ခကြုံနေရပါသည်။ သို့သော် ကျွန်ုပ်တို့ အားလျှော့၍မရပါ။ အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်းနှင့် ကလေးသူငယ်တိုင်းသည် ငြိမ်းချမ်းသည့်ဘဝနှင့် ထိုက်တန်သည်ကို ကျွန်ုပ်တို့ သိကြပါသည်။

ကုလသမဂ္ဂနေ့တွင် ကျွန်ုပ်တို့၏ သန္ဓေဌာန် ပိုမိုခိုင်မြဲအောင် လုပ်ဆောင်ကြပါစို့။
ကျိုးပဲ့နေသော ယုံကြည်မှုများကို ပြန်လည်ပြုပြင် တည်ဆောက်ကြပါစို့။
ကျွန်ုပ်တို့ကမ္ဘာကြီးကို ကုစားကြပါစို့။
မည်သူမျှ ချန်မထားရန် ကြိုးစားကြပါစို့။
စည်းလုံးညီညွတ်သော နိုင်ငံများဖြစ်သည့်အလျောက် လူတိုင်း၊ လူတိုင်းအတွက် ဂုဏ်သိက္ခာမြင့်တင် ထိန်းသိမ်းကြပါစို့။ ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ပင့်ဆောင်ပူဇော်ကြစဉ်။ ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

❍ ရှေ့ဖုံးမှ

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လားရှိုးမြို့ အေတီ တပ်ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် လှုဒ္ဒယ်ပစ္စည်းများအား ဘန္တေးကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး သပြေညီနောင် အောင်ဇေယျမုနိစေတီတော် ပြုပြင်မွမ်းမံနိုင်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀ အား ဌာနချုပ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာထံ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးတို့က ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှုဒ္ဒယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သြဝါဒါစရိယနောင်ချိုမြို့ ဘန္တေးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တဥတ္တရထံမှ အနုမောဒနာတရား နာယူ၍ လှုဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမှျောပေးဝေကြသည်။

**ပင့်ဆောင်တင်လှူပူဇော်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် သုံးကြိမ် လှည့်လည်ပူဇော်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ထို့နောက် သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များအား ကူညီထောက်ပံ့ပေး

**ပဲခူး အောက်တိုဘာ ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယခုနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကဝနှင့် သနပ်ပင်မြို့နယ်များအတွင်း အောက်တိုဘာ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပြိုလဲခြင်း၊ အမိုးလန်ခြင်းများ တွေ့ကြုံရသည့် ဒေသခံများကို သွားရောက်အားပေးကူညီထောက်ပံ့သည်။

**ပျက်စီးဆုံးရှုံးမှုအခြေအနေများ ဆွေးနွေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ဆွေးနွေးကြသည်။

**မဆိုင်းမတွ ထောက်ပံ့ပေးနိုင်ရန် စီစဉ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကဝမြို့နယ် သက္ကလမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ လေပြင်းတိုက်ခတ်မှုကြုံတွေ့ရသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားရာတွင် လူမှုစီးပွားဘဝကို အဟန့်အတားဖြစ်စေမည့် လူကြောင့်ဖြစ်သော ဘေး၊ သဘာဝကြောင့်ဖြစ်သော ဘေး မည်သည့်ဘေးမျိုးကို ခံစားရသည်ဖြစ်စေ ကူညီထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့်ပူးပေါင်း၍ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုလျော့ပါးရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးကျရောက်ပါက လိုအပ်သောကူညီပံ့ပိုးမှုများကိုလည်း မဆိုင်းမတွ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ဒဏ်ခံစားရမှုများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသဖြင့် ဘေးအန္တရာယ်လျော့ပါးရေး ဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘေးသင့်ပြည်သူများအတွက် အားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ကဝမြို့နယ်အတွင်းရှိ ဘေးသင့်အိမ်ထောင်စု ၁၅၆ စုအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၃၄၈၁၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၇၂၅၇၀၀၀၀၊ သနပ်ပင်မြို့နယ်အတွင်းရှိ ဘေးသင့်အိမ်ထောင်စု ၂၇၄ စုအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၆၅၉၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၉၆၉၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ယင်နောက် ပြည်ထောင်စုဝန်ကြီးသည် သက္ကလကျေးရွာအတွင်း သုံးမြောပူးကလေးမွေးဖွားသည့် မိသားစုတစ်စုကို လူမှုကာကွယ်စောင့်ရှောက်မှုအဖြစ် ငွေကျပ် ငါးသိန်း ထောက်ပံ့ပေးအပ်ရာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**အားပေးစကား ပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သက္ကလစံပြကျေးရွာရှိ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပြိုလဲခြင်း၊ အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သော မိသားစုဝင်များကိုတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး၏ ပဲခူးတိုင်းဒေသကြီးခရီးစဉ်အတွင်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၈၆၄၀၇၇၀၀ ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပဲခူးတိုင်းဒေသကြီး ကဝနှင့် သနပ်ပင်မြို့နယ်များအတွင်းရှိ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (၁၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**ဘားအံ အောက်တိုဘာ ၂၃**

လက်နက်ကိုင်ပဋိပက္ခများ လျော့ကျချစ်စဲစေရန်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထိန်းသိမ်းစောင့်ကြည့်ပေးသည့် ယန္တရားတစ်ခု အကောင်အထည်ဖော်နိုင်ရန်၊ ပဋိပက္ခဒေသများရှိပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန်၊ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ဖွဲ့စည်းထားသည့် ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၈) ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ဘားအံမြို့အမှတ်(၄) ရပ်ကွက် သီရိလမ်းရှိ JMC-S ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် JMC-S (ကရင်) ဥက္ကဋ္ဌ ဗိုလ်ချုပ် မျိုးမိုးအောင်၊ ဒုတိယဥက္ကဋ္ဌ(၁)စောဖောဒိုး၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးစောခရစ္စတိုဖာတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက JMC ဆိုင်ရာ လုပ်ငန်းများအား ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များသည် ဒုတိယဥက္ကဋ္ဌ - ၂ အလုပ်သည်ကျတာဝန်လွှဲပြောင်းထမ်းဆောင်ရေး၊ တိုင်ကြားစာ၊ ကန့်ကွက်စာ၊ အကြောင်းကြားစာများနှင့် ဖြေရှင်းချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများ၊ (၁၇) ကြိမ်မြောက် အစည်းအဝေး၏ အကောင်အထည်ဖော်မှုများ၊ ရပ်ကွက်/ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံ (LCM) ဖွဲ့စည်းခြင်း၊ ရွေးချယ်ခြင်းနှင့် ပတ်သက်၍ ပြုလုပ်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ သုံးစွဲမှုများအား လည်းကောင်း၊ ရုံးပိုင်းဆိုင်ရာ ကိစ္စရပ်များအား လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

JMC-S (ကရင်) အနေဖြင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဖွဲ့စည်းပုံ၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၊ ပြည်သူလူထုနှင့်ပူးတွဲ၍ ဆောင်ရွက်မှုများ၊ လက်ရှိလုပ်ဆောင်နေသည့် လုပ်ငန်းများ၊ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ စောင့်ကြည့်နေသည့်အရာများ၊ မည်သည့်ကျင့်ဝတ်များကို လိုက်နာရန် စောင့်ကြည့်နေသည့်အကြောင်းအရာများကို ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဘုရားသုံးဆူ၊ ကြာအင်းဆိပ်ကြီးမြို့နယ်များရှိ ပြည်သူလူထုများနှင့် ၁၅ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အောက်ခြေအဆင့် တပ်မှူးများအတွက် JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ လေးကြိမ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို နှစ်ကြိမ်၊ စုစုပေါင်း အလုပ်ရုံဆွေးနွေးပွဲ ခြောက်ကြိမ် ကျင်းပခဲ့ကြောင်း၊ JMC-L ကို ဖာပွန်တွင် ဖွဲ့စည်းထားရှိပြီး ဆက်လက်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Link Bridge ကို အများပြည်သူ အသုံးပြုနိုင်ရေးအတွက် အောက်တိုဘာ ၂၂ ရက်တွင် စတင်ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 (Level 4) နှင့် ကားရပ်နားရာနေရာ( ပါကင် B)တို့ကို တိုက်ရိုက်ဆက်သွယ်ထားသည့် Link Bridge ကို အများပြည်သူအသုံးပြုနိုင်ရေးအတွက် အောက်တိုဘာ ၂၂ ရက်က စတင်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

အဆိုပါ Link Bridge ဖွင့်လှစ်လိုက်ခြင်းကြောင့် ခရီးသွားပြည်သူများအနေဖြင့် ကားရပ်နားရာနေရာနှင့် Terminal 1 သို့ ကူးသန်းသွားလာရာတွင် အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သည်။ Link Bridge ဖွင့်လှစ်လိုက်ခြင်းနှင့် အတူ ခရီးသွားပြည်သူများအတွက် နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများနှင့် အခြားသောစိတ်ဝင်စားဖွယ် နိုင်ငံတကာလေဆိပ်ဝန်ဆောင်မှုပေးနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား Yangon Aerodrome Company Limited (YACL) စီမံခန့်ခွဲလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၂၅ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ်အတွင်း ခရီးသည် စုစုပေါင်း ၅ ဒသမ ၉ ၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ရွှေတိဂုံစေတီတော် ဗုဒ္ဓရုပ်ပွားတော်နှင့် စေတီတော်များ လှည့်လည်ပူဇော်ပွဲနှင့် ဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၃

**ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)ဗုဒ္ဓရုပ်ပွားတော် နှင့် လျှပ်စစ်မီးစေတီတော်များ လှည့်လည်ပူဇော်ပွဲနှင့် ဆီမီးထွန်းညှိပူဇော်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။** (ယာပုံ)

### လှည့်လည်ပူဇော်

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှစတင်၍ ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်များပင့်ဆောင်၍ ရောင်စုံမီးပုံးများကိုကိုင်ဆောင်ကာ ရွှေတိဂုံစေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ရာဟုထောင့် အောင်မြေချမ်းသာကြီးတန်ဆောင်း၌ လျှုဒါန်းကြသည်။

ထို့နောက် ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးလာ ပြည်သူများက ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကြပြီး ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ယနေ့သည် သီတင်းကျွတ်လဆန်းအဖိတ်နေ့ဖြစ်သော်လည်း ရွှေတိဂုံစေတီတော်တွင် အလှူဒါနပြုသူများ၊ တရားဘာဝနာအားထုတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

### ဆီမီးများထွန်းညှိ ပူဇော်

ထို့အတူ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် ဆီမီးထွန်းညှိပူဇော်ပွဲကို စေတီတော်ရင်ပြင်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာ ပြည်သူများက သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးရောင်စုံများဖြင့် ဆီမီးများထွန်းညှိပူဇော်ကြသည်။ **သတင်း - ကိုကိုဇော်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# နယ်သာလန်-မြန်မာ သံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့် အထိမ်းအမှတ် ပန်းသဘင်ပွဲတော် ဆင်ယင်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၃**

နယ်သာလန်-မြန်မာသံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ပန်းသဘင်ပွဲတော်ကို ဆင်ယင်ကျင်းပလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နယ်သာလန်-မြန်မာသံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့် အထိမ်းအမှတ် ပန်းသဘင်ပွဲတော်ကို ကြည့်ရှုအားပေးစဉ်။

### သုံးရက်တိုင် ကျင်းပမည်ဖြစ်

အဆိုပါပန်းသဘင်ပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်သူ့ရင်ပြင်အတွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံရုံးမှ စိုက်ပျိုးရေးအရာရှိ မစ္စတာ ဖရေးဒရစ်ဟိုင်းရင့်ခ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ ပန်းသဘင်ပွဲတော်ကို ရန်ကုန်မြို့၌ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ပြောကြား

ဖွင့်ပွဲအခမ်းအနားအပြီး၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က သတင်းမီဒီယာများနှင့်တွေ့ဆုံပြောကြားရာတွင် "နည်းပညာတိုးတက်နေတဲ့ နိုင်ငံကြီးတွေနဲ့ ကျွန်တော်တို့ကြားမှာ မိတ်ဆက်တဲ့သဘောဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်တဲ့ နေရာမှာလည်း သစ်သီးပန်းမန်တွေအားလုံးကို နိုင်ငံတကာအထိ ကျွန်တော်တို့နိုင်ငံက ထုတ်လုပ်နိုင်တယ်ဆိုတဲ့ အဆင့်မျိုးကို သွားချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

### ပြသထား

ပန်းသဘင်ပွဲတော်တွင် နယ်သာလန်-မြန်မာယဉ်ကျေးမှုကို ဖော်ကျူးထားသော မြန်မာအလံနှင့် နယ်သာလန်အလံများ၊ နယ်သာလန် အထိမ်းအမှတ် လူငယ်အမျိုးသမီး၊ အမျိုးသားအရုပ်များ၊ နယ်သာလန်နှင့် မြန်မာတို့ရှိနွားအရုပ်ပုံများနှင့် လှည်းများ၊ ဘုရားကို ပူဇော်နေဟန် ဖော်ကျူးထားသော ဆင်အရုပ်များအပြင် ပွဲတော်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော ကုမ္ပဏီများ၊ ဘဏ်များကို ဖော်ပြထားသော ပန်းအလှပုံများ ၂၄ ပုံကို ပြသထားသည်။

### တေးသံစုံတီးဝိုင်းကြီးဖြင့် ဖျော်ဖြေတင်ဆက်မည်

ထို့ပြင် ပန်းသဘင်ပွဲတော် ပထမနေ့တွင် ညနေ ၄ နာရီမှ ၆ နာရီအထိ ပြည်သူ့ရင်ပြင်တစ်ပတ် ပန်းအလှဆင်ယာဉ်ကြီးများဖြင့် လှည့်လည်ပြသမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း ပြည်သူ့ရင်ပြင်ရှိ ပန်းသဘင်ပွဲတော် ဆင်ယင်ကျင်းပရာ စင်မြင့်၌ ညစဉ် ၇ နာရီမှ ၉ နာရီအထိ မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ဖော်ကျူးသော အနုပညာဖျော်ဖြေမှုများနှင့် ဂန္ဓင်ဝင်ဂီတ တေးသံစုံတီးဝိုင်းကြီးဖြင့် ဖျော်ဖြေ တင်ဆက်မှုများကိုလည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်ကာလအတွင်း ပန်းများအား အလှဆင် ပြသထားရုံသာမက ပန်းအလှဆင်မှုပညာအား ပြသခြင်းနှင့် ပန်းနည်းပညာများ ဝေငှခြင်းတို့ကိုလည်း ပြုလုပ်မည် ဖြစ်သည်။

### ထင်ရှားသောပွဲတော်ကြီးဖြစ်

နယ်သာလန်နိုင်ငံသည် ပန်းစိုက်ပျိုးသောနိုင်ငံဖြစ်ပြီး အမျိုးအစားကောင်းကာ လုပမှုတွင် ကမ္ဘာ့ထိပ်တန်းနေရာကို ရရှိထားသော နိုင်ငံတစ်ခုဖြစ်သည်။ နယ်သာလန်နိုင်ငံတွင် ယခုကဲ့သို့ ပန်းသဘင်ပွဲတော်ကို Bloemencorso ဟု ခေါ်ဆိုကြသည်။ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ စပိန်၊ အီတလီ၊ သြစတြီးယား၊ ဟန်ဂေရီ စသော ဥပရောပ

**ပန်းသဘင်ပွဲတော်၌ ပြသထားသည့် နွားလှည်းယဉ်။**

နိုင်ငံကြီးများသာမက တောင်အမေရိကရှိ ကိုလံဘီယာ၊ မြောက်အမေရိကရှိ အမေရိကန်ပြည်ထောင်စုတို့တွင်လည်း ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ကြလေ့ရှိကြောင်း သိရသည်။ ပန်းများဖြင့် ပုံဖော်ထားသော အရုပ်ကြီးများဖြင့် သဘင်ပွဲ ခင်းကျင်းလှည့်လည်မှုသည် နယ်သာလန်နိုင်ငံ၏ ထင်ရှားသော ပွဲတော်ကြီးဖြစ်ပြီး ကျင်းပခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

### မြန်မာမူပညာရှင်များနှင့် ပူးပေါင်းတင်ဆက်

မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် ကျင်းပသည့် ပန်းသဘင်ပွဲတော်ကြီးတွင် နယ်သာလန်နိုင်ငံမှ ပန်းပညာရှင်များ၊ ပန်းအလှဆင် ပညာရှင်များ၊ ပန်းအလှဆင်အထောက်အပံ့ ပစ္စည်းများ၊ ပန်းသဘင်ပွဲတော်ကျင်းပရန် နည်းစနစ်များနှင့် ပန်းသဘင်ပွဲတော် ကျင်းပရေး အထောက်အပံ့များအား မြန်မာမူပညာရှင်များနှင့် ပူးပေါင်းကာ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ပန်းသဘင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသူများက မိုးရွာသွန်းနေသောကြောင့် ပန်းအလှများ ထိခိုက်ပျက်စီးမည်ကို စိုးရိမ်လျက်ရှိသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - အာကာစိုး**

# ဝါလကင်းလွတ် သီတင်းကျွတ်ပြီ

**မောင်ဆွေမွန်**

**ကြာငါးမည် ကြိုင်သင်းလို့**
**လျှံဝင်းတဲ့ ပြောင်ထိန်**
**ရွှေနန်းတောင် တောင်ဦးမှာ**
**ကွန့်မြူးမြင်းမိုရ်မီး**
**ညီးတဲ့ခါချိန်**
**ရှိခိုးငယ်နှိမ် သုံးကြိမ်စိုပျောင်း**
**သက္ကစ္ဆ ဂါရဝနှင့် စဉ်အလာပူဇော်ပွဲကို**
**နွဲ့ကြပေကောင်း။**

ငယ်စဉ် တန်းမြင့်ကျောင်းထွက် ဖြေဆိုမည့်နှစ်တွင် မြန်မာစာသင်ကြားစဉ်က ကျက်မှတ်ခဲ့ရသော ရှေးစာဆိုဖိုးသူတော်ဦးမင်းရဲ့ရာသီကဗျာပင်ဖြစ်သည်။

**ရက်ရာဇာ မဂ်လာရှိသောနေ့**

သီတင်းကျွတ်လသည် ရာသီအားဖြင့် တူရာသီဖြစ်သည်။ အသေဝနီနက္ခတ်နှင့်ယှဉ်သည်။ ရှေးမြန်မာတို့ အယူအဆအရ ရက်သတ္တတစ်ပတ်ကို တနင်္ဂနွေနေ့မှစ၍ စနေနေ့အထိ ခုနစ်ရက်သတ်မှတ်ထားသည်။ ပြီး ရက်ရာဇာ ပြဿဒါးဟုလည်း ခေါ်သေးသည်။ ရက်ရာဇာကို မဂ်လာရှိသောနေ့ဟု သတ်မှတ်ထားပြီး အင်ဂါနံရုပ်မှာ ခြင်္သေ့ဖြစ်သည်။ ပြဿဒါးရက်ကို နိမိတ်မကောင်းသောရက်ဟု ယူဆထားကြသည်။ ဤအယူအဆအရ "မွေးနေ့သောကြာ၊ တနင်္လာ၊ ကေသာဆံမြတ် မပြုရ" ဟု ဆိုစကားအရ မိမိမွေးနေ့ သောကြာနေ့၊ တနင်္လာနေ့များတွင် ခေါင်းလျှော်ခြင်း၊ ဆံရိတ်ခြင်း မပြုကြသူတွေရှိသည်။ သို့ကြောင့် တနင်္လာနေ့တွင် ဆံပင်ညှပ်ဆိုင်တွေ ပိတ်လေ့ပိတ်ထ ရှိသည်ကိုလည်း တွေ့နိုင်သည်။

သီတင်းကျွတ်လသည် ခရစ်သက္ကရာဇ်အရ အင်္ဂလိပ်လ အောက်တိုဘာလဖြစ်သည်။ ခေတ်ကာလအရ မူလတန်းမှ အလယ်တန်းအထိ ပညာသင်ကြားနေသော ကလေးတို့ စာမေးပွဲဖြေဆိုကြရပြီး ကျောင်းကြီးရက်ရှည်ပိတ်သော လလည်း ဖြစ်သည်။

ရာသီဥတုအရ မိုးရာသီ၏ နောက်ဆုံးလ၊ မြန်မာ့ပြက္ခဒိန်အရ သတ္တမမြောက်လဖြစ်ပြီး မိုးရိပ်တိမ်လိပ်ကင်းပြီး ခြောက်သွေ့စ ပြဿောလဖြစ်၍ ခြေခင်းလက်ခင်းသာယာသော လဖြစ်သည်။ လယ်ယာမြေ၌ ဖူးတုန်း ဖုံးတုန်းလဖြစ်၍ ရွှေဝါရောင်စပါးခင်းနှင့် မြစိမ်းရောင် စပါးခင်းတို့ အလှချင်းပြိုင်လျက်မို့ လယ်မြေတစ်ခွင် အလှခြယ်နေသည်။

သို့သော် ပလ္လင်ဆေးမိုး ရွာသွန်းဖြိုးတတ်သည်လည်းရှိ၍ ရေပါသော မိုးသဲသဲကြီးလည်း ရွာတတ်ပါသည်။ ထိုမိုးကို ငါးဆင်းမိုးဟုလည်း ခေါ်ဆိုတတ်ကြသည်။

**ရာသီပန်းကြာပန်း**

အထက်က အဆိုပြုထားသော ကဗျာအရ ရာသီပန်းမှာ ကြာပန်းဖြစ်သည်။ ကြာမှာ ကြာငါးမျိုးရှိကြောင်း အကြမ်းဖျင်းသိရသည်။ ကြာနီ၊ ကြာညို၊ ကြာဖြူ၊ ကြာခေါင်းလောင်း၊ ကြာတံဆိပ်ဟု အဆိုရှိသည်ကို ကြားဖူးသည်။ သီတင်းကျွတ်လတွင် ကျေးလက်တောရွာရှိ ကန်တချို့မှာ ကြာနီ၊ ကြာဖြူ၊ ပဒုမ္မာကြာတို့ဖြင့် အလှဆင်လျက်ရှိသည်ကို တွေ့နိုင်သည်။ လယ်ကွင်းလယ်စပ် ရေအနည်းငယ်ရှိသော လယ်တချို့မှာ ကြာညို၊ ကြာဖြူအပွင့်ငယ်ကလေးတွေနှင့် တွေ့မြင်ရတတ်ကြသည်။ မိုးကုန်မိုးနှောင်းရာသီဖြစ်ပေမယ့် မိုးဦးမုတ်သုံးကပွင့်ခဲ့ကြသော စံပယ်၊ ပုန်းညက်၊ စကားဝါ၊ ယင်းမာနှင့် ခတ္တာ၊ မြတ်လေးပန်းတို့လည်း ရာသီလက်ကျန်အဖြစ် ရှိချင်လည်း ရှိကြ သေးသည်။

သီတင်းကျွတ်လကို ဝါလကင်းလွတ် သီတင်းကျွတ်ဟု ခေါ်ကြသည်လည်း ရှိသည်။ သီလစောင့်ထိန်းခြင်းမှ ကင်းလွတ်ထမြောက်ခြင်းဟု အဓိပ္ပာယ်ကောက်နိုင်သည်။ ရဟန်းတော်များနှင့် တိုက်ရိုက်ပတ်သက်လျက်ရှိသည်။ မိမိတို့ရဟန်းများသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဣမသ္မိံ ဝိဟာရေ ဣမံတေ မာသံ ဝသံ ဥပေမိ။

မိမိတို့ရဟန်းသံဃာများ သက်ဆိုင်ရာသိမ်တက်၍ ဝန်ခံသီလဆိုနိုင်သော ဝါဆိုပုံဖြစ်သည်။ အဓိပ္ပာယ်မှာ ဤကျောင်းတိုက်မှ ဝါတွင်းသုံးလ သီတင်းဥပုသ်စောင့်တည်ပါမည်။ ညအိပ်ညနေ ဘယ်မှမသွားပါဟု ဝန်ခံကတိပြုခြင်းဖြစ်သည်။

**အဘိဓမ္မာအခါတော်နေ့**

သီတင်းကျွတ်တော့ ရဟန်းတော်များအဖို့ ဝါဆိုဝါကပ်ခြင်းမှ ကင်းလွတ်သွားသည်။ထိုကြောင့် သီတင်း(ဥပုသ်စောင့်ခြင်းမှ) ထကြသည်။ လွတ်လပ်စွာ သီတင်းသုံးနေထိုင်ကြသည်ဟု ဆိုနိုင်သည်။ သီတင်းကျွတ်လပြည့်နေ့မှာ အဘိဓမ္မာအခါတော်နေ့ဟုလည်း ခေါ်ကြသည်။ ထိုနေ့မှာ ရဟန်းတော်များ ပဝါရဏာ ပြုကြရသည်။ ပဝါရဏာပြုခြင်းအဓိပ္ပာယ် ဝါတွင်းသုံးလ ကာလပတ်လုံး အပြစ်ကင်းစင်ပါရဲ့လား။ ချမ်းသာစွာ သီတင်းသုံးခဲ့ကြရပါသလားဟု ထေရ်ကြီး၀ါကြီး ရဟန်းကြီးက စစ်မေးခြင်းဖြစ်သည်။ ထိုသီတင်းကျွတ်လပြည့်နေ့မှာ ထေရ်ကြီး၀ါကြီး ရဟန်းကြီးတစ်ပါးက ပဝါရဏာပြုပုံကို "သံဃာ အာဝုသော၊ ပဝါရေမိ၊ ဒိဋ္ဌေနပါ၊ သုတေနပါ၊ ပရိသင်္ကာယပါ၊ ဝဒတု မံသံယော အနုကမ္ပံ ဥပါဒါယ၊ ဝသန္တော ပရိကသာမိ" ဟု ဆိုရသည်။ ရဟန်းကြီးဆိုပြီးလျှင် သိမ်တက်နေသည့် သံဃာတော်များက သာဓုသုံးကြိမ် ဆိုရသည်။

အထက်ကရဟန်းကြီးဆိုလိုက်သည့် အဓိပ္ပာယ်မှာ "ငါ့ရှင် သံဃာအပေါင်းတို့ ဖိတ်ကြားပါသည်။ သံဃာတော်သည် ဝါတွင်းသုံးလ ကာလပတ်လုံး ကာယကံ၊ ဝစီကံ၊ မနောကံများ ပြစ်မှားကျူးလွန်ခဲ့မှုရှိပါသလား။ ရှိပါက ပြောပါ။ နောက်နောင် ဒီလို မကျူးလွန်မိအောင် အခုကုစားကြရပါမည်။

ထိုအခါ ရဟန်းငယ်များက ဝါစဉ်အလိုက် တစ်ပါးတစ်ပါးစီ ပဝါရဏာဆိုကြရသည်။

**ဆိုပုံမှာ**

သံဃာဘန္တေ၊ ပဝါရေမိ ဒိဋ္ဌေနဝါ၊ သုတေနဝါ၊ ပဋိသင်္ကာ၀ ဒတု မံ သံဃော အနုကမ္ပံ ဥပါဒါယ ဝသန္တော ပရိသရိ သာမိ" ဟု ဆိုကြရသည်။

ဘုရားရှင်လက်ထက်အခါက အခါတစ်ပါး၌ ဤသို့ ပဝါရဏာပြုရာ၌ ဘုရားရှင်က ချစ်သားတို့ ချမ်းသာစွာ ရှိကြရဲ့လားဟု မေးလေရာ ရဟန်းတစ်ပါးက တစ်ပါးနှင့်တစ်ပါး စကားမပြောကြပါဘုရားဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က စကားမပြော မခေါ်မပြောဘဲနေတာ တိရစ္ဆာန်တို့ရဲ့ အကျင့်ယုတ်ပဲ။ တစ်ပါးနှင့်တစ်ပါး သင့်မြတ်အောင်နေကြ" ဟု မိန့်တော်မူပါသည်။

စင်စစ်တော့ သီတင်းကျွတ်လ အဓိပ္ပာယ်မှာ သီလစစ်ဆေးမေးမြန်းခြင်းနှင့် ကုသိုလ်ကောင်းမှုဖြင့် ရတနာမြတ်သုံးပါးနှင့် မိဘ ဘိုးဘွား၊ ဆရာသမားများကို ပူဇော်သက္ကာယပြုကြရသော လမွန်-လမြတ် ဖြစ်ပါသည်။

**မိခင်၏ကျေးဇူးပေးဆပ်**

သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟုလည်း ခေါ်ကြပါသည်။ ဤသို့ခေါ်တွင်သည့် အဓိပ္ပာယ်မှာ မြတ်စွာဘုရား သခင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သား မိခင်ဖြစ်ခဲ့ဖူးသည့် (သန္တုသိတ)နတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ အဘိဓမ္မာတရားရေအေးတိုက်ကျွေးလျက် မိခင်၏ ကျေးဇူးကို ပေးဆပ်တော်မူခဲ့သည်။

သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကန်းဂိုရ်မြို့သို့ ကြွရောက်တော်မူလာသည်ကို နတ်ဗြဟ္မာ အပေါင်းတို့က မီးမြင်းမိုရ်ပွဲပြုလုပ်ဖန်ဆင်း၍ ပူဇော်ကြခြင်းဖြစ်သည်။ ထို့ကြောင့် လူ့ပြည်လူ့ရွာ၌လည်း နတ်ပြည်ရှိ စူဠာမဏိ စေတီတော်ကို ရည်မှန်း၍ ပူဇော်ကြခြင်းဖြစ်သည်။ ဤသို့ ဆီမီးပူဇော်သည့် သီတင်းကျွတ်ပွဲတော်များကို ပင်းယခေတ်၊ အင်းဝခေတ်တို့မှ အစပြုပူဇော်ခဲ့ကြကြောင်း စာဟောင်းပေဟောင်းကျမ်းများ၌ ဖတ်သားမှတ်သားဖူးသည်။ ယနေ့ခေတ်တွင် မီးပုံးပွဲတော်များပင် အပြိုင်ပြုနေကြပြီဖြစ်သော်လည်း ရှေးခေတ်ကလို မြေအိုးခွက်ငယ်လေးများတွင် ဆီထည့်၍ မီးစာမျှင်ကလေးများဖြင့် ဆီမီးထွန်းခဲ့ကြသည့် ဓလေ့မှာ မကွယ်မပျောက်နိုင်သေးချေ။ တချို့တွန်ခိုးကြီးဘုရားစေတီပုထိုးများတွင် အဖွဲ့လိုက် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲများ ခေတ်မီနေပါသေးသည်။

ဒါတင်မဟုတ်၊ သက်ကြီးမိဘ ဆရာသမားကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဆရာကန်တော့ပွဲများ ကလည်း ရှေးအစဉ်အလာမပျက် မြန်မာ့ယဉ်ကျေးမှုအလှပြသနေဆဲပင်။

**မွန်မြတ်သော အဆုံးအမလိုက်နာ**

ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဓလေ့တွင် ရိုသေထိုက်သူကို ရိုသေခြင်းမှာ ဂါရဝမဂ်လာတရားဖြစ်သည်။ တစ်နှစ်တာကာလ ပတ်လုံး မိဘဘိုးဘွား ဆရာသမားအပါအဝင် ခင်ပွန်းကြီးဆယ်ပါးအပေါ် ပြစ်မှားပြောဆိုပြုလုပ်ခဲ့မိပါက ကျေနပ်ပါရန်၊ ခွင့်လွှတ်ပါရန် တောင်းပန်ဝန်ချကြရသည့်ဓလေ့မှာ ကိုယ့်ကိုယ် ကိုယ် နှိမ့်ချဆက်ဆံရသော နိဝါတမဂ်လာတရားပင်ဖြစ်သည်။ မိဘဘိုးဘွား ဆရာသမားတို့၏ ကျေးဇူးဂုဏ်ကို သိတတ်ခြင်းမှာ ကတညုတမဂ်လာကို ရရှိသည်။ ခေတ်ကာလ အခြေအနေအရ လုပ်ကိုင်စားသောက်၍ အဆင်မပြေသော်လည်း လောဘ၊ ဒေါသ၊ မောဟနည်းစေသော ဆရာသမား မိဘဘိုးဘွားတို့၏ မွန်မြတ်သော အဆုံးအမသြဝါဒကို လိုက်နာခြင်းဖြင့် တင်းတိမ်ရောင့်ရဲ ချွေတာတတ်သော သန္တုဋ္ဌိမဂ်လာကို ရရှိသည်။ လောဘနည်းပါးခြင်းဖြင့် မရှုပ်မထွေး လုပ်ကိုင်စားသောက်ကြခြင်း အလေ့အထကောင်းများ ရရှိကြခြင်းကြောင့် အနာကုလာစ ကမ္မန္တနှင့် ပြည့်စုံနိုင်ကြပါပေသည်။

**မီးထွန်းပွဲအလှ လပြည့်ည**

* တာဝတိံသာနတ်နန်းမှ
ကြွမြန်းပြု မြတ်ဗုဒ္ဓါ
လမြတ်ချိန်ခါ။
ဆီမီးထွန်းညီ ပူဇော်ကာ
ကုသိုလ်မဟာပွဲကျင်း။
သီတင်းကျွတ်ရာသီ ခါသမယ
လပြည့်ညခင်း။

* အချင်းချင်း အပြန်အလှန်ပြုပါလို့
ဖိတ်ကြားမှုတို့ ဝတ်နည်းမကွာ
ရဟန်းသံဃာ။
တောင်းပန်တိုက်တွန်း ပဝါရဏာ
ကျင်းပရာ လပြည့်ည။
ဗုဒ္ဓသာသနာရောင်ဝါအဆင်း
ထွန်းလင်းတောက်ပ။

* မိဘ၊ ဆရာများကိုဖြင့်
ဦးချဝပ်တွား လက်ဆယ်ချီ
ကျေးဇူးကိုရည်။
ကုသိုလ်အထူးနဲ့ တို့မြန်ပြည်
ဆောင်းဦးရာသီ ဟေမန္တ။
မီးထွန်းပွဲတော် သီတင်းကျွတ်
ထွတ်မြတ်သည့်လ။

အောင်မြင့်စိုး (ရေစကြို)

> **" ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဓလေ့တွင် ရိုသေထိုက်သူကို ရိုသေခြင်းမှာ ဂါရဝ မဂ်လာတရားဖြစ်သည်။ တစ်နှစ်တာကာလပတ်လုံး မိဘဘိုးဘွား ဆရာသမားအပါအဝင် ခင်ပွန်းကြီးဆယ်ပါးအပေါ် ပြစ်မှားပြောဆိုပြုလုပ်ခဲ့မိပါက ကျေနပ်ပါရန်၊ ခွင့်လွှတ်ပါရန် တောင်းပန်ဝန်ချကြရသည့် ဓလေ့မှာ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချဆက်ဆံရသော နိဝါတမဂ်လာတရားပင်ဖြစ် "**

**ယောအရပ်ဒေသ ရိုးရာဓလေ့ဖြစ်သည့် မီးကြာလှည့်ပွဲ၊ သနပ်ခါးပါးတို့ပွဲများ ကျင်းပနိုင်ရန် မီးအုပ်၊ မီးကြာများ ရေစက်ချလှူဒါန်းပွဲ ကျင်းပ**

**ဆော အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ယောအရပ်ဒေသဖြစ်သည့် ဆော၊ ထီးလင်း၊ ဂန့်ဂေါမြို့နယ်များတွင် ဝါလကင်းလွတ်သည့် အချိန်အခါများ၌ ယောဓလေ့ရိုးရာပွဲတော်အဖြစ် မီးကြာလှည့်ပွဲ၊ သနပ်ခါးပါးတို့ပွဲများ ကျင်းပနိုင်ရန် မီးကြာခွက်များ၊ မီးအုပ်များ ပြုလုပ်ကာ ရေစက်ချလှူဒါန်းပွဲကို ယမန်နေ့ ညက ဂန့်ဂေါခရိုင် ဆောမြို့ ဒကွိဇ္ဈာရာမ ရွှေစေတီကျောင်းတိုက်၌ ကျင်းပသည်။

"မွန်မြတ်လှတဲ့ သီတင်းကျွတ် နေ့ထူးနေ့မြတ်အခါသမယမှာ သီတင်းကျွတ်မီးထွန်းပွဲတော်အဖြစ် မီးကြာလှည့်ပွဲ ကျင်းပနိုင်ရေးအတွက် မီးကြာခွက်၊ မီးအုပ်တွေပြုလုပ်ပြီး ကြိုတင်ရေစက်ချလှူဒါန်းတာပါ။ ပွဲတော်အဖြစ်တော့ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်ကနေ တန်ဆောင်မုန်းလပြည့်နေ့အထိ ရပ်ကွက်၊ ကျေးရွာတွေမှာ အလှည့်ကျ ကျင်းပပါတယ်" ဟု ယောဓလေ့ရိုးရာပွဲ ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောသည်။

အဆိုပါ မီးအုပ်၊ မီးကြာခွက်များ လှူဒါန်းပွဲတွင် မီးကြာဖြစ်မြောက်ရေးကော်မတီဝင်များ၊ လူငယ်မောင်မယ်များက မီးအုပ်မီးကြာ ၁၅၀ ကျော်ကို မြို့တွင်းလမ်းများသို့ အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် လှည့်လည်ကြပြီး ဒကွိဇ္ဈာရာမ ရွှေစေတီကျောင်းတိုက်၌ ရေစက်သွန်းချ လှူဒါန်းကြကာ ဆရာတော်များ ထံမှ တရားတော်များ နာယူခဲ့ကြကြောင်း သိရသည်။

မီးအုပ်၊ မီးကြာခွက်များကို ပွဲတော်ကာလမတိုင်မီ တစ်လခန့်အလိုမှစ၍ နှီးဖြင့် မီးခွက်၊ မီးအုပ်ပုံစံများ ပြုလုပ်ရပြီး မှန်ရောင်စက္ကူ၊ ဆီစိမ်စက္ကူတို့ဖြင့် ဖြည့်စွက်ကပ်လျက်ပြုလုပ်ရကြောင်းနှင့် ပွဲတော်တွင် ပါဝင်ဆင်နွှဲစေလိုသူများကိုလည်း ကြိုတင်ဖိတ်ကြားရကြောင်း သိရသည်။

## တရားဥပဒေစိုးမိုးမှု ခိုင်မာရေး

✤ ကမ္ဘာပေါ်တွင်ရှိသည့် အသွင်ကူးပြောင်းရေးနိုင်ငံများ၏ ဖြစ်စဉ်များကို လေ့လာ သုံးသပ်ချက်အရ တရားဥပဒေစိုးမိုးမှုခိုင်မာအောင်တည်ဆောက်နိုင်ရန် အနည်းဆုံး ပျမ်းမျှ (၁၀) နှစ်အထိ အချိန်ယူ ရကြောင်းတွေ့ရှိရပါသည်။ တိုင်းရင်းသားပြည်သူအားလုံး လုံခြုံအေးချမ်းစိတ်ချမ်းသာစွာနေထိုင်နိုင်ကြရန် တရားဥပဒေစိုးမိုးမှု ခိုင်မာအားကောင်းသည့် လူဘောင်အဖွဲ့အစည်းအတွင်းတွင် နေထိုင်ရှင်သန်နိုင်ရေးသည် အရှိန်အဟုန်မြင့်ပြီး ရေရှည်ကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# ASEAN +Japan အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ASEAN +Japan အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ (အောက်ယာပုံ) မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစား၀န်ကြီးဌာန ဒုတိယ၀န်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်ပြီး အခမ်းအနားတွင် သဘာပတိအဖြစ် ဆောင်ရွက်ကာ အဖွင့်မိန့်ခွန်းပြောကြားသည်။**

အစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ဂျပန်နိုင်ငံ (Japan Sports Agency Specialist, International Affairs Division) မှ Mr.Kumekawa Hirokazuနှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်ကြသူများအားလုံး အာဆီယံအလံကို အလေးပြုကြပြီး အာဆီယံကိုယ်စားလှယ်ကြီးများမှ စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

**အရှိန်အဟုန်မြင့် ဆောင်ရွက်**

ဆက်လက်၍ ဒုတိယ၀န်ကြီးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားရာတွင် ယခု ဂျပန်အာဆီယံ(အားကစား)ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အစီအစဉ်များစွာ ထည့်သွင်းဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ (Japan Sports Agency Specialist, International Affairs Division) မှ Mr. Kumekawa Hirokazu အား ဂျပန်နိုင်ငံအာဆီယံ အားကစားဆိုင်ရာ ပြောဆိုခွင့်ရှိသူအဖြစ် ဖိတ်ခေါ်ပါကြောင်း၊ ဂျပန်နှင့် အာဆီယံအားကစားကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဂျပန်အာဆီယံ ရင်းနှီးချစ်ကြည်ရေးကို ပိုမိုခိုင်မြဲလာမည်ဖြစ်ပါကြောင်း၊ 2020 Tokyo Olympic ပြိုင်ပွဲနှင့် Paralympic ပြိုင်ပွဲတွင် အာဆီယံဒေသတွင်းနိုင်ငံများမှ ပြည်သူများ အထူးသဖြင့် ပိုမိုပါ၀င် ယှဉ်ပြိုင်လာနိုင်မည်ဆိုပါက ဒေသတွင်းရှိ ပြည်သူများ ပိုမိုကျန်းမာကြံ့ခိုင်သော လူနေမှုဘ၀ကို ပိုမိုရရှိမည် ဖြစ်ပါကြောင်း၊ ပြည်သူများပိုမို ပါ၀င်ယှဉ်ပြိုင်နိုင်ရေးအတွက် အာဆီယံနှင့် ဂျပန်နိုင်ငံများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျပန်အာဆီယံနိုင်ငံကြီးများတွင် အားကစားကဏ္ဍ မူ၀ါဒများ၊ လမ်းညွှန်ချက်များ၊ နည်းဗျူဟာများ၊ ဆောင်ရွက်ချက်များ အပြန်အလှန်ဆွေးနွေးခြင်းများ၊ လူသားအကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မြင့်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန်အာဆီယံနိုင်ငံများအကြား အားကစားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ASSC ၏ မူ၀ါဒနှင့်အညီ ၂၀၂၅ ထိ ရည်မှန်းချက်ထား၍ ၂၀၁၆-၂၀၂၀ ထိ လုပ်ငန်းစဉ်များ အသေးစိတ်ချမှတ် ဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် Physical Education Teachers and Coaches လုပ်ငန်းစဉ်များ၊ အားကစားကဏ္ဍတွင် အမျိုးသမီးများ ပိုမိုပါ၀င်လာရေး လုပ်ငန်းစဉ်များ၊ မသန်စွမ်းအားကစားတွင် နည်းစနစ်ပံ့ပိုးမှုဆိုင်ရာ ကိစ္စရပ်များ၊ တားမြစ်ဆေး၀ါးဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းသည် ယခင်နှစ်က ပြုလုပ်ခဲ့သော အာဆီယံ+ဂျပန်နိုင်ငံ ၀န်ကြီးအဆင့် အစည်းအဝေး (AMMS+Japan) ၏ အစည်းအဝေး ဆုံးဖြတ်ချက်၏ တစ်စိတ်တစ်ပိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

**တတ်နိုင်သရွေ့ကူညီ**

ယင်းနောက် ဂျပန်နိုင်ငံမှ Mr. Kumekawa Hirokazu က ယခုကဲ့သို့ ဂျပန် အာဆီယံအားကစားဆိုင်ရာ ကဏ္ဍများ ပိုမိုပူးပေါင်း ဆောင်ရွက်ခြင်းကြောင့် ဂျပန်နှင့် အာဆီယံနိုင်ငံများအကြား ပိုမိုချစ်ကြည်ရင်းနှီးသော အသိုင်းအဝိုင်းတစ်ခုကို ထူထောင်နိုင်ခြင်းဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အာဆီယံ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ပိုမိုထောက်ပံ့ကူညီရန် အဆင်သင့် ရှိပါကြောင်း၊ မကြာမီက အင်ဒိုနီးရှားနိုင်ငံ၌ 18th Asian Games အောင်မြင်စွာ ကျင်းပနိုင်ခြင်းကို ဂုဏ်ယူ၀မ်းမြောက်ပါကြောင်း၊ ထိုပြိုင်ပွဲကျင်းပခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ လူနေမှုဘ၀နှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများ ပိုမိုမြင့်တင်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ 30th SEA Games ကို ကျင်းပတော့မည် ဖြစ်ပါကြောင်း၊ ယင်းပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂျပန်နိုင်ငံမှ တတ်စွမ်းသရွေ့ ကူညီသွားမည် ဖြစ်ပါကြောင်း၊ 2020 Tokyo Olympic ပြိုင်ပွဲကို အာဆီယံဒေသတွင်းရှိနိုင်ငံများ ပိုမိုပါ၀င် ယှဉ်ပြိုင်ကြစေလိုကြောင်းနှင့် ဂျပန်နိုင်ငံမှလည်း တတ်နိုင်သရွေ့ကူညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံး တာ၀န်ရှိသူတစ်ဦးက ၂၀၁၆-၂၀၂၀ ကာလတွင် ဂျပန်+အာဆီယံနိုင်ငံများအကြား အားကစားဆိုင်ရာများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ် (၄)ခုကို ဦးစီးလုပ်ငန်းများ သတ်မှတ်ဆောင်ရွက်နိုင်ရေး ပိုင်း၀နေ်းဆွေးနွေးပေးရန် တင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတွင် တက်ရောက်လာကြသော အဆင့်မြင့်အရာရှိကြီးများက ပိုင်း၀နေ်းဆွေးနွေးကြပြီး ဦးစားပေးလုပ်ငန်းစဉ်အဖြစ် Physical Education Teachers and Coaches လုပ်ငန်းစဉ်များ၊ ဒုတိယဦးစားပေးအဖြစ် အမျိုးသမီးများ အားကစားကဏ္ဍတွင် ပိုမိုပါ၀င်လာစေရေးလုပ်ငန်းများ၊ တတိယဦးစားပေးအဖြစ် မသန်စွမ်းအားကစား၌ နည်းစနစ်၊ နည်းပညာထောက်ပံ့ပေးနိုင်ရေး လုပ်ငန်းစဉ်များ၊ စတုတ္ထဦးစားပေးအဖြစ် တားမြစ်ဆေး၀ါးဆိုင်ရာ လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ခဲ့သည်။

**အချိန်ပိုင်းလာရောက် သင်ကြားပေး**

ဆက်လက်၍ တက်ရောက်လာကြသော အဆင့်မြင့်အရာရှိကြီးများအား ဂျပန်နိုင်ငံမှ ကူညီ၍ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြကြရာ မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ ဂျပန်-မြန်မာ (၂)နိုင်ငံ အားကစားနည်းအလိုက် ပူးတွဲလေ့ကျင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်နိုင်ငံမှ အားကစားနည်းအလိုက် နည်းပြများ ကူညီထောက်ပံ့ရေး အထူးသဖြင့် Physical Fitness၊ GYM ဆိုင်ရာနည်းပြများ ရရှိရေးကိစ္စရပ်များ၊ မသန်စွမ်းအားကစားနည်းတွင် နည်းစနစ်များ ကူညီထောက်ပံ့ပေးနိုင်ရေး ကိစ္စရပ်များ၊ အားကစားနည်းများ အလိုက် ပူးတွဲလေ့ကျင့်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ဖွင့်လှစ်ထားရှိသည့် အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများတွင် အားကစားနည်းအလိုက် နည်းပြများ လာရောက် သင်ကြားပေးနိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ B.Sc (Sports) ကျောင်းသား၊ ကျောင်းသူများတွင် အားကစားနည်းအလိုက် နည်းစနစ် အချိန်ပိုင်း လာရောက်သင်ကြားပေးနိုင်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ အားကစားသမားနည်းပြများအား Scholarship ပေးနိုင်ရေး ကိစ္စရပ်များကို တင်ပြခဲ့ပြီး တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများက မိမိတို့နိုင်ငံ အလိုက် ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သည့် Sports Science Institute လုပ်ငန်းကိစ္စရပ်များ၊ နိုင်ငံအလိုက် အားကစားဆိုင်ရာ သဘောတူညီချက်များ၊ ဂျပန်နိုင်ငံနှင့် MOU လက်မှတ်ရေးထိုးရေး ကိစ္စရပ်များကို အသီးသီးဆွေးနွေးခဲ့ကြရာ ဂျပန်နိုင်ငံမှ Mr. Kumekawa Hirokazu က အပြန်အလှန် ကူညီဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပိုင်း၀နေ်းဆွေးနွေးခဲ့ကြသည်။

**ပိုမိုလှုပ်ရှားပါ၀င်**

မွန်းလွဲပိုင်းတွင် ဂျပန် အာဆီယံ အားကစားဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များမှ အမျိုးသမီးများ အားကစားကဏ္ဍတွင် ပိုမိုလှုပ်ရှားပါ၀င် ဆောင်ရွက်နိုင်ရေး ခေါင်းစဉ်ဖြင့် တက်ရောက်လာကြသော ဂျပန် အာဆီယံ အဆင့်မြင့်အရာရှိကြီးများက ပိုင်း၀နေ်းအထူးပြုဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

❒ *ကျောဖုံးမှ*

အင်းလျားလိတ်ဟိုတယ်၌ ကျင်းပရာ မြန်မာ၊ အီရန်၊ လာအိုအသင်းတို့မှ နည်းပြချုပ်များတက်ရောက်ခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းက "ပထမအဆင့် ခြေစစ်ပွဲ အောင်မြင်ဖို့ အကောင်းဆုံး ပြင်ဆင်နေပါတယ်။ ပါလက်စတိုင်းအသင်းနုတ်ထွက်သွားသောကြောင့် သုံးသင်းတည်း ကျန်တော့ပြီး အမှားခံလို့မရတော့တဲ့အနေအထား ဖြစ်သွားပါတယ်။ နောက်ဆုံးအဆင့်ပြိုင်ပွဲအထိ ယှဉ်ပြိုင်ခွင့်ရဖို့အထိ မျှော်မှန်းထားပြီး ပထမအဆင့်ခြေစစ်ပွဲက ပထမခြေလှမ်းဖြစ်ပါတယ်။ ပြိုင်ဘက်တွေကို မလျှော့တွက်ပါဘူး။ ပွဲတိုင်းကို အာရုံစူးစိုက်မှုအပြည့်နဲ့ ယှဉ်ပြိုင်ကစားမှာပါ"ဟု ပြောသည်။

အီရန်အသင်းနည်းပြချုပ် အာမရီက "ကျွန်မတို့ပါ၀င်တဲ့ အုပ်စုက သုံးသင်းပဲ ရှိတော့တာကြောင့် ခက်ခဲသွားပါပြီ။ နှစ်ပွဲပဲ ကစားရမှာဖြစ်လို့ အမှားလုပ်လို့ မရတော့ပါဘူး။ ဒီအုပ်စုမှာ မြန်မာအသင်းက အကောင်းဆုံးပါ။ အကောင်းဆုံး အုပ်စုဒုတိယနေရာရဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောသည်။

လာအို ယူ-၁၉ အသင်းနည်းပြချုပ် ဗူဗီဆိုင်းက "အခုခြေစစ်ပွဲကို အတွေ့အကြုံရဖို့ လာရောက်ယှဉ်ပြိုင်တာပါ။ မြန်မာနဲ့ အီရန်ကို ယှဉ်ကစားနိုင်ဖို့ မလွယ်ပါဘူး။ အခု ခြေစစ်ပွဲအတွက် သုံးလအချိန်ယူ ပြင်ဆင်ထားပါတယ်။ အခုအသင်းက ကစားသမားကောင်းတွေ ထွက်ပေါ်လာရင်ပဲ ကျေနပ်ရမှာပါ"ဟု ပြောသည်။ ပထမအဆင့်ခြေစစ်ပွဲကို အုပ်စု ခြောက်ခုခွဲ၍ ကျင်းပနေပြီး အောက်တိုဘာ ၂၈ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ ဓာတ်ပုံ-စိုးညွန့်**

**မြန်မာ၊ အီရန်၊ လာအိုအသင်းတို့မှ နည်းပြချုပ်များအား တွေ့ရစဉ်။**

# သီတင်းကျွတ်ပွဲတော်ကာလ ရန်ကုန်မိုးနှင့်အတူ လည်ပတ်သူများ၏ စကားသံများ

**ရန်ကုန် အောက်တိုဘာ ၂၃**

သီတင်းကျွတ်ကာလရုံးပိတ်ရက်အဖြစ် အောက်တိုဘာ ၂၃ ရက်မှစတင်၍သုံးရက်ပိတ်သည့်နည်းတူ စက်ရုံ၊ ကုမ္ပဏီများ အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တာပိတ်သဖြင့် နေရပ်ဒေသသို့ ပြန်သူများ၊ ရန်ကုန်မြို့သို့ လာရောက်သူများနှင့် မြို့ခံပြည်သူတို့ အပန်းဖြေအနားယူသူ၊ အလှူအတန်းပြုသူ၊ ဘုရား၊ စေတီများတွင် ဖူးမြော်သူတို့ဖြင့် စည်ကားလျက်ရှိသော်လည်း ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့တွင် မိုးမပြတ်သောကြောင့် ယခင်နှစ် သီတင်းကျွတ်ရာသီထက် သွားလာမှုနည်းပြီး ရွှေတိုဂုံစေတီတော်မြတ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ သာ စည်ကားလျက်ရှိကြောင်း သိရသည်။

**ပိတ်ရက်မှာကောင်းမှု ကုသိုလ်ယူမယ်**

“စက်ရုံပိတ်ရက်ရွာမပြန်တော့ဘူး။ လက်မှတ်မရတာရယ်၊ ကားခစျေးတက်တာရယ်ကြောင့် ရွာဘုရားပွဲမှာလှူဖို့ငွေပဲ လွှဲပေးလိုက်တယ်။ ၂၆ ရက် စက်ရုံပြန်ဆင်းရမှာဆိုတော့ ပိတ်ရက်မှာ ကောင်းမှုကုသိုလ်ယူမယ်။ လျှောက်လည်မယ်ဆိုပြီး သူငယ်ချင်းတွေစုပြီး လာဖြစ်တာပါ။ လပြည့်နေ့လူများလို့ ဘုရားဖူးရတာ မလွယ်ဘူး။ ဒါကြောင့် အဖိတ်နေ့မှာ အားလုံးစုပြီး ရွှေသက်န်းလှူကြတယ်။ ဒီလိုရက်ရှည်ပိတ်ရက်က ကျွန်မတို့လို စက်ရုံအလုပ်သမားတွေအတွက် စိတ်အေးချမ်းရတဲ့ အချိန်ဆိုရင်လည်း မမှားပါဘူး။ ပိတ်ရက်မှာ မိုးမပြတ်တော့ ကားစီးရတာ၊ သွားရလာရတာ အဆင်မပြေတာဘဲ ရှိပါတယ်။ဘုရားပေါ်ရောက်တော့ အားလုံးပြေပျောက်သွားတာတော့ အမှန်ပဲ” ဟု ရွှေတိုဂုံစေတီတော်အား လာရောက်ဖူးမြော်သည့် ရွှေပြည်သာအထည်ချုပ်စက်ရုံမှ မမိုးသူဇာက ပြောသည်။

အောက်တိုဘာ ၂၁ ရက်ညပိုင်းမှစတင်ရွာသွန်းသော မိုးမှာ ၂၃ ရက်ထိ ဖွဲလိုက်၊ သဲလိုက်၊ စဲလိုက်ဖြင့်ရွာသွန်းလျက်ရှိရာအများပြည်သူရုံးပိတ်ရက်တွင် ကန်တော်ကြီး၊ အင်းလျားကန်၊ ပြည်သူရှင်ပြင်၊ ဦးဥတ္တမပန်းခြံတို့တွင် နေသာသော နေ့ဖြစ်ပါက အထူးစည်ကားနိုင်သော်လည်း ရွှေတိုဂုံစေတီတော်မြတ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင်သာ စည်ကားလျက်ရှိသည်။

“ သမီးတို့ ၂၂ ရက်က စာမေးပွဲပြီးတယ်။ မိုးရွာပေမယ့် ကျောင်းပိတ်ရက်မှာ လာရတာ ပျော်ပါတယ်။ ဆင်မကြီးမိုမိုမွေးနေ့ကို မမီပေမယ့် ဒီနေ့မှာမိုမိုကို အစာကျွေးတယ်၊ ရေဘောလုံးစီးတယ်။ ကျားဖြူလည်း ကြည့်တယ်။ နို့တိုက်သတ္တဝါနဲ့တွားသွားသတ္တဝါပြတိုက်ကိုလည်း လေ့လာတယ်၊အားလုံးထဲမှာ ဝေလငါးအရိုးစုက စိတ်ဝင်စားဆုံးပဲ။ မိုးမရွာရင်ဒီထက်ပိုပြီးလေ့လာမိမှာပါ။ ကျောင်းပိတ်တဲ့ရက်ကတော့ အပျော်ဆုံးပဲ။ ဆင်မကြီးမိုမိုလည်း(၆၅)နှစ်ပြည့်ပြီဆိုတော့ အသက်ရာကျော်ရှည်ပါစေလို့ ဆုတောင်းပါတယ်။ လပြည့်နေ့အတိုး၊ အဘွားတွေကိုကန်တော့မယ်၊ မုန့်ဖိုးတောင်းမယ်”ဟု တောင်ဒဂုံအလက(၅)အဌမတန်းတွင်ပညာသင်ကြားနေသော မယမင်းချိုက ပြောသည်။

**သွားလာရတာပျော်ရွှင်မှုတစ်မျိုးပါပဲ**

မိသားစုလိုက်လာရောက်လည်ပတ်သော မော်ဘီတွင် နေထိုင်သည့် ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သူ ကိုဝဏ္ဏကလည်း “အဖိတ်၊ လပြည့်နှစ်ရက်ပိတ်တဲ့ရက်မှာ မိသားစုလိုက် လည်ပတ်တာပါ။အထူးသဖြင့် ကျောင်းပိတ်ချိန်ကလေးတွေက တီဗီဂွိမ်းပါတဲ့ ဆင်မကြီးမိုမိုကိုကြည့်ချင်တယ်ဆိုတာနဲ့ ရွှေတိုဂုံဘုရားဖူးပြီး တိရစ္ဆာန်ဥယျာဉ်ကိုလာတာပါ။ မိုးရွာပေမယ့် အားလပ်ရက်အချိန်မှာ မိသားစုနဲ့အတူတူ သွားလာရတာပျော်ရွှင်မှုတစ်မျိုးပါပဲ။ သီတင်းကျွတ်ရုံးပိတ်ရက်က မွန်းကျပ်မှုတွေကို ပြေပျောက်စေတာတော့အမှန်ပါပဲ”ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် မိသားစုဖြင့်အပန်းဖြေလာရောက်စဉ် ပြောသည်။

ရွှေတိုဂုံစေတီတော်ရင်ပြင်တော်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည့်နည်းတူ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် လည်းစျေးရောင်းပွဲတော်ဖြင့် မိုးဖွဲဖွဲအောက်တွင် လှုပ်လှုပ်ရှားရှားသွားလာကြလျက်ရှိပြီး ကလေးများအထူးစိတ်ဝင်စားသည့် လက်မှုပညာအရပ်မျိုးစုံပြုလုပ်သော နေရာတွင်လည်း စည်ကားလျက်ရှိသည်။

“ဒီနှစ်သီတင်းကျွတ်အဖိတ်နေ့က မိုးသာမရွာခဲ့ရင်ပိုပြီး ကြိတ်ကြိတ်တိုးမှာပါ။ ကလေးအကြိုက် ပစ္စည်းဆိုတော့ အရောင်းတော့ မကျဘူး။ အချိန်တော့ပေးရတယ်။ စပိုက်ဒါမန်း၊ ပါဝါရိမ်းဂျား၊ ရေသူမ၊ ချိုတာဘီး၊ယူနီကွန်း၊ နဂါး၊ စင်ဒရဲလား၊ ရေသူမ စတဲ့အရုပ် ၁၂ မျိုးပြုလုပ်ပြီး ရောင်းပါတယ်။ ဂျုံနဲ့လုပ်တဲ့အရုပ်ဖြစ်တဲ့အတွက် ကလေးတွေစားမိရင် အန္တရာယ်မရှိတာကြောင့် မိဘတွေကလည်းဝယ်ပေးကြပါတယ်။ တစ်ရုပ်ကို တစ်ထောင်နဲ့ တစ်ရက်ကို အရုပ် ၁၀၀ နီးပါးရောင်းရပါတယ်။ မိုးမရွာရင် ပိုပြီးရောင်းရမှာပါ”ဟု ဆင်မကြီးမိုမို အနီးတွင် ဖွင့်လှစ်ထားသော အရုပ်ဆိုင်မှ ကိုဇော်မိုးက ပြောသည်။

ရန်ကုန်မိုးသည် ယခုနှစ်သီတင်းကျွတ်ပွဲတော်ကာလတွင် မိုးမပြတ်သော်လည်းရုံးပိတ်ရက်ကာလဖြစ်၍ အပန်းဖြေသူများဖြင့် ရန်ကုန်မြို့တွင်းနှင့် အများပြည်သူအပန်းဖြေရာနေရာ တို့တွင် လှုပ်လှုပ်ရှားရှားသွားလာကြလျက်ရှိပြီး အထူးသဖြင့် ရွှေတိုဂုံစေတီတော်မြတ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် အစည်ကားဆုံးဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

# ကော့သောင်း၌ မြန်မာ့ရိုးရာသီတင်းကျွတ်ပွဲတော် နိဗ္ဗာန်စျေးအလှူတော်ပွဲ ကျင်းပ

**ကော့သောင်း အောက်တိုဘာ ၂၃**

မြန်မာ- ထိုင်းနယ်စပ်မြို့တစ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် မြန်မာ့ရိုးရာ သီတင်းကျွတ် စတုဒိသာနိဗ္ဗာန်စျေး အလှူတော်ပွဲကို အောက်တိုဘာ ၂၃ ရက် ညနေပိုင်းက ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ် အများပြည်သူနားနေဆောင် အရှေ့လမ်းတစ်လျှောက် ကျင်းပသည်။ **(အောက်ပုံ)**

စတုဒိသာနိဗ္ဗာန်စျေးအလှူတော်ပွဲကို ကော့သောင်းမြို့ခံ ပရဟိတအဖွဲ့ဖြစ်သည့် ကမ်းနီးအဖြူရောင်ပရဟိတလူငယ်များ၏ စီစဉ်မှုဖြင့် မြိုမိုမြိုဖေစေတနာရှင်၊ အလှူရှင်များက စုပေါင်းလှူဒါန်းကျင်းပခြင်းဖြစ်သည်။

အဆိုပါ စတုဒိသာနိဗ္ဗာန်စျေးအလှူတော်ပွဲတွင် မြို့ခံလူငယ်များက ခေတ်ပေါ် တေးဂီတဖျော်ဖြေပွဲများဖြင့် သီဆိုဇည့်ခံ ဖျော်ဖြေကြကြောင်းနှင့် မြန်မာ့ရိုးရာ မုန့်ပဲသရေစာများ၊ အသင့်စားသုံးနိုင်သည့် စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးလှူဒါန်းကြရာ မြို့နေပြည်သူများ စည်ကားသိုက်မြိုက်စွာ မြန်မာ့ရိုးရာဓလေ့ပွဲတော်ကို လာရောက်ဆင်ခွဲကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဗုဒ္ဓရုပ်ဟွားတော်နှစ်ကျိပ်ရှစ်ဆူ ပေါင်းတည်မြို့တွင်း ဒေသစာရီကြွချီ

**ပေါင်းတည် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရွှေကျောင်းကြီးတိုက်အတွင်းရှိ သက္ကမုနိမိုယ်းကောင်းဘုရားကြီး အာရုံခံတန်ဆောင်းတွင် ယနေ့မွန်းလွဲ ၂ နာရီက တစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ဟွားတော်နှစ်ကျိပ်ရှစ်ဆူအား မြို့တွင်းရပ်ကွက်များသို့ ဒေသခံများအန္တရာယ်ကင်းဝေးစေရန် ဒေသစာရီကြွချီလှည့်လည်အပူဇော်ခံပွဲကျင်းပသည်။

လှည့်လည်အပူဇော်ခံရာတွင် သက္ကမုနိမိုယ်းကောင်းဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘုရားဝေယျာဝစ္စအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက စည်တော်တီးဝိုင်းအဖွဲ့များဖြင့် တီးမှုတ်ကြကာ လိုက်ပါကုသိုလ်ယူဆောင်ရွက်ကြကြောင်း၊ ဒေသစာရီကြွချီရာ လမ်းများတွင် ပန်းခင်းပူဇော်ခြင်း၊ ရွှေမိုး၊ ငွေမိုးများပက်ဖျန်း၍ ပူဇော်ခြင်းနှင့် ပန်းဆီမီးအမွှေးနံ့သာတိုင်များ၊ အလှူငွေများ ထည့်ဝင်လှူဒါန်း၍ ရှိခိုးပူဇော်ကန်တော့ခြင်းနှင့် လမ်းတစ်လျှောက် စားသောက်ဖွယ်ရာမုန့်များ၊ အချိုရည်များလှူဒါန်းခြင်းဖြင့် ဒါနပြုကြကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# မန္တလေးမြို့တွင် ရောင်စုံဆီမီးများ ထွန်းညှိပူဇော်၍ သီတင်းကျွတ်မီးထွန်းပွဲတော်ကို စည်ကားပျော်ရွှင်စွာ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၃**

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် မီးရောင်စုံထွန်းညှိပူဇော်သည့် အထူးခြားဆုံးပွဲတော် တစ်ခုဖြစ်သော သီတင်းကျွတ် မီးထွန်းပွဲတော်ကြီးကို မန္တလေးဒေသခံပြည်သူများ အစဉ်အလာမပျက် စည်ကားပျော်ရွှင်စွာဆင်ခွဲ လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ပွဲတော်အကြိုနေ့ဖြစ်သော သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)တွင် မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ တန်ခိုးကြီးဘုရားများ၊ ဘုရားစေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများအပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအားလိုက်လံဂါရဝပြု ကန်တော့ကြခြင်းများဖြင့် ပွဲတော်၏ပုံရိပ်ကို ပီပြင်စွာထုတ်ဖော်ပြသလျက်ရှိသည်။

ထို့အပြင် ယခုနှစ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်နေ ပြည်သူများ ပွဲတော်ရက်အတွင်း အေးချမ်းပျော်ရွှင်စွာ အပန်းဖြေလည်ပတ်နိုင်စေရန်အတွက် ကျုံးတောင်ဘက်ခြမ်းတစ်လျှောက်တွင် LED မီးသီးများ သွယ်တန်းထွန်းညှိခြင်း၊ သစ်ပင်ကြီးများတွင် မီးရောင်စုံများ ချိတ်ဆွဲတပ်ဆင်ခြင်းနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်ရန် ရောင်စုံမီးဝိုင်းကြီးများ ပြင်ဆင်ထားရှိသည့်အပြင် မနောရမ္မဟစ်တိုင်ကွင်းတွင်လည်း ပထမဆုံးအကြိမ်အဖြစ် မြန်မာ့ရိုးရာ အစားအစာများ၊ မြန်မာ့အပြင်အဆင် အစားအသောက်၊ အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်း၊ သီတင်းကျွတ် ဂါရဝပစ္စည်း၊ လက်ဆောင်ပစ္စည်းများအပြင် တိုင်းရင်းသားအစားအစာများ၊ ထိုင်း၊ ဂျပန်၊ ကိုရီးယားနှင့် အခြားစားချင်စဖွယ် အစားအစာမျိုးစုံဖြင့် တည်ခင်းရောင်းချမည့် Sunset Night Market ကိုလည်း ယနေ့မှစ၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ဖွင့်လှစ်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**အေပီကေ(မန်းကိုယ်ဗွား)**

# မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းစေတီတော်ကြီး ရင်ပြင်တော်တွင် ဆီမီးပူဇော်ပြီး စတုဒိသာကျွေးမွေးဧည့်ခံ

**ရန်ကုန် အောက်တိုဘာ ၂၃**

သီတင်းကျွတ်အဖိတ်နေ့ ယနေ့ညဦးပိုင်းတွင် မိုးလေကင်းလွတ်ပြီးဖြစ်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် တည်ထား ကိုးကွယ်တော်မူသော ရွေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ဆီမီး ၁၁၀၀၀ စုပေါင်းထွန်းညှိပူဇော်ကြကာ ဘုရားဖူးလာပြည်သူများကို ဦးဝင်းဌေး-ဒေါ်မြတ်မြတ်မော်မိသားစုတို့က ဘဲသားဆန်ပြုတ်နှင့် စတုဒိသာ ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

စေတီတော်၏ ဘုရားသုံးဆူ အာရုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓမြတ်စွာဘုရားဓာတ်တော်၊ ရှင်သာရိပုတ္တရာရဟန္တာဓာတ်တော်၊ ရှင်မောဂ္ဂလာန်ရဟန္တာဓာတ်တော်၊ ရှင်သီဝလိရဟန္တာဓာတ်တော်များကို သီတင်းကျွတ်အဖိတ်နေ့မှ စတင်ကာ လပြည့်ကျော် ၁ ရက်အထိ သုံးရက်သုံးညတိုင်တိုင် အများပြည်သူ ဖူးမြော်ကြည်ညိုနိုင် ကြစေခြင်းငှာ ဘုရားကြီး၏ရင်ပြင် အောင်ဓမ္မာရုံကြီးတွင် အပူဇော်ခံထားရှိသည်။

ရဟန်းရှင်လူပြည်သူ အများ လာရောက်ဖူးမြော်ကြစေရန် နှိုးဆော်ထားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

✤ *ကျောဖုံးမှ*

ပွဲတော်နှင့်ပတ်သက်၍ "ဒီဆင်ပွဲတော်ကို နှစ်တိုင်းလာတယ်။ ရိုးရာဒေသပွဲတော်ဖြစ်လို့ စိတ်ထဲမှာလည်း အလွန်ပျော်တယ်။ ဒီနှစ်မှာတော့ တာဝန်ရှိသူတွေက ပြိုင်ပွဲစင်မြင့်ဆောက်ပေးထားတော့ ဆင်အကလာကြည့်သူတွေ အားလုံး ပိုပြီးအဆင်ပြေသွားပါတယ်" ဟု ရေသရောက်ကျေးရွာနေ တောင်သူဒေါ်တင်ဥက ပြောသည်။

ယခုနှစ် ဆင်ပြိုင်ပွဲတွင် ဆင်အစီးရေစုစုပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ရိုးရာပထမဆုအား ငွေကျပ် ၁၂ သိန်း၊ ဘော်ကြယ်ပထမဆုအား ငွေကျပ် ၁၀ သိန်း၊ ကလေးဆင် ပထမဆုအား ငွေကျပ် ခြောက်သိန်း၊ ရိုးရာတီထွင် ဆန်းသစ်မှုအကောင်းဆုံးဆင်အား ဆုငွေကျပ် ငါးသိန်းနှင့် ဆိုင်ကယ်အသစ်တစ်စီးစီ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင် (ပြန်/ဆက်)**

**သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက် သီတာရေမြောင်းကြီးလမ်းမိသားစု၏ သီတင်းကျွတ်ပွဲတော်တွင် အောင်ချမ်းသာရပ်ကွက် ခေမာရာမ သီလရှင်စာသင်တိုက်နှင့် ပညာရေးကျောင်းမှ ဆရာကြီး၊ ဆရာလေးအပါး ၁၁၀ တို့အား အောက်တိုဘာ ၂၃ ရက်ညနေက ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။**

သန်းဝင်း (သန်လျင်)

# ဆွာချောင်းတစ်လျှောက် သဲဖုံးလွှမ်းမှုပမာဏများပြားလွန်း၍ သဲနုန်းဖော်သည့်လုပ်ငန်း နွေရာသီအထိရှည်ကြာနိုင်ဟုဆို

**ရေတာရှည် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတစ်လျှောက်တွင် သြဂုတ် ၂၉ ရက် နံနက်ပိုင်းက ဆွာချောင်းတမံပင်မရေပိုလွှဲကျိုးပေါက်ရာမှ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီးနောက် သဲဖုံးလွှမ်းပမာဏမှာ အလွန်ထူထပ်များပြားလွန်းသည့် အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅) နေပြည်တော်မှ ဒိုဇာ၊ ဘက်ဟိုး၊ မြေသယ်ယာဉ်များဖြင့်လည်းကောင်း၊ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနအောက်ရှိ မြို့နယ်အသီးသီးမှစုဖွဲ့ထားသော ထွန်စက်များ၊ မီနီဘက်ဟိုးများဖြင့် စက်တင်ဘာ ၁ ရက်၌ သဲနုန်းဖော်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးက ပြောသည်။

သဲများဖုံးလွှမ်း၍ ဆုံးရှုံးပျက်စီးသွားခဲ့ရသော တောင်သူများ၏ မိုးစပါးစိုက်ခင်းများအား ရာသီချိန်အမီ ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဌာနများက အမြန်ဆုံးပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများက ကိုယ်တိုင်လာရောက်ကြည့်ရှုၗ၍ လိုအပ်သည်များကို မှာကြားခဲ့ခြင်းဖြစ်သည့်အားလျော်စွာ ယနေ့တိုင် ဝန်ထမ်းများအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့နေရခြင်းဖြစ်သည်။ ထို့သို့ ဆောင်ရွက်ကြရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုသည် လုပ်ငန်းများ ပြီးမြောက်ရေးအတွက် အထောက်အကူပြုသကဲ့သို့ အခက်အခဲများစွာဖြင့် ဆောင်ရွက်နေကြရသည်ကိုလည်း သိရှိခဲ့ရသည်။

"ဒေသခံတောင်သူတွေကို ကျွန်တော်တို့လုပ်ပေးတာတွေ လာကြည့်ကြပါ။ စိတ်တိုင်းမကျမချင်း လုပ်ပေးပါတယ်။ ရပြီဆိုပြီး စက်တွေ့ရှေ့သွားကာမှ အဆင်မပြေဘူး။ ပြန်လုပ်ပေးပါဦးဆိုတော့ တစ်ခါပြန်လာလုပ်ပေးရတာတွေ ရှိပါတယ်။ သဲထုတွေက အချို့နေရာတွေမှာ ငါးပေ၊ ခြောက်ပေလောက်အထိထူတော့ အပြန်ပြန်အလှန်လှန် စက်အားနဲပြန်လုပ်ပေးနေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ မြေပြုပြင်ပြီးသော တောင်သူများအနေဖြင့် ၎င်းတို့ကိုယ်တိုင်စိုက်ပျိုးလိုသည့် ဖရဲ၊ ပဲလွန်းဖြူ၊ မြေပဲအစရှိသည်တို့ကို စိုက်ပျိုးပြီး စိုက်ပျိုးနေကြဆဲဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အပိုင်းမှ တတ်စွမ်းသရွေ့ကြိုးပမ်းဆောင်ရွက်ပေးနေရာတွင် ဒေသခံတောင်သူများအနေဖြင့် ပိုင်းဝန်းပူးပေါင်းကူညီခြင်းဖြင့် လုပ်ငန်းများ အမြန်ဆုံး ပြီးစီးနိုင်မည်လည်း ဖြစ်သည်။

**သန်းလွင်**

# သီတင်းကျွတ်ပွဲတော်ကာလ ရထားစီးခရီးသွား အထူးများပြား

**ရန်ကုန် အောက်တိုဘာ ၂၃**

ယခုနှစ် သီတင်းကျွတ်ကာလ ရုံးပိတ်ရက်တွင် ရထားစီးသူ များပြားသည့်အတွက် အောက်တိုဘာ ၂၀ ရက်မှစတင် ၍ ရန်ကုန်ဘူတာကြီးတွင် ရထားတွဲဆိုင်းများတိုးချဲ့၍ ပြေးဆွဲလျက်ရှိရာ စီးနင်းသူ အထူးများပြားလျက်ရှိကြောင်း သိရသည်။

"သီတင်းကျွတ်ကာလမှာ စီးနင်းတဲ့ခရီးသည်က မနှစ်ကထက် ပိုများပါတယ်။ ခရီးသည်တွေ စီးနင်းရာမှာ အန္တရာယ်မဖြစ်အောင် ဆောင်ရွက်နေပါတယ်။ ဒီရက်မှာ မဖြစ်မနေစီးကြတဲ့အတွက် ခုံမဲ့ ၁၀ ဦးကနေ ၂၀ အထိ လူဦးရေကန့်သတ်ပြီး ရောင်းပေးပါတယ်။ ပုဂံရထားက တစ်စင်းတည်းရှိတဲ့အတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်။ ရထား ၁၂ စင်းနဲ့ RBE ရထားနှစ်စင်း (ခေါက်တို)နဲ့ ရန်ကုန်ကနေ ပြေးဆွဲနေတာပါ။ နေပြည်တော်က (၃၁)အစုန်၊ (၃၂)အဆန်၊ အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန်နှစ်စင်း ပြေးဆွဲပါတယ်။ သီတင်းကျွတ်ကာလမှာ နေပြည်တော်က အထူးရထားရောက်ပြီဖြစ်တဲ့အတွက် အဆန်အထူးရထားအဖြစ် မန္တလေးကို ညနေ ၆ နာရီမှာ ဆက်ထွက်ပေးမှာပါ။ လက်မှတ်လည်း ကုန်ပါပြီ"ဟု ရန်ကုန်ဘူတာကြီးမှ ရုံးပိုင်ချုပ် ဦးသောင်းထိုက်က ပြောကြားသည်။

အောက်တိုဘာ ၂၀ ရက်မှစ၍ ရထားစီးခရီးသွားအထူးများပြားခဲ့ရာ တစ်နေ့လျှင် ခရီးသည်ခုနစ်ထောင်ကျော် စီးနင်းလျက်ရှိပြီး သီတင်းကျွတ်ကာလမတိုင်မီ တစ်နေ့လျှင် လေးထောင်ကျော်စီးနင်းမှုရှိကာ ရက်ကြီးအခါကြီးများတွင် အများပြည်သူခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန် ရထားတွဲဆိုင်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းဖြင့် အများပြည်သူ ခရီးသွားလာမှုပို၍ အဆင်ပြေစေမည်ဟု သိရသည်။

သီတင်းကျွတ်ကာလ ကားလက်မှတ်မရခြင်း၊ ဓာတ်ဆီစျေးမကျ၍ လက်မှတ်ခစျေးတက်ခြင်းတို့ကို ခရီးသွားပြည်သူများ ကြုံတွေ့ရလျက်ရှိပြီး ရထားလက်မှတ် ခ စျေးနှုန်း မြင့်တက်ခြင်း မရှိသောကြောင့် စီးနင်းမှု ယခုနှစ်ပိုမိုများပြားလာခြင်းဖြစ်သည်။ ခရီးသွားများအဆင်ပြေချောမွေ့စေရန် ရထားတွဲဆိုင်း လိုအပ်ချက်များ ရှိနေသော်လည်း ပွဲတော်ကာလတွင် တွဲဆိုင်းများ တိုးချဲ့ခြင်း၊ ထိုင်ခုံမဲ့လက်မှတ်များ ရောင်းချပေးခြင်းနှင့် အထူးရထားပြေးဆွဲခြင်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ လာမည့် သင်္ကြန်ရုံးပိတ်ရက်ကာလတွင်လည်း အစုန်၊ အဆန် အထူးရထားလေးစင်းအထိ ပြေးဆွဲရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ သီတင်းကျွတ်ကာလရထားစီးခရီးသွား အထူးများပြားလျက်ရှိကာမန္တလေး၊ နေပြည်တော်သို့ အထူးရထားပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မောင်တောဒေသ၌ အဝေးသင်တက္ကသိုလ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်

**မောင်တော အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ပညာသင်ကြားခွင့် အခက်အခဲရှိနေသည့် ကျောင်းသားကျောင်းသူများကို ပညာရေးဝန်ကြီးဌာနမှ အဝေးသင်တက္ကသိုလ် မောင်တောဌာနခွဲဖွင့်လှစ်၍ ယခုနှစ် ပညာသင်နှစ်မှစတင်ပြီး သင်ကြားလျက်ရှိကြောင်း အဆင့်မြင့်ပညာဦးစီးဌာန (မောင်တောဌာနခွဲ)မှ သိရသည်။

"အခုနှစ်မှာ စစ်တွေတက္ကသိုလ်ကနေ ဘူးသီးတောင်နဲ့ မောင်တောဌာနခွဲတွေ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ ရုံးဝန်ထမ်းတွေက ရခိုင်၊ ကမန်တိုင်းရင်းသားတွေနဲ့ အစ္စလာမ်ဘာသာဝင်တွေ၊ ဟိန္ဒူဘာသာဝင်တွေ တက္ကသိုလ်ပညာသင်ကြားနိုင်ရေးအတွက် စာရင်းကောက်ယူမှုတွေ ပြုလုပ်နေပါတယ်။ နိုဝင်ဘာ ၅ ရက်ကနေ ၁၄ ရက်အထိ အနီးကပ်သင်တန်းတွေကို သင်ကြားပေးမှာ ဖြစ်ပါတယ်။ မောင်တောမှာ အခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားပေးတာ ဖြစ်ပါတယ်။ ဘူးသီးတောင်မှာ ၂၀၁၂ ခုနှစ်ကတည်းက သင်ကြားပေးခဲ့တာ ဖြစ်ပါတယ်။ အခုဖွင့်လှစ်မယ့် အနီးကပ်သင်တန်းကို ဘူးသီးတောင်က ကျောင်းသား ၂၃၆ ဦးနဲ့ မောင်တောက ၇၂ ဦး တက်ရောက်ကြမှာ ဖြစ်ပြီး မြန်မာစာနဲ့ သမိုင်းအထူးပြုတွေ ဖြစ်ပါတယ်။ ဆရာဆရာမက ဘူးသီးတောင်မှာ ၁၃ ဦး၊ မောင်တောမှာ ရှစ်ဦးနဲ့လာရောက် သင်ကြားပေးမှာဖြစ်ပါတယ်။ စစ်တွေတက္ကသိုလ်မှာ ကျောင်းသားကျောင်းသူ တစ်သောင်းခန့်ရှိတဲ့အတွက် စစ်တွေတက္ကသိုလ်က ဆရာဆရာမတွေ သင်ကြားရေးမလုံလောက်တာကြောင့် အဆင့်မြင့် ပညာဦးစီးဌာနမှ ရန်ကုန်အနီးဝန်းကျင် တက္ကသိုလ်တွေက ဆရာ ဆရာမတွေကို ခေါ်ယူပြီး ဘူးသီးတောင်နဲ့ မောင်တောကို စေလွှတ်သင်ကြားပေးမှာ ဖြစ်ပါတယ်။ အခုမောင်တောဒေသကို သွားရောက်ကြမယ့် ဆရာ ဆရာမတွေ အခက်အခဲမရှိ သင်ကြားနိုင်ဖို့အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတွေက ကူညီပေးပါတယ်" ဟု စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းထွဋ်လွင်က ပြောကြားသည်။

မောင်တော၌ ပညာသင်ယူနေသည့်ကျောင်းသူတစ်ဦးကို တွေ့ရစဉ်။

မောင်တောခရိုင် ပညာရေးမှူးရုံးကို တွေ့ရစဉ်။

ယခုနှစ် အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းသို့ မောင်တောဌာနခွဲတွင် ကျောင်းသားကျောင်းသူ ၇၂ ဦးနှင့် ဘူးသီးတောင်ဌာနခွဲတွင် ကျောင်းသားကျောင်းသူ ၂၃၆ ဦးတို့ တက်ရောက်ကြမည့်အပြင် ရန်ကုန်မြို့အနီးဝန်းကျင် တက္ကသိုလ်များမှ ဆရာဆရာမ ၂၁ ဦးကလည်း လာရောက်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ကျော်သူဝင်း၊ အောင်ကျော်ဦး**

# မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၃**

မောင်တောမြို့နယ် နယ်မြေ(၁)အောင်သပြေနယ်မြေရုံးကွပ်ကဲမှုအောက်မှတိုင်(၅၀) ရဲကင်းစခန်းမှ ဒုရဲအုပ် အောင်ကျော်စိုးဦးစီးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၁၁) BGB တပ်ရင်း Lembuchari ကင်းစခန်းမှ Subedar Md. Mahamud Hossain ဦးစီးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်မှ ၁၁ နာရီ ၂၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၄၉ မှ ၅၀ အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# သံတွဲခရိုင် ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ခွဲစိတ်ဆေးကုသပေး

**သံတွဲ အောက်တိုဘာ ၂၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ယနေ့နံနက်ပိုင်းမှ စတင်ကာ သုံးရက်တိုင်တိုင် အခမဲ့ခွဲစိတ်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ကုသရေးအဖွဲ့တွင် ရန်ကုန်မြို့မှ ဆေး(၁)၊ဆေး(၂)က သမားတော်ကြီးများ၊ ပါမောက္ခ ဆရာဝန်ကြီးများ၊ အထူးကုများ၊ ဌာနမှူးများ၊ ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့ ၃၀ နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ကျန်းမာရေးဦးစီးဌာနမှ ၃၀ စုစုပေါင်း ၆၀ တို့က နှလုံး၊ သားဖွားမီးယပ်၊ ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ အရိုးအထူးကု၊ နာ၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ၊ ဦးနှောက်အာရုံကြောနှင့် စိတ်ရောဂါနှင့် အရေပြားရောဂါများကို အခမဲ့ကုသပေးလျက်ရှိသည်။

"ဆေးကုသရာတွင် ဆေးပါးနှင့်ဆေးပစ္စည်းများကို ရခိုင်ပြည်နယ်အစိုးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လာရောက်ဆေးကုသမှုခံယူသူ ၁၅၀၀ ကို ကုသပေးသွားမည် ဖြစ်ပါကြောင်း၊ ဆေးကုသခံယူရန်အတွက် လာရောက်သည့် ဒေသခံများကို ဇီးကျွန်းသား ဆောက်လုပ်ရေး ကုမ္ပဏီက နေ့လယ်စာဖြင့် လှူဒါန်းကျွေးမွေးလျက်ရှိကြောင်း" သံတွဲခရိုင် ပြည်သူ့ဆေးရုံအုပ်ဒေါက်တာကျော်နိုင်ဝင်းက ပြောကြားသည်။

အဆိုပါဆေးကုသရာနေရာသို့ ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာကဆေးကုသခံယူရန်လာရောက်ကြသော ဒေသခံပြည်သူများကို လိုက်လံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**
**ဓာတ်ပုံ - အောင်နိုင်(ပြန်/ဆက်)**

# တွံတေးမြို့နယ်တွင် ကမ်းပါးပြိုကျမှုကြောင့် ပြိုကျသွားသော ကျေးလက်ရွာလယ်လမ်းကို ဝါးတံတားဖြင့် အစားထိုးပြုပြင်

**တွံတေး အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရေကျော်ကျေးရွာအုပ်စုအပြင်ရေကျော်ကျေးရွာ၌ တိုးမြစ်နှင့် ရေကျော်ချောင်း တိုက်စားမှုကြောင့် ကျေးလက်ရွာလယ်လမ်း ပြိုကျပျက်စီးခဲ့သဖြင့် ဒေသခံများ သွားလာရလွယ်ကူစေရန်နှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာနှင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ကျေးရွာပြည်သူလူထုနှင့် အလှူရှင်များစုပေါင်း၍ ကမ်းပါးပြိုကျရာတွင် ပါဝင်သွားသော ကျေးလက်ရွာလယ်လမ်းကို အရှည်ပေ ၂၀၀၊ အကျယ်လေးပေရှိဝါးတံတားဖြင့် အစားထိုးပြုပြင် ဆောင်ရွက်နေကြောင်း သိရသည်။

**ကမ်းပါးပြိုကျမှုများဖြစ်ပွား**

အဆိုပါကျေးရွာသည် တိုးမြစ်နှင့် ရေကျော်ချောင်းတို့ ဆုံရာတွင်ရှိသဖြင့် ရေစွယ်ထိုးမှုကြောင့် ကမ်းပါးပြိုကျမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျေးရွာဒေသခံတစ်ဦးက " ကျွန်တော်တို့ရွာက ၂၀၀၈ ခုနှစ်တုန်းက မုန်တိုင်းဒဏ်ခံခဲ့ရပြီး ရေလှိုင်းတိုက်စားမှုကြောင့်လည်း ကမ်းပါးပြိုကျခဲ့ရတယ်။ ပြန်လည်ပြုပြင်ထားသော်လည်း မြစ်ရေနဲ့ချောင်းရေတိုက်စားမှုကြောင့် ရွာလမ်းပါ ပြိုကျခဲ့ရတဲ့အတွက် အခုဝါးတံတားအစားထိုး တည်ဆောက်နေတာပါ"ဟု ဒေသခံတစ်ဦးက ပြောသည်။

**မျိုးလှိုင်(တွံတေး)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၂၄. ၁၀. ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၅ - ပိဋ္ဌကတ်သုံးပုံနှင့် တိပိဋ္ဌက ဓရတိပိဋ္ဌကကောဝိဒဘွဲ့ (၁၄) ပါး(အချုပ်)
- ၇း၀၀ - Breakfast News
- ၇း၃၅ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဓမ္မရောင်ခြည်ကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋ္ဌက ဓရ ဘဒ္ဒန္တအဂ္ဂဓမ္မဟောကြား တော်မူသော "အဘိဓမ္မာ အခါတော်နေ့တရားတော်"
- ၉း၀၀ - မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိသရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် သွပ်မိုး ပရိယတ္တိစာသင်တိုက်၊ ပျော်ဘွယ်မြို့ မန္တလေး တိုင်းဒေသကြီးထံမှ နဝင်္ဂ ဥပေါသထသီလ ခံယူ ဆောက်တည်ခြင်း
- ၁၀း၁၅ - "ဆီမီးပူဇော်သီတင်းကျွတ် မီးထွန်းပွဲတော်"
- ၁၂း၃၅ - တိပိဋ္ဌကဓရ၊ တိပိဋ္ဌက ကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုနဒ္ဒ၏ "မြတ်ဘုရား ထံမှ ချမ်းသာရ"တရားတော်
- ၁၃း၃၀ - "မြတ်ဗုဒ္ဓသာသနာကြည်စင် ထွန်းလင်းစွာ"

**ညပိုင်း**

- ၁၇း၀၅ - "နွဲ့စို့တူပျော် မီးမြင်းမိုရ် ပွဲတော်"
- ၁၇း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကြေးကြီးတယ်"
- ၁၇း၃၅ - MRTV Travelogue
- ၁၈း၂၅ - " သီတဂူဆရာတော်ကြီး၏ အဘိဓမ္မာအခါတော်နေ့ တရားတော်"
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၁၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "၂၀၁၈ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲ၊ နိုင်ငံရေး ပါတီများ၏ ဟောပြောချက်" (ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေး ပါတီ)
- "စမ်းချောင်းဆစ်ကွန်၊ ဆစ်ကွန်စမ်းချောင်း" (အပိုင်း- ၁၄)
- "စမ်းချောင်း၊ ချွေးထွက်၊ အအေးပတ်"
- သုခုမရင်ခွင် အငြိမ့်သဘင် "သရီးစတားအငြိမ့်အဖွဲ့"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၃၄)(ဇာတ်သိမ်း)

# ထန်းတပင်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တော်လတဲ့မြစ်ကမ်းပါးပြိုကျမှုဖြစ်

**ထန်းတပင် အောက်တိုဘာ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တော်လတဲ့ကျေးရွာအုပ်စု တော်လတဲ့ကျေးရွာ မြစ်ကမ်းပါးသည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အလျားပေ ၁၈၀ နီးပါးနှင့် အနက် ၁၄ ပေအထိ မြစ်ကမ်းပါးပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းပါးသည် ဘောလည်မြစ်နှင့် လှိုင်မြစ်တို့ဆုံရာ ကမ်းဘေးတွင် တည်ရှိပြီး တော်လတဲ့ကျေးရွာနှင့် ညောင်ပိုင်းကျေးရွာတို့တွင် မြစ်ရေတိုက်စားမှုများကြောင့် မြစ်ကမ်းပါးပြိုကျခြင်းကို နှစ်စဉ်ကြုံတွေ့နေရကြောင်း၊ အောက်တိုဘာ ၂၁ ရက် ညပိုင်းမှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အောက်တိုဘာ ၂၂ ရက်တွင် မြစ်ကမ်းပါးပြိုကျမှု ထပ်မံဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရတနာဘုဇိမာန်ကျောင်းတိုက် ဘုရားစေတီအခြေနားအထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် မြစ်ကမ်းပါးပြိုကျရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပူးပေါင်း၍ ကမ်းပြိုကျသည့်နေရာကို မျှောတိုင်များရိုက်ကာ မြစ်ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ယာပုံ)

ဇင်မင်းထိုက်(မြန်/ဆက်)

# ကော့သောင်း၊ အလုံနှင့် လောက်ကိုင်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၂ ရက် ည ၇ နာရီ ၁၅ မိနစ်က ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ဆင်ဖြူရှင်လမ်းတွင် ဆိုင်ကယ်နှင့်အတူ တွေ့ရှိသည့် ထက်ဦး ကို ရှာဖွေရာ ဆိုင်ကယ်ရေကာဘာ အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၅ ပြားနှင့် ဖုန်းတစ်လုံးတို့ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီတွင် ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် တပင်ရှေ့ထီးလမ်ဦးလုမြင့်+ဒေါ်ချိုပိုင် တန်းလျား အခန်း အမှတ်(၄)နေ စည်သူကျော်၏ အခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်း၏ အိပ်ရာခေါင်းရင်းနံဘေးတွင် ချိတ်ထားသည့် ပလတ်စတစ်အိတ်နှင့် ဘေးလွယ်အိတ်အတွင်းတို့မှ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၈၀၀၊ မြန်မာငွေကျပ် ၁၇ ဒသမ ၁ သိန်းနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၇ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၄၃) ရန်ကုန်တောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အလုံမြို့နယ် ဗဟိုလမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ စားသောက်ဆိုင် ကားပါကင်အနီးတွင် တွေ့ရှိသူ မျိုးခန့်ကိုကို အား ရှာဖွေရာ ၎င်း၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၇ ပြားနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲက တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့အမှတ်(၂)ရပ်ကွက် စီအောလမ်းနှင့် မင်ဆူလမ်းသွယ်(၂)ထောင့်တွင် တွေ့ရှိသူ လီဝိန်ပင်းနှင့် လီကော်မြင်တို့ကို ရှာဖွေရာ ၎င်းတို့ကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ၏ ပိုင်ရှင်ဖြစ်သူ ရန်ကော်ကျင်းကို လောက်ကိုင်မြို့ ထန်ရိပ် KTV တွင် ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုရားသုံးဆူနယ်စပ်မြို့သို့ လာရောက်တိမ်းရှောင်နေသည့် တရားခံပြေးတစ်ဦးကို ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးရမိ

ဘုရားသုံးဆူ အောက်တိုဘာ ၂၃

**မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သော ကရင်ပြည်နယ် ဘုရားသုံးဆူမြို့သို့ လာရောက်တိမ်းရှောင်နေသည့် တရားခံပြေးတစ်ဦးကို အောက်တိုဘာ ၂၂ ရက် ညနေပိုင်းက နယ်မြေခံရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် စုံစမ်းဖမ်းဆီးရမိခဲ့သည်။**

အောက်တိုဘာ ၂၂ ရက် ညနေ ၆ နာရီခွဲခန့်က ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့၊ သိမ်ဗဇရပ်နယ်မြေရဲစခန်းက (၀)၂၈၉/ ၂၀၀၅၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆/ ၅၁၁/ ကျင့် ၅၁၂ အမှုဖြင့် အလိုရှိနေသည့် တရားခံပြေးဖြစ်သူ ကျော်ဦး၊ စစ်တောင်းရွာ သိမ်ဗရပ်မြို့၊ ကျိုက်ထိုမြို့နယ် မွန်ပြည်နယ် နေထိုင်သူမှာ ဘုရားသုံးဆူမြို့တွင် လာရောက်တိမ်းရှောင်နေကြောင်း သတင်းရရှိ၍ ဘုရားသုံးဆူနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ညီညီလင်းဦးစီးအဖွဲ့နှင့် သိမ်ဗရပ်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် လှဘုန်းတို့ဦးစီးသည့် ပူးပေါင်းအဖွဲ့က စုံစမ်းရှာဖွေ ဖမ်းဆီးခဲ့ရာမှ တရားခံပြေး ကျော်ဦးကို ဘုရားသုံးဆူမြို့ အမှတ်(၃) ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဖမ်းဆီးရမိခဲ့သည့် တရားခံပြေး ကျော်ဦးကို ဘုရားသုံးဆူနယ်မြေရဲစခန်းက သိမ်ဗရပ်နယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# မောတောင်မြို့၌ တူမီးသေနတ် ကိုင်ဆောင်သောင်းကျန်းနေသူကို ဖမ်းဆီးရမိ

**တနင်္သာရီ အောက်တိုဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မောတောင်မြို့၌ အောက်တိုဘာ ၂၂ ရက်က လက်လုပ်တူမီးသေနတ်ကိုင်ဆောင်၍ သောင်းကျန်းနေသူတစ်ဦးကို နယ်မြေရဲတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

တနင်္သာရီမြို့နယ် မောတောင်နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် ဝင်းလှိုင် ဦးစီးတပ်ဖွဲ့ဝင်များသည့် အောက်တိုဘာ ၂၂ ရက် နံနက် ၈နာရီ မိနစ် ၅၀ ခန့်က အမှတ်(၁) ရပ်ကွက် စိန်ပြာလမ်းတွင် နေထိုင်သူ မောင်လွင် (၃၅ နှစ်) ဥယျာဉ်ခြံလုပ်ကိုင်သူသည် တူမီးသေနတ်ကိုင်ဆောင်၍ သောင်းကျန်းနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ မောင်လွင်ကို တူမီးသေနတ်တစ်လက်နှင့် ပလတ်စတစ်ကော်ဘူးအဖြူဖြင့် ထည့်ထားသော ခဲကျည်အလုံး ၂၀ တို့နှင့်အတူ နေအိမ်အိပ်ခန်းအတွင်း အသင့်ကိုင်ဆောင်လျက် တွေ့ရှိရသဖြင့် မေးမြန်းစစ်ဆေးခဲ့ရာ မောင်လွင် က ၎င်းပိုင်ဆိုင်သော တူမီးယမ်းထောင်းသေနတ်ဖြစ်ကြောင်း ပြောသဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ခွင့်ပြုချက်မရှိဘဲ တရားမဝင်တူမီးသေနတ် လက်ဝယ်ထားရှိကိုင်ဆောင်သူ မောင်လွင်ကို မောတောင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ရေပူစစ်ဆေးရေးအဖွဲ့ မီးသွေးအိတ်များ စစ်ဆေးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၈၄၅ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃၇၀ သန်း စုစုပေါင်း တားဆီးမှု ငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၂၁၅ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၂ ရက် တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ပိန်းဆာကျေးရွာအနီး မစ်ဆူဘီရှီဖူဆို ၁၂ ဘီးယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပေါင် ၃၀ ဝင် မီးသွေးအိတ် ၆၁၅ အိတ်နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀ ဒသမ ၈၄၅ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

**မကြာမီကာလအတွင်း သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော် ကာလသို့ရောက်ရှိပြီး အဆိုပါပွဲတော်များကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့်ကလေးသူငယ်တို့ ထိခိုက်အနာတရ ဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့်ဆောင်ရွက်လိုသူများမှလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဗောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။**

**သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ဂွမြို့၌ တရားမဝင်သစ်ခွဲသားများ ပိုင်ရှင်မဲ့ဖမ်းမိ

**ဂွ အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် ဂွမြို့ ဒေါင့်ချောင်းကျေးရွာအုပ်စု ကွင်းကြီးကမ်းနားကျေးရွာနှင့် ဒေါင့်ချောင်းသံတံတားအောက် ဒေါင့်ချောင်း ချောင်းထဲတွင် တရားမဝင်သစ်ခွဲသားများကို မြို့နယ်ပူးပေါင်းရေးအဖွဲ့က အောက်တိုဘာ ၂၁ ရက်တွင် ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒေါင့်ချောင်းကျေးရွာအုပ်စု၌ တရားမဝင်သစ်ခွဲသားများ သယ်ဆောင်ရန် စုဆောင်းနေကြောင်း သတင်းအရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့်အဖွဲ့၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲစခန်းမှ ဒုရဲအုပ် အောင်ဖြိုးဝေ နှင့်အဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒေါင့်ချောင်းတံတားအောက်တွင် ကညင်၊ ကညောင်း၊ ကြက်တူရွေးစာ စသည့် သစ်ခွဲသား ၅၃ ချောင်းကို ဖမ်းဆီးရမိခဲ့ရာ စုစုပေါင်းတန်ချိန် ရှစ်တန်ခန့်ရှိကြောင်းနှင့် အဆိုပါ ဖမ်းဆီးရမိသစ်များကို သစ်တောဦးစီးဌာနသို့ သယ်ဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံ လေ့လော်အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အင်းလျားလမ်းရှိ မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ်ရုံးဌာန ကျင်းပရာ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်နှင့် အဖွဲ့ဝင် ငါးဦး၊ မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ လေ့လော်အားကစား ဆပ်ကော်မတီဝင်များ၊ ပါဝင်အရွေးခံမည့် ကိုယ်စားလှယ်လောင်းများ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်နှင့် မြန်မာနိုင်ငံလေ့လော်အဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိန်ထွန်းတို့က အမှာစကားပြောကြားကြပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် နာယကအဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်စိုး (မြို့တော်ဝန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဦးကျော်စိန် (ဥက္ကဋ္ဌ Jewellery Luck Group Co.,Ltd)၊ ဦးချစ်ခိုင် (မန်နေဂျင်းဒါရိုက်တာ အေဒင်အုပ်စု ကုမ္ပဏီလီမိတက်)၊ ဦးစိန်ထွန်း (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)တို့ ဖြစ်ကြပြီး အလုပ်အမှုဆောင်အဖွဲ့ဝင်များ မဲနှိုက်ရွေးချယ်ရာ မြန်မာနိုင်ငံ လေ့လော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဦးထွန်းဦး (ဒုတိယဥက္ကဋ္ဌ)၊ ဒေါက်တာသန်းတိုး (ဒုတိယဥက္ကဋ္ဌ)၊ ဦးဖေဝင်း(ဒုတိယဥက္ကဋ္ဌ)၊ ဦးကျော်ကျော်လှိုင် (ဒုတိယဥက္ကဋ္ဌ)၊ Mr. Lai Zue Jun (ဒုတိယဥက္ကဋ္ဌ)၊ ဦးမျိုးဆွေသိန်း(ဒုတိယဥက္ကဋ္ဌ)၊ ဦးအုန်းမြင့် (ဒုတိယဥက္ကဋ္ဌ)၊ အမှုဆောင်အဖွဲ့ဝင် ၁၅ ဦးနှင့် ဦးသက်လွင် (အတွင်းရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဦးကျော်ဝင်း (တွဲဖက်အတွင်းရေးမှူး-၁)၊ ဦးနေဝင်းမောင် (တွဲဖက်အတွင်းရေးမှူး-၂)နှင့် ဒေါ်လှလှရီ(ဘဏ္ဍာရေးမှူး ) နှင့်အတူ အလုပ်အမှုဆောင် စုစုပေါင်း ၃၂ ဦးတို့အား အောက်တိုဘာ ၂၃ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

ယင်းနောက် ရွေးချယ်တင်မြှောက်ခံ မြန်မာနိုင်ငံ လေ့လော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက လေ့လော်အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၈ အာဆီယံဆူဇူကီးပြိုင်ပွဲတွင် ချီးမြှင့်မည့် ဆုဖလားအား ရန်ကုန်မြို့၌ ပြသ

**ရန်ကုန် အောက်တိုဘာ ၂၃**

အရှေ့တောင်အာရှဒေသတွင်း၌ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် ချီးမြှင့်မည့် ချန်ပီယံဆုဖလား မိတ်ဆက်ပြသပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ရှိမြန်မာပလာဇာ၌ ကျင်းပသည်။

အခမ်းအနားတွင် Suzuki (Myanmar) Motors Co.,Ltd မန်နေဂျင်းဒါရိုက်တာ Mr. Keiichi Asano နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းတို့က အမှာစကားပြောကြားပြီး ဦးကိုကိုသိန်းက အမှတ်တရလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ဆူဇူကီးဖလားပြိုင်ပွဲတွင် ချီးမြှင့်မည့် ချန်ပီယံဆုဖလားကို စင်မြင့်ထက်သို့ သယ်ဆောင်ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်၊ မြန်မာနေရှင်နယ်လီဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ Suzuki (Myanmar) Motors Co.,Ltd မန်နေဂျင်းဒါရိုက်တာ Mr. Keiichi Asano ၊ အနုပညာရှင်များ၊ မြန်မာ့လက်ရွေးစင်ဟောင်းများ ဖြစ်သည့် ဦးမျိုးလှိုင်ဝင်းနှင့် ဒေါ်စန်းစန်းမော်တို့က အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် တက်ရောက်လာသည့် အနုပညာရှင်များကို မေးခွန်းများ မေးမြန်းပြီး မီဒီယာများ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်၊ မြန်မာနေရှင်နယ်လီဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများ ဖြစ်သည့် ဦးမျိုးလှိုင်ဝင်းနှင့် ဒေါ်စန်းစန်းမော်တို့က ပြန်လည်ဖြေကြားကြသည်။

ယင်းဆုဖလားကို မြန်မာပလာဇာတွင် အောက်တိုဘာ ၂၅ ရက်အထိ ပြသမည်ဖြစ်ပြီး မြန်မာပရိသတ်များအတွက် ဂိမ်းအစီအစဉ်များ၊ ဆုဖလားနှင့် ဓာတ်ပုံရိုက်ကူးနိုင်မည့်အစီအစဉ်များ ထည့်သွင်းထားသည်။

ဆူဇူကီးဖလားပြိုင်ပွဲ Trophy Tour အစီအစဉ်ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ စတင်ခဲ့ပြီး မြန်မာနိုင်ငံ ပြီးပါက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ထပ်မံပြသမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

ဆူဇူကီးဖလားပြိုင်ပွဲ၌ ချီးမြှင့်မည့် ဆုဖလား မိတ်ဆက်ပြသပွဲအခမ်းအနား ကျင်းပစဉ်။ ဓာတ်ပုံ-စိုးညွန့်

# ဟောင်ကောင်၌ ကျင်းပသည့် ရွက်လှေပြိုင်ပွဲတွင် မြန်မာလူငယ်ရွက်လှေအသင်း ရှေ့နှစ်ခု၊ ဒွေနှစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိ

**ရန်ကုန် အောက်တိုဘာ ၂၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်တွင် အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် HKODA National & Open Championship 2018 ပြိုင်ပွဲသို့ မြန်မာအသင်းနည်းပြဖြစ်သူ အာဂျင်တီးနားနိုင်ငံသား Mr. Juan Ignacio Mazzini ဦးဆောင်ပြီး မြန်မာလူငယ်လက်ရွေးစင် ရွက်လှေအားကစားသမား လေးဦးသွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရှေ့နှစ်ခု၊ ဒွေနှစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ယနေ့ ညနေ ၄ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အား/ကာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက ကြိုဆိုခဲ့ကြသည်။ **(အမေါ်ပုံ)**

အဆိုပါ ရွက်လှေပြိုင်ပွဲ၌ အမျိုးသားအသက် ၁၂ နှစ်အောက် Optimist တွင် ရွှေတံဆိပ်တစ်ခုနှင့် Optimist Open ပြိုင်ပွဲတွင် ကြေးတစ်ခုကို ထက်လင်းဇော် (အား/ကာသိပ္ပံ-ရန်ကုန်)က လည်းကောင်း၊ အမျိုးသမီး အသက် ၁၂ နှစ်အောက် Optimist ပြိုင်ပွဲတွင် မေမြတ်နိုးက ရွှေတစ်ခု၊ အမျိုးသား ၁၂ နှစ်အောက် Optimist ပြိုင်ပွဲ၌ စည်သူဟိန်း (အား/ကာသိပ္ပံ-ရန်ကုန်)က ဒွေတစ်ခု၊ အမျိုးသမီးအသက် ၁၂ နှစ်အောက် Optimist ပြိုင်ပွဲ၌ အေးဝတ်ရည်နှင်း (အား/ကာသိပ္ပံ-ရန်ကုန်)က ဒွေတစ်ခု ရရှိခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် သြစတြေးလျ၊ တရုတ်၊ ထိုင်ဝမ်၊ တိုင်ပေ၊ ဖီဂျီ၊ မကာအို၊ မြန်မာ၊ ထိုင်းနိုင်ငံတို့မှ အားကစားသမား ၇၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အောင်ပွဲရ မြန်မာလူငယ်လက်ရွေးစင် ကစားသမားများသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဒွေဆောင်ကမ်းခြေတွင် နိုဝင်ဘာ ၁၀ ရက်မှ ၁၇ ရက်အထိ လက်ခံကျင်းပမည့် Optimist Asian & Oceanian Championship ရွက်လှေပြိုင်ပွဲသို့ ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း၊ ဓာတ်ပုံ-ဗလစိုး**

# ကလေးစာပေပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

**သံတွဲ အောက်တိုဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့တို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်ကို အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

**အမျိုးသားဘောလုံးပြိုင်ပွဲ**

ကလေးစာပေပွဲတော် အထိမ်းအမှတ်ပြိုင်ပွဲအဖြစ် ရည်ရွယ်ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ထုပ်ဆီးထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မြိုနယ် အားကစားကွင်း၌ ကျင်းပရာ သံတွဲခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက အမှာစကား ပြောကြားသည်။

**အားကစားပြိုင်ပွဲများကျင်းပ**

ကလေးစာပေပွဲတော် အထိမ်းအမှတ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပရာတွင် သံတွဲမြို့နယ်ရှိ အခြေခံပညာကျောင်း ကိုးကျောင်းမှ ကျောင်းသားလူငယ်များ၏ အမျိုးသား ဘောလုံးပြိုင်ပွဲကို မြိုနယ်အားကစားကွင်း၌ လည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ခရိုင်အားကစားခန်းမ၌ လည်းကောင်း၊ ထုပ်ဆီးထိုးပြိုင်ပွဲများကို ဦးဥတ္တမပန်းခြံ၌ လည်းကောင်း အောက်တိုဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်းဟန်**

သံတွဲမြို့၊ကလေးစာပေပွဲတော် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

**သံတွဲမြို့၊ကလေးစာပေပွဲတော် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။**

# တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားဦးကြီးများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ရာသီအလိုက်ထုတ်ချေးလျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင် တစ်ဧက ချေးငွေနှုန်းထားများကို အောက်ပါအတိုင်း တိုးမြှင့် ထုတ်ချေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း အခြားသီးနှံ တစ်ဧက နှုန်းထားကို ကျပ် ၅၀၀၀၀/- မှ ကျပ် ၁၀၀၀၀၀/- သို့ တိုးမြှင့်ထုတ်ချေးသွားမည် ဖြစ်ပါသည်-

| **စဉ်** | **ဘဏ္ဍာရေးနှစ်** | **သီးနှံအမျိုးအစား** | **တစ်ဧကချေးငွေနှုန်းထား(ကျပ်)** |
|---|---|---|---|
| (က) | ၂၀၁၆-၂၀၁၇ | စပါး | ကျပ် ၁၀၀၀၀၀ မှ ၁၅၀၀၀၀ |
| (ခ) | ၂၀၁၇-၂၀၁၈ | အခြားသီးနှံ | ကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ |
| (ဂ) | ၂၀၁၈-၂၀၁၉ | အခြားသီးနှံ | ကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ |

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်နှစ် ၂၀၁၈ မိုးချေးငွေ ထုတ်ချေးသကဲ့သို့ပင် **"တောင်သူ တစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်း ကိုယ်တိုင် အာမခံသောစနစ်"** ဖြင့် လွယ်ကူရှင်းလင်းစွာ ထုတ်ချေးပေးသွားမည် ဖြစ်ပါသည်။

၃။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို အောက်ပါအတိုင်း ထုတ်ချေးပေးမည် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၈ ခုနှစ် ဆောင်းချေးငွေ | ၂၀၁၈ ခုနှစ် | အောက်တိုဘာလ (၂၆) ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ |
| (ခ) | ၂၀၁၉ ခုနှစ် မိုးကြိုချေးငွေ | ၂၀၁၉ ခုနှစ် | ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လကုန်အထိ |
| (ဂ) | ၂၀၁၉ ခုနှစ် မိုးချေးငွေ | ၂၀၁၉ ခုနှစ် | မေလ (၂) ရက်နေ့မှ စက်တင်ဘာလကုန်အထိ |

၄။ သို့ပါ၍ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ဗဟိုအမေရိက သုံးနိုင်ငံအား အမေရိကန်က ထောက်ပံ့မှုများ ရပ်ဆိုင်း

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်ပြည်ထောင်စုက ဗဟိုအမေရိက သုံးနိုင်ငံအား ထောက်ပံ့နေမှုများ ဖြတ်တောက် ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က မကြာသေးမီတွင် ပြောကြားလိုက်သည်။

ဗဟိုအမေရိက သုံးနိုင်ငံခေါင်းဆောင်များသည် အမေရိကန်နယ်စပ်ကို ရှေးရှု ချီတက်လာသည့် ရွှေ့ပြောင်းဒုက္ခသည်များကို တားဆီးရန်မစွမ်းနိုင်သည့်အတွက် အမေရိကန်ပြည်ထောင်စုအနေဖြင့် ထိုသို့ထောက်ပံ့မှုများ ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေ့ပြောင်း ဒုက္ခသည်များနီးကပ်လာခြင်းသည် အမျိုးသားအရေးပေါ် ကိစ္စတစ်ခု အဖြစ် ထရမ့်က တွစ်တာတွင် ဆက်တိုက်ဆိုသလိုဖော်ပြခဲ့သည်။ ထို့အပြင် အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က အမေရိကန်နယ်စပ်၌ လှည့်ကင်းဆောင်ရွက်မှုအခြေအနေများနှင့် စစ်ဘက်ဆိုင်ရာဆောင်ရွက်မှုများကိုလည်း နိုးနိုးကြားကြား လုပ်ဆောင်ရန် တပ်လှန့်ထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံက ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်နှင့် အယ်လ်ဆာဗေဒို တို့အား ထောက်ပံ့နေမှုများနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က "မိမိတို့ အခုအချိန်ကစပြီး စတင်ဖြတ်တောက်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံခြားအကူအညီအများအပြား လျှော့ချသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

မက္ကဆီကိုရဲများနှင့် စစ်ဘက်ဆိုင်ရာတို့က အမေရိကန်ပြည်ထောင်စု တောင်ဘက်နယ်စပ်သို့ ချီတက်လာသည့် ရွှေ့ပြောင်းဒုက္ခသည်များကို မတားဆီးနိုင်ခဲ့ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

"ရာဇဝတ်ပြစ်မှုကျူးလွန်သူတွေနဲ့ အရေးအလယ်ပိုင်းသားတွေဟာ ရောနှောနေတယ်" ဟုလည်း အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က လူမှုကွန်ရက်စာမျက်နှာ ဖြစ်သည့် တွစ်တာတွင် ဖော်ပြခဲ့သည်။

အမေရိကန် တောင်ဘက်နယ်စပ်ကို ချီတက်လာသည့် ရွှေ့ပြောင်းဒုက္ခသည်များကို တွေ့ရစဉ်။

ယင်းကိစ္စသည် အမျိုးသားအရေးပေါ်ဆိုင်ရာကိစ္စဖြစ်၍ မိမိအနေဖြင့် နယ်ခြားစောင့်တပ်များနှင့် စစ်ဘက်ဆိုင်ရာကိုလည်း သတိပေးထားကြောင်း၊ လိုအပ်ပါက ဥပဒေကို ပြောင်းလဲပစ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လူထောင်ပေါင်းများစွာသည် သူတို့၏ တိုင်းပြည်များတွင် ဖြစ်ပေါ်နေသော ဆင်းရဲခြင်း၊ အကြမ်းဖက်ခြင်းတို့မှ လွတ်ကင်းရန် ယခုလို ရွှေ့ပြောင်းသွားလာနေကြခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# တောင်တရုတ်ပင်လယ်ပြင်၌ တရုတ်နှင့် အာဆီယံနိုင်ငံများ ပူးတွဲရေကြောင်း စစ်ရေးလေ့ကျင့်မှုပြုလုပ်

ပေကျင်း အောက်တိုဘာ ၂၃

**တောင်တရုတ်ပင်လယ်ပြင်တွင် ပိုင်ဆိုင်မှု အငြင်းပွားမှုများကို လျှော့ချရန် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများကြား ရေတပ်မတော်ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို မကြာသေးမီက ပြုလုပ်ခဲ့ကြောင်း သိရသည်။**

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရန် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ကျန်ကျန့်ဆိပ်ကမ်းမှ စစ်သင်္ဘော ရှစ်စင်း စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း၊ အဆိုပါ စစ်သင်္ဘော ရှစ်စင်းနှင့်အတူ တပ်ဖွဲ့ဝင် ၁၂၀၀ လိုက်ပါသွားကြောင်း တရုတ်အစိုးရပိုင် သတင်းဌာနတစ်ခုဖြစ်သည့် စီစီတီဗွီတွင် ဖော်ပြခဲ့သည်။

အငြင်းပွား တောင်တရုတ်ပင်လယ်ပြင်အတွင်း တင်းမာမှုများ လျှော့ချရန် ရည်ရွယ်လျက် သီတင်းတစ်ပတ်ကြာ ရေကြောင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ရန် တရုတ်နှင့် အာဆီယံ ၁၀ နိုင်ငံတို့ သဘောတူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယခုလို ရေကြောင်းဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် စင်ကာပူ၊ ဘရူနိုင်း၊ ထိုင်း၊ ဗီယက်နမ်နှင့်ဖိလစ်ပိုင်တို့မှ ရေတပ်သင်္ဘောများ ပါဝင်ကြောင်း တရုတ်နိုင်ငံ ကာကွယ်ရေးဌာနက ပြောကြားခဲ့သည်။

ထို့အပြင် မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့က လေ့လာသူများအဖြစ် ပါဝင်ကြောင်း သိရသည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံက စစ်ရေးဆိုင်ရာ ချဲ့ထွင်မှုများလုပ်ဆောင်နေသည့်အတွက် အရှေ့တောင်အာရှနိုင်ငံအချို့နှင့် ကာလရှည်ကြာ အငြင်းပွားစရာ ကိစ္စရပ်တစ်ခု ဖြစ်နေသလို အစဉ်အလာအားဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင် ရေကြောင်းအရ အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နေသည့် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့်လည်း သဘောထားကွဲပြားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုလို တရုတ်နှင့် အာဆီယံနိုင်ငံများကြား ရေကြောင်းဆိုင်ရာ ပူးတွဲလေ့ကျင့်မှုပြုလုပ်ခြင်းသည် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားကို မထိခိုက်စေပါဟု သောကြာနေ့က ကျင်းပသည့် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးကို တက်ရောက်လာသည့် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က မကြာသေးမီတွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ယူကရိန်းနိုင်ငံအား ပိတ်ပင်တားဆီးမှုများ ပြုလုပ်ရန် ပူတင်လက်မှတ်ရေးထိုး

**မော်စကို အောက်တိုဘာ ၂၃**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားနိုင်ငံအပေါ် အဖျက်သဘောဆောင်သည့် လုပ်ရပ်များကို လုပ်ဆောင်နေသော ယူကရိန်းနိုင်ငံသားများနှင့် တရားဝင်လုပ်ငန်းများ စာရင်းကို စုဆောင်းရန် အစိုးရအား ညွှန်ကြားသည့်အမိန့်စာတစ်စောင်ကို မကြာသေးမီက လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

ယင်းအမိန့်စာအား အစိုးရ၏ တရားဝင်သတင်းအချက်အလက်များဆိုင်ရာ ဝက်ဘ်ဆိုက်တွင်ဖော်ပြခဲ့ပြီး စာရင်းတွင် ပါဝင်သည့် လူပုဂ္ဂိုလ်များနှင့် လုပ်ငန်းများအပေါ် စီးပွားရေးဆိုင်ရာ ပိတ်ပင်တားမြစ်မှုများလုပ်ဆောင်သွားရန် အစိုးရအားညွှန်ကြားကြောင်း ဖော်ပြပါရှိသည်။ ယူကရိန်းနိုင်ငံသည် နိုင်ငံတကာ ဥပဒေကို ဆန့်ကျင်သည့် အဖျက်သဘောဆောင်သော လုပ်ဆောင်ချက်များ ပြုလုပ်ခြင်း၊ ရုရှားနိုင်ငံသားများနှင့် တရားဝင်လုပ်ငန်းများအပေါ် တင်းကျပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် ယင်းအမိန့်စာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# စီအိုင်အေအကြီးအကဲ တူရကီသို့ ထွက်ခွာ

**ဝါရှင်တန် အောက်တိုဘာ ၂၃**

ဆော်ဒီသတင်းထောက် ဂျမားလ် ခါရှော့ဂီ သေဆုံးမှုကို စုံစမ်းစစ်ဆေးနေသည့် တူရကီအရာရှိများနှင့် တွေ့ဆုံရန် စီအိုင်အေ အကြီးအကဲ ဂီနာဟက်စ်ပယ်သည် မကြာသေးမီက တူရကီကို ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

သတင်းထောက်သေဆုံးမှုကို စုံစမ်းရန် တူရကီနိုင်ငံတွင် အမေရိကန် ထိပ်တန်းထောက်လှမ်းရေးအရာရှိများ ရောက်ရှိနေကြောင်း သမ္မတ ဒေါနယ်ထရမ့်က ပြောခဲ့သော်လည်း အသေးစိတ်ကို ဖော်ပြပြောဆိုခြင်းမရှိခဲ့ကြောင်း သိရသည်။ အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ဆော်ဒီသတင်းထောက် ဂျမားလ်ခါရှော့ဂီသေဆုံးမှုနှင့် ပတ်သက်ပြီး ယခုချိန်ထိ ရရှိထားသည့် ဖြေရှင်းချက်များအပေါ် အားရကျေနပ်ခြင်း မရှိသေးကြောင်း ပြောခဲ့သည်။ မကြာမီအချိန်အတွင်း သတင်းထောက်သေဆုံးခြင်းနှင့်ပတ်သက်သည့် အခြေအနေအသေးစိတ်ကို သိရှိတော့မည်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ထရီဆာမေ ပြော

**လန်ဒန် အောက်တိုဘာ ၂၃**

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကိစ္စသည် ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ထရီဆာမေက ဗြိတိန်လွှတ်တော်ကို အောက်တိုဘာ ၂၃ ရက်က ပြောခဲ့သည်။ သို့သော်လည်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဥရောပသမဂ္ဂ၏ ဖြောက်ပိုင်း အိုင်ယာလန်နယ်စပ်နှင့် ပတ်သက်ပြီးတင်သွင်းထားသည့် အဆိုပြုချက်အပေါ် လက်ခံချင်ပုံ မရသေးကြောင်း သိရသည်။

ထို့အတူ ထရီဆာမေသည် တခြား တစ်ဖက်တွင်လည်း ၎င်း၏ပါတီတွင်း မြင့်တက်လာသည့် အာဏာဖီဆန်သည့် ဂိုဏ်းကွဲမှုများနှင့်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ပြုလုပ်ခဲ့သော ဥရောပသမဂ္ဂ အစည်းအဝေးတွင် ၎င်းအနေဖြင့် ယခင်မျှော်မှန်းထားသည်ထက် ကာလရှည်ကြာဖြစ်ပွားနေသော ဘရီးဇစ်ကိစ္စကို အကောင်အထည်ဖော်ရေး လက်ခံပြီးနောက် ထရီဆာမေသည် ၎င်း၏ ပါတီတွင်း၌ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး ခေါင်းမာသူများ၏ ဒေါသတကြီး တုံ့ပြန်မှုများနှင့်လည်း ကြုံတွေ့နေရကြောင်း သတင်းများတွင် ဖော်ပြသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ၏ ဆောင်ရွက်မှုများသည် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ပြီးနောက် အိုင်းရစ်နယ်စပ်ကို မည်သို့မည်ပုံ ဆက်လက်ဖွင့်လှစ်မှုများလုပ်ဆောင်သွားမည်ဆိုသည့်အပေါ် လန်ဒန်နှင့် ဘရပ်ဆဲလ်ကြား အဖြေရှာမရသည့် ညှိနှိုင်းမှုကို အလျင်အမြန် လက်စသတ်ဆောင်ရွက်ချင်ကြောင်း သိရသည်။

ထရီဆာမေကို အန်တုယှဉ်ပြိုင်နေသည့် ပြိုင်ဘက်များက ၎င်းကို ယခုတစ်ပတ်အတွင်း ဖြုတ်ချနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းစာအများစုက ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ

## နိုင်ငံတကာ သတင်းတိုတွာ

### ဖလော်ရီဒါ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ခြောက်ဦး ဒဏ်ရာရ

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဂျက်ဆန်ဗီလီမြို့၌ မကြာသေးမီက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ခြောက်ဦး ဒဏ်ရာရရှိခဲ့ပြီး သုံးဦးမှာ အခြေအနေစိုးရိမ်ရကြောင်း ဒေသခံရဲတပ်ဖွဲ့က မကြာသေးမီတွင် ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်ခံရသူ ခြောက်ဦးမှာ အရွယ်ရောက်ပြီးသူများဖြစ်ကြောင်း ရဲအရာရှိက ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သည့် တရားခံသည် မီးခိုးရောင် သို့မဟုတ် ငွေရောင် တံခါးလေးပေါက်ကားထဲတွင် ရှိခဲ့သည်ဟု ယူဆကြောင်း ပြောကြားခဲ့သော်လည်း ဖမ်းဆီးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုသည် ဂျက်ဆန်ဗီလီဂျာဂွါစ်ဘေ့စ်ဘော အသင်းနှင့် ဟူစတန်တီဇန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂျာဂွါစ်အားကစားရုံနှင့် မလှမ်းမကမ်းတွင် ဖြစ်ပွားခဲ့ကြောင်း ပြည်တွင်း သတင်းများတွင် ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

### နိုင်ဂျီးရီးယား၌ လူမျိုးစုနှစ်စုကြား ပဋိပက္ခဖြစ်ပွားရာ ၅၅ ဦးထက်မနည်း သေဆုံး

**အာဘူဗျာ အောက်တိုဘာ ၂၃**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာဒူနာပြည်နယ်တွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် လူမျိုးစုပဋိပက္ခကြောင့် အနည်းဆုံး ၅၅ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လူမျိုးစုပဋိပက္ခသည် ကာဒူနာပြည်နယ်မြို့တော်နှင့် ၃၀ ကီလိုမီတာကျော်ကွာဝေးသည့် ရွာဈေးတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် သံသယရှိသူ ၂၂ ဦးကို ဖမ်းဆီးထားကြောင်း၊ အခြားသူများကိုလည်း လိုက်လံရှာဖွေလျက်ရှိကြောင်း ပြည်နယ်ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ရာကူဘာဆာဘို အာဘူဘာကာက ပြောခဲ့သည်။

ပဋိပက္ခအတွင်း သေဆုံးသွားသူ ၅၅ ဦးမှာ ရုပ်ပျက်ဆင်းပျက်မီးလောင် ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းအကြမ်းဖက် လုပ်ဆောင်မှုကို ကာဒူနာပြည်နယ်အရာရှိ နာဆာ အယ်လ်ရှဖိုင်းက ရှုတ်ချကြောင်း ပြောကြားခဲ့သည်။

ပဋိပက္ခသည် လူမျိုးစုနှစ်စုအကြား လူငယ်များ ဈေးနေရာလုရာမှတစ်ဆင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံမီဒီယာများတွင် ဖော်ပြခဲ့သည်။ အချင်းဖြစ်ပွားပြီးနောက် ကာဒူနာပြည်နယ် အစိုးရက ညမထွက်ရအမိန့် ထုတ်ပြန်ထားကြောင်း သိရသည်။

သမိုင်းနောက်ခံ၊ သယံဇာတ ခွဲဝေမှုကြောင့် နိုင်ဂျီးရီးယားနိုင်ငံတွင် လူမျိုးစုများကြား ကာလရှည်ကြာ ပဋိပက္ခများ ဖြစ်ပွားလျက်ရှိရာ နှစ်စဉ် လူပေါင်း ရာချီ သေဆုံးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတကာစာချုပ်တွေမှ တဖြည်းဖြည်း နုတ်ထွက်မှုတွေလုပ်နေတဲ့ အမေရိကန်

**ထွန်းသစ်စ**

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် နီဗာဒါးပြည်နယ် အယ်လ်ကိုလေဆိပ်မှ မထွက်ခွာမီ စစ်အေးကာလ ရုရှားနှင့် ချုပ်ဆိုခဲ့သော နျူကလီးယားစာချုပ်မှ နုတ်ထွက်မည့်ကိစ္စနှင့် ပတ်သက်ပြီး သတင်းထောက်များ၏ မေးမြန်းမှုကို အောက်တိုဘာ ၂၀ ရက်က ဖြေကြားနေစဉ်။**

စစ်အေးခေတ်ကာလက ရုရှားနဲ့ ချုပ်ဆိုခဲ့တဲ့ နျူကလီးယားစာချုပ်ကို စွန့်လွှတ်ဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အစီအစဉ်နဲ့ပတ်သက်ပြီး မော်စကိုက အောက်တိုဘာ ၂၁ ရက်မှာ တကယ့်ကိုပဲ အန္တရာယ်ရှိတဲ့ ဆောင်ရွက်မှု တစ်ခုအဖြစ် သတိပေးပြောကြားခဲ့တယ်လို့ သိရပါတယ်။

**ပြစ်တင်မှုတွေရှိခဲ့**

လွန်ခဲ့တဲ့ ၁၉၈၇ ခုနှစ်ကို ပြန်ကြည့်မယ်ဆိုရင် နျူကလီးယားမူရင်းသဘောတူညီချက်ကို ဆိုဗီယက်ခေါင်းဆောင်ဟောင်းဖြစ်တဲ့ မီခေးလ်ဂိုဘာချော့ဗ်ကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။ အခုလို ထရမ့်အနေနဲ့ နျူကလီးယားသဘောတူညီမှုကို စွန့်လွှတ်ဖို့ စိတ်ကူးဟာ အမြော်အမြင်မရှိတဲ့ လုပ်ရပ်ဖြစ်တယ်လို့ ပြစ်တင်မှုတွေလည်း ရှိနေခဲ့ပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ အခုလို နျူကလီးယား သဘောတူညီချက်ကနုတ်ထွက်တာဟာ အန္တရာယ်အလွန်များတဲ့ လုပ်ဆောင်ချက်ဖြစ်ပြီး စစ်ရေးဆိုင်ရာ မဟာအင်အားကြီးနိုင်ငံဖြစ်ဖို့ သူ့ရဲ့ကြိုးစားမှုအပေါ် နိုင်ငံတကာက ပြစ်တင်ဝေဖန်မှုနဲ့ ကြုံတွေ့နိုင်ကြောင်း ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရာ့ဘ်ကော့ဗ်က သတိပေးခဲ့ပါတယ်။

**စွပ်စွဲခဲ့**

စစ်အေးခေတ် တာလတ်ပစ်နျူကလီးယားတပ်ဖွဲ့များ INF သဘောတူစာချုပ်ရဲ့ ကောင်းမွန်ကြပ်မတ်တဲ့ နည်းလမ်းကို မော်စကိုအနေနဲ့ လေ့လာနေတယ်လို့ ရုရှား ဒုတိယနိုင်ငံခြားရေး ဝန်ကြီးက ဆက်လက် ပြောကြားခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဝါရှင်တန်ကိုလည်း နျူကလီးယား သဘောတူညီချက်နဲ့ ပတ်သက်ပြီး ပြောင်းပြောင်တင်းတင်း ချိုးဖောက်မှုတွေ လုပ်နေတယ်လို့ စွပ်စွဲခဲ့ပါတယ်။

နျူကလီးယားသဘောတူစာချုပ်ကို အရင်က အမေရိကန်သမ္မတ ရော်နယ်ရေဂင်နဲ့ ဆိုဗီယက်ရဲ့ နောက်ဆုံးခေါင်းဆောင် ဂိုဘာချော့ဗ်တို့က လက်မှတ်ရေးထိုးခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီလို လက်မှတ်ရေးထိုးခဲ့တဲ့ နျူကလီးယား သဘောတူစာချုပ်မှ ထွက်ခွာဖို့ စဉ်းစားတယ်ဆိုကတည်းက ဉာဏ်ပညာမရှိမှုနဲ့ မှားယွင်းတဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်လို့ ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရာ့ဘ်ကော့ဗ်က ပြောကြားခဲ့ပါတယ်။

**အရေးကြီးတဲ့ စာချုပ်**

ဂျာမနီနိုင်ငံဟာလည်း နျူကလီးယား သဘောတူညီမှုမှ နုတ်ထွက်ဖို့ အစီအစဉ်ဆွဲထားတဲ့အပေါ် နောင်တရနေပြီး သူ့အနေနဲ့ နေတိုးအဖွဲ့ဝင်နိုင်ငံတွေနဲ့ ဆွေးနွေးဖို့ လိုနေသေးတယ်လို့ အစိုးရပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်က ပြောခဲ့ပါတယ်။ ဒီနျူကလီးယား သဘောတူညီမှုစာချုပ်ဟာ လက်နက်တွေကို ထိန်းချုပ်ဖို့ အရေးကြီးတဲ့ စာချုပ်တစ်ခုပဲဖြစ်ပါတယ်လို့ သူက ပြောကြားခဲ့ပါတယ်။

သို့သော်လည်း အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၂၀ ရက်တွင် ရုရှားနိုင်ငံအနေနဲ့ အဲဒီစာချုပ်အပေါ် ကာလရှည်ကြာချိုးဖောက်မှုတွေ လုပ်နေတယ်လို့ စောဒကတက်ပြောကြားခဲ့ပါတယ်။

"ကျွန်တော်တို့ဟာ နျူကလီးယား သဘောတူစာချုပ်အတိုင်း နေထိုင်ကြသူတွေဖြစ်ပြီး နျူကလီးယားသဘောတူစာချုပ်ကိုလည်း လေးစားမှုရှိပါတယ်။ သို့သော်လည်း ရုရှားနိုင်ငံက စာချုပ်အပေါ် လေးစားသမှုမရှိတဲ့အခါကျတော့ ကျွန်တော်တို့လည်း စာချုပ်မှ နုတ်ထွက်ဖို့အတွက် စဉ်းစားလိုက်ရတာဖြစ်ပါတယ်"လို့ ထရမ့်က သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

**တွေ့ဆုံခဲ့**

ထရမ့်အမျိုးသားလုံခြုံရေး အကြံပေး ဂျွန်ဘော်လ်တန်ဟာ မော်စကိုကို အောက်တိုဘာ ၂၁ ရက်က ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၂၂ ရက်မှာ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နဲ့ တွေ့ဆုံခဲ့ပါတယ်။

ထို့အတူ ရုရှားသမ္မတ ဗလာဒီမာ ပူတင်လည်း ဘော်လ်တန်နဲ့ တွေ့ဆုံပြီး အမေရိကန်နိုင်ငံအနေနဲ့ ဘာကြောင့် နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်ဖို့ စီစဉ်ရသလဲဆိုတဲ့ ရှင်းလင်းချက်နဲ့ ပတ်သက်ပြီး တွေ့ဆုံမေးမြန်းသွားခဲ့ပါတယ်လို့ ကရင်မလင် နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်ခ်စကော့ဗ်က ပြောခဲ့ပါတယ်။

အခုနှစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ကြား ဒုတိယမြောက် အစည်းအဝေးကျင်းပဖို့ မျှော်လင့်ထားတဲ့အချိန်မတိုင်ခင်မှာ အခုလိုဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ရုရှားနိုင်ငံက မိုင်ပေါင်း ၃၁၀ နဲ့ ၃၄၀၀ ကြား ပစ်နိုင်တဲ့ နီဗက်တာ ၉ အင်မ် ၇၂၉ ဒုံးကျည်စနစ်ကို တပ်ဖြန့်ချထားတာနဲ့ ပတ်သက်ပြီးတော့လည်း ထရမ့်အစိုးရက ဒါဟာ နျူကလီးယားစာချုပ်ကို ချိုးဖောက်တာပဲဖြစ်တယ်လို့ မကျေမချမ်းပြောဆိုခဲ့ပါတယ်။ ဆိုဗီယက်နျူကလီးယား ထိပ်ဖူးတပ် ဒုံးကျည်တွေ အနောက်နိုင်ငံမြို့တွေကို ပစ်မှတ်ထားတိုက်ခိုက်တဲ့ အရှုပ်အရှင်းကိစ္စတွေကို ဒီနျူကလီးယား သဘောတူစာချုပ်က ဖြေရှင်းပေးခဲ့ပါတယ်။

**အကောင်အထည်ဖော်**

အမေရိကန်နဲ့ ရုရှားတို့ကြား နျူကလီးယားစာချုပ်နဲ့ ပတ်သက်ပြီး နောက်ဆုံး သဘောထားကွဲလွဲမှုဟာ ဝမ်းနည်းနောင်တရဖွယ် ဖြစ်စဉ်တွေကို ဆောင်ကြဉ်းလာနိုင်တယ်လို့ နိုင်ငံရေးစောင့်ကြည့်လေ့လာသူတစ်ဦး ဖြစ်သူ အဲလက်ဇီအာဗာတော့ဗ်က ပြောခဲ့ပါတယ်။ ဝါရှင်တန်ဟာ နျူကလီးယား သဘောတူညီချက်ကို တဖြည်းဖြည်း ဖျက်သိမ်းဖို့ အကောင်အထည်ဖော် ဆောင်ရွက်နေတယ်လို့ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါတယ်။ နှစ်ပေါင်းများစွာကြာအောင် အမေရိကန်ဟာ နျူကလီးယားသဘောတူညီချက်ကို တဖြည်းဖြည်းနဲ့ တစ်ဆင့်ပြီး တစ်ဆင့် ဦးတည်ချက်ရှိရှိ ဖျက်သိမ်းနေတာဖြစ်တယ်လို့ အမည်မဖော်လိုတဲ့ အရာရှိတစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး နိုင်ငံပိုင် သတင်းအေဂျင်စီက ဖော်ပြခဲ့ပါတယ်။ အမေရိကန်ဟာ နိုင်ငံတကာ သဘောတူညီမှုတွေက တဖြည်းဖြည်း နောက်ဆုတ်လာပြီး တခြားနိုင်ငံတွေကို သာတူညီမျှ သူ့အစား တာဝန်ယူစေတဲ့ စနစ်မျိုး ကျင့်သုံးလျက်ရှိပြီး အမေရိကန် ပြိုင်ဘက်ကင်းဝါဒကို ကာကွယ်နေတယ်လို့ သူက စွပ်စွဲပြောကြားခဲ့ပါတယ်။

**သဘောတူညီချက်မှ နုတ်ထွက်**

အမေရိကန်ဟာ ၂၀၀၁ ခုနှစ်မှာ ဒုံးခွင်းဒုံးသဘောတူညီချက်မှ နုတ်ထွက်ပြီးနောက် အခုအခါမှာတော့ ကမ္ဘာကြီးရဲ့ နည်းဗျူဟာစွမ်းဆောင်နိုင်မှုကို ဆန့်ကျင်တဲ့ ဒုတိယမြောက် အင်အားအကြီးဆုံး ထိုးနှက်ချက်တစ်ခုကို လုပ်ဆောင်နေတာ ဖြစ်တယ်လို့ ရုရှားအမတ် အဇက်ဇီ ပုံ့ရှ်ကော့ဗ်က ပြောခဲ့ပါတယ်။

အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေး ဂျွန်ဘော်လ်တန်ကလည်း ထရမ့်အနေနဲ့ အိုင်အင်နိ်အက်ဖ်က နုတ်ထွက်သွားမှာ ဖြစ်ပြီး ၂၀၂၁ ခုနှစ်မှာ သက်တမ်းကုန်ဆုံးမယ့် မဟာဗျူဟာမြောက် ဒုံးကျည်အစီအစဉ်နှင့် ပတ်သက်တဲ့ နျူကလီးယား စာချုပ်အသစ်ကိုလည်း နောက်ထပ်ဆွေးနွေးသွားမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။

အိုင်အင်နိ်အက်ဖ်မှ အမေရိကန် နုတ်ထွက်သွားတာဟာ ထပ်မံချုပ်ဆိုမယ့် နျူကလီးယားစာချုပ်သစ်ရဲ့ ရှေ့အလား အလာတွေကို ဖျက်ဆီးရာရောက်တယ်လို့ ရုရှားလွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီအကြီးအကဲ ကွန်စတာတင် ကိုဆာချက်ဝ်က ဇွေ့စ်ဘုတ်ပေါ်မှာ သတိပေးပြောကြားခဲ့ပါတယ်။

**တင်းမာ**

ရုရှားနဲ့အမေရိကန်နိုင်ငံရဲ့ ဆက်ဆံရေးဟာ လတ်တလောမှာ တင်းမာပြီး ခေါင်းဆောင်နှစ်ဦးအနေနဲ့ ထပ်မံတွေ့ဆုံဖို့ အကြောင်းမရှိသေးပေမယ့် လာမယ့် နိုဝင်ဘာ ၁၁ ရက် ပါရီမှာ ကျင်းပမယ့် ပထမကမ္ဘာစစ် ပြီးဆုံးခြင်းနှစ် (၁၀၀)ပြည့် အခမ်းအနားမှာ တွေ့ဆုံနိုင်ဖို့ အလားအလာရှိတယ်လို့လည်း သိရပါတယ်။ ထို့အတူ ဗျူနိုအေရစ်မှာ နိုဝင်ဘာ ၃၀ ရက်နဲ့ ဒီဇင်ဘာ ၁ ရက် ကျင်းပမယ့် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးမှာလည်း ခေါင်းဆောင်နှစ်ဦး တွေ့ဆုံနိုင်မယ်လို့ ထင်ကြောင်း အမေရိကန်သမ္မတ ထရမ့် အစိုးရအဖွဲ့က ပြောခဲ့ပါတယ်။

ဆိုခဲ့သလိုပဲ အမေရိကန်နိုင်ငံဟာ နိုင်ငံတကာစာချုပ်တွေက တဖြည်းဖြည်း ရှောင်ခွာလာခဲ့တာဟာ အမေရိကန်သည်သာ ပထမဟူသည့် မူပါဒကိုကျင့်သုံးနေသလား ဆိုတဲ့အပေါ် စဉ်းစားစရာကောင်းနေပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

**"နျူကလီးယားသဘောတူစာချုပ်ကို အရင်က အမေရိကန်သမ္မတ ရော်နယ်ရေဂင်နဲ့ ဆိုဗီယက်ရဲ့ နောက်ဆုံးခေါင်းဆောင် ဂိုဘာချော့ဗ်တို့က လက်မှတ်ရေးထိုးခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီလို လက်မှတ်ရေးထိုးခဲ့တဲ့ နျူကလီးယားသဘောတူစာချုပ်မှ ထွက်ခွာဖို့ စဉ်းစားတယ်ဆိုကတည်းက ဉာဏ်ပညာမရှိမှုနဲ့ မှားယွင်းတဲ့လုပ်ရပ်ပဲဖြစ်"**

# ပဲခူးနှင့် တောင်ငူခရိုင်အတွင်း သဘာဝဘေးကြောင့် သီးနှံပျက်စီးသွားသော ဧရိယာများအတွက် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်

ပဲခူး အောက်တိုဘာ ၂၃

**ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း သဘာဝဘေးကြောင့် သီးနှံပျက်စီးသွားသော ဧရိယာများအတွက် ဓာတ်မြေသြဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးသွားသော ဧရိယာများအတွက် နိုင်ငံတော်မှ ဓာတ်မြေသြဇာထောက်ပံ့ပေးအပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်က ထောက်ပံ့ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးခရိုင်အတွင်း သီးနှံပျက်စီးသွားသည့် ပဲခူး၊ ဝေါ၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများထံသို့ လည်းကောင်း(ဝဲပုံ)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က တောင်ငူခရိုင်အတွင်း သီးနှံပျက်စီးသွားသည့် တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ ထန်းတပင်မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တောင်သူ များထံသို့လည်းကောင်း ဓာတ်မြေသြဇာအိတ်များ လွှဲပြောင်းပေးအပ်ခဲ့ကြကာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၏ အခြေခံစီးပွားဖြစ်သည့် လယ်ယာကဏ္ဍထုတ်ကုန်များ ထိခိုက်ဆုံးရှုံးမှုများရှိနေသည့်အတွက် ပြန်လည်ကုစားပေးနိုင်ရန်နှင့် ထိရောက်စွာ ကူညီဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အရေးပေါ်တုံ့ပြန်မှု စီမံကိန်းအစီအစဉ်အရ UNOPs မှ ကွန်ပေါင်းဓာတ်မြေသြဇာများ ဝယ်ယူ၍ ပြည်ထောင်စုမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးတွင် ၂၀၁၅-၂၀၁၆ ခုနှစ် သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးသီးနှံ ၁၅၂၈၄၇ ဧက ပျက်စီးသွားရာ ငါးဧကလျှင် ကွန်ပေါင်းဓာတ်မြေသြဇာ တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ၃၀၅၆၉ အိတ် ထောက်ပံ့ပေးခဲ့သည်။ ပဲခူးခရိုင်အတွင်း ပျက်စီးဧက ၂၄၆၃၀၊ ထောက်ပံ့ဓာတ်မြေသြဇာ ၄၉၂၇ အိတ်၊ တောင်ငူခရိုင်အတွင်း ပျက်စီးဧက ၃၇၇၃၊ ထောက်ပံ့ဓာတ်မြေသြဇာ ၇၅၄ အိတ်၊ ပြည်ခရိုင်အတွင်းတွင် ပျက်စီးဧက ၃၅၃၈၇၊ ထောက်ပံ့ဓာတ်မြေသြဇာ ၇၀၇၇ အိတ်၊ သာယာဝတီခရိုင်အတွင်း ပျက်စီးဧက ၈၉၀၅၇ ၊ ထောက်ပံ့ဓာတ်မြေသြဇာ ၁၇၈၁၁ အိတ်တို့ကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အရေးပေါ်တုံ့ပြန်မှုစီမံကိန်းအစီအစဉ်အရ UNOPs မှ ဝယ်ယူ၍ ပြည်ထောင်စုမှ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**

# ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေများကို စနစ်တကျ ခွဲဝေသုံးစွဲလျက်ရှိ

**မော်လမြိုင် အောက်တိုဘာ ၂၃**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များကို အများပြည်သူ သိရှိလေ့လာနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုမှတ်တိုင်အဖြစ် ထုတ်ဝေသည့် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen's Budget) စာစောင်မိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

Citizen's Budget စာစောင်မိတ်ဆက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံကာ မွန်ပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် ဘဏ္ဍာငွေများ စီမံခန့်ခွဲရာတွင် ပြည်နယ်အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ လူနေမှုအဆင့်အတန်း မြင့်မားစေရန်၊ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေသုံးစွဲလျက်ရှိပါကြောင်း၊ ယခုထုတ်ပြန်သောစာစောင်သည် ဘတ်ဂျက် ပွင့်လင်းမြင်သာမှုအနေဖြင့် နိုင်ငံတကာနည်းတူ ပြည်သူသို့ချပြရသည့် ဘတ်ဂျက်ဆိုင်ရာ အဆိုပြုလွှာ ရှစ်စောင်အနက်မှ နိုင်ငံသားများအတွက် ဘတ်ဂျက်(Citizen's Budget) ဖြစ်ပါကြောင်း၊ နောင်တွင်လည်း အစိုးရ၏ **ပြည်သူနှင့်အတူ** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ နှစ်စဉ် မွန်ပြည်နယ်အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းများကို ပြည်သူများသိရှိနိုင်စေရန် ပွင့်လင်းမြင်သာစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားပန်းကြီး ဦးဝဏ္ဏကျော်က Citizen's Budget စာစောင်ကို မိတ်ဆက်ရှင်းလင်းပြီး Citizen's Budget စာစောင်ပါ အကြောင်းအရာများကို ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ Citizen's Budget စာစောင်တွင်ပါဝင်သော အကြောင်းအရာ အချက်အလက်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ပြည်နယ်အစိုးရအဖွဲ့က ပြည်သူလူထုလက်ဝယ်သို့ Citizen's Budget စာစောင် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာပြည်တောင်ပိုင်းကမ်းရိုးတန်းဇုန်ကို ဂေဟစနစ်အခြေပြုပြီး ထိန်းသိမ်းကာကွယ်ခြင်း စီမံကိန်းများရေးဆွဲခြင်းအဆင့် အလုပ်ရုံဆွေးနွေး

**ထားဝယ် အောက်တိုဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် "My Coast " မြန်မာပြည်တောင်ပိုင်းကမ်းရိုးတန်းဇုန် ဂေဟစနစ်အခြေပြုပြီး ထိန်းသိမ်းကာကွယ်ခြင်းစီမံကိန်းများ ရေးဆွဲခြင်းအဆင့် ကနဦးအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် ထားဝယ်ဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက တနင်္သာရီကမ်းရိုးတန်းသည် ကမ္ဘာပေါ်တွင် ထူးခြားသည့်အပြင် ထိခိုက်ပျက်စီးမှုအနည်းဆုံးဟု သိရှိရပါကြောင်း၊ ရေလုပ်သားများ ပြောကြားချက်အရ ငါးအထိအမိများ လျော့နည်းလာပြီဟု သိရှိရကြောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်ဦးစီးဌာနဖြင့် နော်ဝေနိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ပင်လယ်ပြင်သယံဇာတတည်ရှိမှု လေ့လာချက်အရ ၁၉၈၈ ခုနှစ်က ကောက်ယူသည့် စာရင်းများနှင့် နှိုင်းယှဉ်လေ့လာရာ မြန်မာ့ပင်လယ်ပြင်တွင် ရေအောက်ငါးများ တည်ရှိမှုမှာ ၉၀ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းနေပါကြောင်း၊ ကမ်းရိုးတန်းဒေသရှိ ဂေဟစနစ်ဝန်ဆောင်မှုများ ရေရှည်ရှင်သန်ရန်အတွက် ကျေးလက်နေပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အမှာစကားတွင် ပြောကြားသည်။

ဆက်လက်၍ FAO မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mrs. Xiaogie Fam က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော သင်တန်းသား ၇၀ တက်ရောက်ကြကြောင်း သိရသည်။

**ဝင်းထွေး(ပြန်/ဆက်)**

# နမ့်ဆန်မြို့နယ်၌ မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**နမ့်ဆန် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဘုရားကြီးကျေးရွာအုပ်စု ဇယ်ဘန်ကောက်ကျေးရွာ၌ မြို့နယ်ကြက်ခြေနီ အသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး လုပ်ငန်းကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ဇယ်ဘန်ကောက်ကျေးရွာကျောင်းတိုက်၌ ကွင်းဆင်းဟောပြောသည်။ **(အောက်ပုံ)**

ဟောပြောပွဲတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များ ဦးခင်မောင်က ကြက်ခြေနီ အကြောင်း သိကောင်းစရာများကို မိတ်ဆက်ပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြေမြှုပ်မိုင်း၊ တိုက်မိုင်းနှင့် လူကို အသက်အန္တရာယ်ဖြစ်စေသည့် စစ်ကျန်လက်နက် အန္တရာယ်များကို လည်းကောင်း၊ မိုင်းနင်းမိပြီး ကိုယ်အင်္ဂါထိခိုက်သွားသည့် လူနာများကို ကြက်ခြေနီအသင်းမှ ခြေတုများတပ်ဆင်ခြင်းနှင့် ကူညီပေးသည့် လုပ်ငန်းများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခြင်း၊ ကျေးရွာပြည်သူများ၏ ပတ်ဝန်းကျင်နှင့် လက်ဖက်ခြံများတွင် မိုင်းအန္တရာယ်ဖြစ်စေနိုင်သည့် မြေမြှုပ်မိုင်း၊ တိုက်မိုင်းများ တွေ့ရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူသို့ အကြောင်းကြားပြီး အန္တရာယ်မဖြစ်ပေါ်စေရန် ပြုလုပ်ရမည့် အချက်များကို ကျေးရွာလူထုများအား ဆွေးနွေးဟောပြောသည်။

နယ်မြေဒေသ မအေးချမ်းသည့် ဒေသများတွင် မိုင်းအန္တရာယ် မကြာခဏ ကြုံတွေ့နေရသောကြောင့် မိုင်းအန္တရာယ်ဖြစ်ပေါ်မှု လျော့နည်းလာစေရန် ရည်ရွယ်၍ ကျေးရွာများသို့ မိုင်းအန္တရာယ် အကြောင်း ပညာပေးလုပ်ငန်းများကို အကြိမ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မိုး (ပြန်/ဆက်)**

# ကျောက်ဆည်ဆင်အကအလှပြိုင်ပွဲတွင် ပထမဆုရဆင်အဖွဲ့များအား ဆုကြေးငွေအပြင် ဆိုင်ကယ်တစ်စီးစီပါ ဆုချီးမြှင့်မည်

**ကျောက်ဆည် အောက်တိုဘာ ၂၃**

ယခုနှစ် ကျောက်ဆည်ဆင်အကအလှပြိုင်ပွဲတွင် ပထမဆုရရှိမည့်ဆင်အဖွဲ့များအား ဆုကြေးငွေများ ချီးမြှင့်ပေးသွားမည့်အပြင် ဆိုင်ကယ်အသစ် တစ်စီးစီပါ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ကျောက်ဆည်မြို့ ဆင်ပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

ယခုနှစ် ဆင်အကအလှပြိုင်ပွဲတွင် ဘော်ကြယ်ဆင်လေးစီး၊ ကလေးဆင် လေးစီး၊ ရိုးရာဆင် ကိုးစီး၊ သဘာဝဆင်က သုံးစီး စုစုပေါင်း ဆင်အဖွဲ့ ၂၀ က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲများ၌ ပထမရရှိမည့် ဆင်အဖွဲ့များကို ဆုကြေးငွေများ ချီးမြှင့်ပေးသွားမည့်အပြင် ဆိုင်ကယ်အသစ် တစ်စီးစီပါ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကျောက်ဆည်မြို့ ဆင်ပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပြောသည်။

ဆင်အကအဖွဲ့များကို ဆုကြေးများအနေဖြင့် ဘော်ကြယ်ဆင် အကအလှပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ရှစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခြောက်သိန်း၊ တတိယဆု ငွေကျပ် လေးသိန်း၊ ရိုးရာဆင်အကအလှပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်း၊ ကလေးဆင် အကအလှပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ခြောက်သိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် သဘာဝဆင် အကအလှပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ ပွဲတော်ကို တက်ရောက်လာသည့် ဆင်အဖွဲ့များထဲမှ ဈေးကို သုံးပတ် ပတ်သည့် ဆင်အဖွဲ့ကို ရန်ပုံငွေရရှိသည့် အပေါ် မူတည်၍ ဆုများ ပြန်လည်ချီးမြှင့် သွားမည်ဖြစ်ကြောင်း ကျောက်ဆည်မြို့ ဆင်ပြိုင်ပွဲကျင်းပရေးနှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

ပြည်တွင်းသာမက ပြည်ပနိုင်ငံများမှ ကမ္ဘာလှည့် ခရီးသွားများပါ စိတ်ဝင်တစားရှိကြသည့် မြန်မာ့ရိုးရာ ကျောက်ဆည်ဆင် အလှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ကျောက်ဆည်မြို့ရှိ ရွှေသာလျောင်းတောင်ခြေတွင် ကျင်းပသွားမည်ဖြစ်ရာ လက်ရှိအချိန်တွင် ပွဲတော်ကာလရောက်ရှိတော့မည်ဖြစ်သဖြင့် ဆင်အက ကပြနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်နေကြပြီဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် စုစုပေါင်း ဆင်အဖွဲ့ ၂၀ တို့က ပါဝင်ကပြ ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း (အင်းတော်)**

# စိုက်ပျိုးရေးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်နိုင်ရန် ဆိုင်ကယ်များ ပေးအပ်

**တောင်ကြီး အောက်တိုဘာ ၂၃**

စိုက်ပျိုးရေးဦးစီးဌာနမှ Immediate Response Mechanism (IRM) ဖြင့် ဝယ်ယူထားသော ဟွန်ဒါဆိုင်ကယ် ၁၁၂ စီးကို ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဝန်ထမ်းများ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၀ ရက်က ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်၊ ပြည်နယ် ဒုတိယဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်တောင်ပိုင်းအတွက် ဆိုင်ကယ် ၄၉ စီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းအတွက် ၃၃ စီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းအတွက် ဆိုင်ကယ်အစီး ၃၀ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ဒုတိယဦးစီးမှူးများက လက်ခံယူခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## စလင်းဌ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာများ ရွေးချယ်

**စလင်း အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ကျေးရွာရွေးချယ်ရေးအခမ်းအနားကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ အောက်တိုဘာလ တတိယပတ်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ကံကုန်းကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ သန်းပင်ကုန်းကျေးရွာ၊ အရှေ့ဦးကုန်းကျေးရွာ၊ စနေချောင်ကျေးရွာ၊ လေးရွာကျွန်းကျေးရွာနှင့် ကူရင်းချောက်ကျေးရွာ စုစုပေါင်း ကျေးရွာ ခုနစ်ရွာကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

## တပ်ကုန်း၌ ယာဉ်မတော်တဆမှု လျှော့ချရေး အသိပညာပေး

**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော်အတွင်းရှိမြို့နယ် ရှစ်မြို့နယ်တွင် ယာဉ်တိုက်မှု အများဆုံးဖြစ်ပွားလျက်ရှိသည့် တပ်ကုန်းမြို့နယ်သို့ နေပြည်တော်မှ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းရေး အသိပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပညာပေး ဟောပြောခဲ့သည်ဟု သိရသည်။

အဆိုပါဟောပြောခြင်းကို အောက်တိုဘာလ တတိယပတ်က ဗိုလ်မင်းရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သာဦးက မှူခင်းကျဆင်းရေးနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ် မြစန်းဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းအရာများကို ပြည်သူလူထုသို့ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**တင်ထွန်းတာ (တပ်ကုန်း)**

# တာမွေမြို့နယ်အတွင်း ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေးအတွက် ဓာတ်အားခွဲရုံအသစ် တိုးချဲ့တည်ဆောက်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး (က+ဂ) ရပ်ကွက်ရှိ တာမွေယာယီစျေးအနီး၌ မြို့နယ်အတွင်း ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေးအတွက် ADB ချေးငွေဖြင့် ဓာတ်အားခွဲရုံတစ်ရုံ အသစ်တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

အဆိုပါ ဓာတ်အားခွဲရုံတည်ဆောက်ရန်အတွက် ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများကို သီလဝါနှင့် ဗိုလ်တထောင်ဆိပ်ကမ်းတို့မှ တည်ဆောက်မည့်နေရာသို့ ညပိုင်း ယာဉ်ကြောရှင်းလင်းချိန်တွင် ပို့ဆောင်ရေးကားကြီးများဖြင့် ရွှေ့ပြောင်းသယ်ယူနေရာချထားရေး ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရေးဌာနခွဲ မန်နေဂျာက ပြောသည်။

ဓာတ်အားခွဲရုံ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တာမွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်လျှပ်စစ်မန်နေဂျာများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ဇော်မင်းလတ်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

(၂၃-၁၀-၂၀၁၈)

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၃၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၀၉၅ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၀/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၉ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၇၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၁၆ . ၆ |
| ဖြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၂၀၁၅ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၆၆ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၆ . ၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၂ . ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၉၁၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၅ . ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၀ . ၂၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၁၉၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀۶۷-၄၀၄၂၂၂၊ ၀۶۷-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



# မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀۶۷-၃۶၁၄၂၊ **စာတည်းအဖွဲ့** ၀۶۷-၃۶၁၄၅၅၊ **ဖက်စ်** ၀۶۷-၃۶၁၄۶၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)**၊ **နတ်မောက်လမ်းသွယ်(၁)**၊ **ဗိုလ်ချို(၂)ရပ်ကွက်**၊ **ဗဟန်းမြို့နယ်**၊ **ရန်ကုန်မြို့**၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ဌေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅۶۶၂၂၁၊ ၀۶۷-၃۶၁၄۶၈၊ **မြန်မာ့ချိန်ရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈۶۶၄၅۶۶

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# မိုးဟေကို၏ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ပရိသတ်ကြိုက်မည့် ရုပ်ရှင်ဇာတ်ကားများ ဆက်လက်ထုတ်လုပ်သွားမည်

မိခင်ဖြစ်သူ၏ ကျန်းမာရေးအခြေအနေကြောင့် ဇာတ်ကားရိုက်ကူးမှုများကို ခဏတာ ရပ်နားထားပြီး ရုပ်ရှင်ထုတ်လုပ်သူအဖြစ် နှစ်နှစ်ကျော်ကြာအောင် နေထိုင်ခဲ့သည့် မိုးဟေကို၏ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးသည် ခိုးဆိုးလုနှိုက် ရုပ်ရှင်ဇာတ်ကားကို ပထမဆုံးထုတ်လုပ်ရိုက်ကူးခဲ့ပြီးနောက် အောင်မြင်မှုများရရှိခဲ့သည့် ထုတ်လုပ်ရေးတစ်ခုဖြစ်ခဲ့ကာ ဆက်လက်၍လည်း ပရိသတ်ကြိုက်မည့် ရုပ်ရှင်ဇာတ်ကားများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဟေကို၏ကိုယ်ပိုင် မိုးရုပ်ရှင်ထုတ်လုပ်ရေးသည် ခိုးဆိုးလုနှိုက်ရုပ်ရှင်၏ နောက်တွင် တောကျီးကန်း၊ တည်ကြက်၊ ကြေးကြီးတယ်၊ သားပိုက်ကောင် စသည့် ဇာတ်ကားများကိုလည်း ရိုက်ကူးခဲ့ပြီး ယခုနောက်ဆုံး ထုတ်လုပ်ရိုက်ကူးထားသည့် "အမုန်းတွေခေါက်ထားလိုက်" ရုပ်ရှင်ဇာတ်ကားကိုလည်း နိုဝင်ဘာ ၉ ရက်တွင် ရုံတင်ပြသတော့မည်ဖြစ်သည်။ အဆိုပါ ဇာတ်ကားကို ဇာတ်လမ်း အလင်းသစ်၊ ဇာတ်ညွှန်း ဆူးခက်မင်းကရေးသားကာ ဒါရိုက်တာသားညီက ဖန်တီးပုံဖော်ထားပြီး နေတိုး၊ ရဲအောင်၊ မိုးဟေကို၊ တက္ကသိုလ်ဂွမ်းပုံနှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားသည်။

ထိုရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုးနှင့် လက်တွဲအလုပ်လုပ်ခဲ့သည့် အပေါ် မိုးဟေကိုက "အမေ့ရဲ့ကျန်းမာရေးအခြေအနေကြောင့် မိုး မရိုက်ခဲ့ဘူးဆိုတာ အားလုံးလည်း သိထားပြီးသားပါ၊ အခု အမေ့ကျန်းမာရေးကလည်း ကောင်းလာပြီဆိုတော့ မိုး ကိုယ်တိုင်ဝါသနာပါတဲ့ သရုပ်ဆောင်အလုပ်ကို ပြန်လုပ်တာပါ၊ ကိုနေတိုးနဲ့ ဆုံတာက ဒီတစ်ခါနဲ့ဆို ငါးကားလောက်ရှိပါပြီ၊ ရှေ့မှာလည်း သူနဲ့ရိုက်ခဲ့တာတွေ အားလုံး ပြောစရာမလိုအောင် လက်တွဲလို့ကောင်းတဲ့ သရုပ်ဆောင်တစ်ယောက်ပါ၊ သူက အလွန်တော်ပြီး ကြိုးစားတဲ့သူပါ" ဟု ပြောသည်။

မိုးရုပ်ရှင်ထုတ်လုပ်ရေးမှ ဇာတ်ကားများကို ကိုယ်တိုင်ထုတ်လုပ်ရိုက်ကူးခဲ့ရသည်နှင့်ပတ်သက်၍လည်း "မိုးကတော့ ကိုယ်ပိုင်ထုတ်လုပ်ရေးလုပ်ပြီး ရိုက်ရတာ ပိုပြီးတော့တောင် ကျေနပ်မိတယ်၊ အရင်က မိုးမရိုက်ခဲ့ရတဲ့ ကာရိုက်တာလေးတွေကို ပရိသတ်ကို ပြခွင့်ရတယ်၊ ကိုယ်တိုင် စိတ်ကြိုက်ဇာတ်ကိုရွေးပြီး ရိုက်လို့ရတယ်၊ နောက်ထပ်လည်း ပရိသတ်ကြိုက်နိုင်မယ့်ကားမျိုးတွေထုတ်သွားဖို့ ပြင်ဆင်ထားပါတယ်၊ ပရိသတ်ကလည်း ဟာသချည်းပဲဆိုလည်း ရိုးသွားမယ်၊ ဒရာမာချည်းပဲဆိုလည်း ဒီအတိုင်းပဲ၊ အက်ရှင်ရော၊ ဒရာမာရော၊ ဟာသပါ တစ်ကားနဲ့တစ်ကားမတူတဲ့ ရသလေးတွေပေးနိုင်မှ ကိုယ်ရော၊ ပရိသတ်ပါ ကြည့်ရကျိုး၊ ဖန်တီးရကျိုးနပ်မယ်လို့ မိုးထင်ပါတယ်" ဟု မိုးဟေကိုက ဆက်ပြောသည်။

**ကိုလင်း**

# မြို့ပြမုဆိုးများနှင့် လျှို့ဝှက်မှတ်တမ်း ဇာတ်လမ်းတွဲကို MNTV မှ ပြသမည်

Rainbow Art Entertainment မှ ပထမဆုံး ရိုက်ကူးထားသည့် မြို့ပြမုဆိုးများနှင့် လျှို့ဝှက်မှတ်တမ်း ဇာတ်လမ်းတွဲကို MNTV Channel တွင် မကြာမီ ပြသမည်ဟု သိရသည်။ အဆိုပါ ဇာတ်လမ်းတွဲကို ဇာတ်လမ်း/ဇာတ်ညွှန်း ခရစ်က ရေးသားပြီး ဒါရိုက်တာ ရိုက်ခတ်က ရိုက်ကူးကာ သရုပ်ဆောင်များအဖြစ် သရုပ်ဆောင်သစ်များဖြစ်သော ကျော်ကိုကိုဝေ၊ ရာဇာရောင်နီ၊ ခရစ်၊ သီဟ၊ ကျော်စွာ၊ ရဲထွဋ်၊ ခိုင်ဇင်သက်၊ နန္ဒာ၊ ဖြိုးအိန္ဒြေကျော်၊ ခင်မမ၊ ဟန်နီစုစုနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ Rainbow အနေနဲ့ မျက်နှာသစ် သရုပ်ဆောင်တွေနဲ့ ဘာကြောင့် ထုတ်လုပ်ရိုက်ကူးရတာလဲလို့ အားလုံးကမေးကြတယ်၊ ဒါက ကျွန်တော်တို့ အနုပညာမျိုးဆက်သစ်တွေ ထပ်မံပေါ်ထွက်လာစေချင်တယ်၊ ပြီးတော့ လူငယ် မျိုးဆက်သစ်အနုပညာသမားတွေကို နေရာတစ်ခုပေးချင်တဲ့စိတ်ကြောင့်ပါ၊ အခုခေတ်က အနုပညာလောကကိုဝင်ရတာ လွယ်ကူတယ်လို့ ထင်ရပေမယ့် အခက်အခဲတွေကတော့ အများကြီးပါ၊ ထုတ်လုပ်ရေးတော်တော်များများက အသစ်ဆို တင်ဖို့ သိပ်ကြောက်ကြတယ်၊ ဒါလည်း ထုတ်လုပ်ရေးဘက်ကကြည့်ရင် မှန်ပါတယ်၊ ခေတ်ကိုက သိပ်ပြီးမဟန်တော့ဘူးလေ၊ ရုပ်ရှင်ထုတ်လုပ်ရေးအချိန်ဆို ရှုံးကြလို့ နောက်ဆုတ်သွားကြတယ်၊ ကျွန်တော် သေချာပြန်သုံးသပ်ကြည့်တော့ ဒီလို ဇာတ်လမ်းတွဲရိုက်ပြီး ချန်နယ်တစ်ခုခုမှာပြသလိုက်ရင် ပိုအဆင်ပြေမယ်၊ ထိရောက်မယ်လို့ ထင်တာကြောင့်ပါ၊ ဒါရိုက်တာ ခရစ်ဆိုတာကလည်း လူငယ်တက်သစ်စ ဒါရိုက်တာတစ်ဦးပါ၊ အဲလိုပဲ သရုပ်ဆောင်တွေကအစ ကျွန်တော်တို့စိတ်ကြိုက်ရွေးထားတဲ့ သူတွေ ချည်းပါပဲ" ဟု Rainbow Art Entertainmet မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇာတ်လမ်းနှင့် ပတ်သက်၍လည်း အဆိုပါတာဝန်ရှိသူက "ဇာတ်လမ်းကတော့ ပုံမှန်လူ့အသိုင်းအဝိုင်းမှာ ဖြစ်နေကျ၊ မြင်နေကျပုံစံလေးတွေကို ပြထားတာပါ၊ လောဘဒေါသများပြီး ဒုစရိုက်မှုတွေကို လက်မတွန့်ဘဲ ကျူးလွန်လာကြတဲ့သူတွေကို တရားဥပဒေကဆုံးမတဲ့ ပုံစံမျိုးတွေ၊ ပြီးတော့ လူငယ်သဘာဝ ချစ်ကြ မုန်းကြပြီး လမ်းခွဲလိုက်ကြတဲ့အခါ အာဃာတတရားတွေ လက်ကိုင်ထားပြီး အပြန်အလှန် လက်စားချေတုံ့ပြန်တာတွေကို မလုပ်သင့်ကြောင်း ဒီကားလေးက ပညာပေးအဖြစ် ပြသသွားမှာပါ၊ လူတစ်ယောက်ကို အကောက်ကြံပြီး သတ်လိုက်ကြတယ်၊ အဲဒီအမှုကို ဖော်ထုတ်ထားတဲ့ ပုံစံလေးပါပဲ" ဟု ထပ်မံပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်လမ်းတွဲကို MNTV Channel မှ ထုတ်လွှင့်ပြသနိုင်ရန် ညှိနှိုင်းနေကြောင်းနှင့် အပိုင်း ၁၂ ပိုင်း ရိုက်ကူးထားကြောင်း သိရသည်။

**ကိုလင်း**

# အကယ်ဒမီရပြီး၍ ကားရိုက်နည်းခြင်းမဟုတ်ကြောင်း တက္ကသိုလ်ဂွမ်းပုံ ပြောကြား

၂၀၁၆ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရှင်အဖြစ် ဤအရာကို အချစ်ဟုခေါ်သည့် ဇာတ်ကားတွင် ဟာသသရုပ်ဆောင် တက္ကသိုလ်ဂွမ်းပုံက ရရှိခဲ့ပြီးနောက် ကားရိုက်နည်းသွားခြင်းနှင့်ပတ်သက်၍ တက္ကသိုလ်ဂွမ်းပုံက အကယ်ဒမီရရှိသောကြောင့် ကားရိုက်နည်းသွားခြင်းမဟုတ်ကြောင်း ပြောကြားသည်။

"မဂွမ်းရိုက်ထားတဲ့ကားတွေ အကယ်ဒမီရပြီးကတည်းက အများကြီးရှိပါတယ်၊ အဓိကနေရာတွေ မဟုတ်ဘူးပေါ့နော်၊ ကိုယ်ကလည်း ဟာသဇာတ်ပို့သရုပ်ဆောင်ဆိုတော့ ကိုယ်နဲ့လိုက်တဲ့နေရာကနေပဲ လုပ်ရတာလေ၊ မဂွမ်းက ကိုယ်နဲ့လိုက်တဲ့ကာရိုက်တာ၊ ပေးတဲ့တာဝန်ကို အကောင်းဆုံးပြရတဲ့သူပါ၊ ရုံတင်တဲ့နေရာမှာ မပြောတတ်တော့ဘူး၊ သိလည်းမသိဘူးဆိုတော့လေ၊ ရိုက်ထားတာတွေတော့ အများကြီးရှိပါတယ်၊ ရုံမတင်ဖြစ်သေးတာနေမှာပါ၊ အကယ်ဒမီရပြီးမှ ဇာတ်ကားမရိုက်တော့ဘူးလို့ဆိုကြတာ မဟုတ်ပါဘူး။ အချိုကျတော့လည်း အကယ်ဒမီရပြီးမှ အိမ်ထောင်ကျသွားတာမျိုး၊ ကိုယ်ပိုင်စီးပွားရေး လုပ်ကြရတာမျိုးတွေ ရှိကြတာကို၊ အဲဒီတော့ ဒီဘက်ကို သိပ်မလှည့်ဖြစ်ကြတာမျိုးလည်းပါမှာပါ၊ ဂွမ်းတို့က ဇာတ်ကားတစ်ကားရိုက်တော့ မယ်ဆို ဒါရိုက်တာက ထုတ်လုပ်သူနဲ့တိုင်ပင်ပြီး ဒီနေရာမှာ ဂွမ်းနဲ့လိုက်တာဆိုမှ ဂွမ်းတို့က လုပ်ရတာမျိုးပါ" ဟု ပြောသည်။

ဇာတ်ကားရိုက်ကူးမှုများတွင် ဝတ်စားဆင်ယင်မှုအပိုင်းနှင့်ပတ်သက်၍လည်း တက္ကသိုလ်ဂွမ်းပုံက "ဇာတ်ကားနဲ့လိုက်ဖက်တဲ့ ဝတ်စားပြင်ဆင်မှုပိုင်းက သရုပ်ဆောင်တစ်ယောက်အတွက် အင်မတန်ကို အရေးကြီးပါတယ်၊ တောသူ၊ မြို့သူ၊ အမေနေရာ၊ အဒေါ်နေရာ၊ သမီးနေရာ အစစပေါ့၊ အားလုံးသတိထားရတာပေါ့၊ ကိုယ်က အသက်အရွယ် စကားပြောလာတော့ လူငယ်ပုံစံနေရာမှာ ဝတ်စားတာမျိုးကို ပိုသတိထားရတာမျိုးရှိပါတယ်၊ မဂွမ်းကတော့ သရုပ်ဆောင်ရုံတင်မကဘူး၊ အဝတ်အစားပိုင်းတွေပါ သတိပိုထားပါတယ်" ဟု ပြောသည်။

**ကိုလင်း**

# လူငယ်ဒါရိုက်တာများ၏ အတွေးအမြင်သစ်များဖြင့် ရိုက်ကူးမည့် ဇာတ်လမ်းတိုနှစ်ကား မိတ်ဆက်

လူငယ်ဒါရိုက်တာများ၏ အတွေးအမြင်သစ်များဖြင့် ရိုက်ကူးသွားမည့် 'ဖုန်းထဲမှာရင်းနှီးခဲ့တဲ့ကောင်မလေး' နှင့် 'အသက်ရှင်ရတာပျော်လား' အမည်ရှိ ၄၅ မိနစ်စာ ဇာတ်လမ်းတို ဇာတ်ကားနှစ်ကား မိတ်ဆက်ပွဲနှင့် ကန်တော့ပွဲပေးသည့် အခမ်းအနားကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်ဘုရား၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

"ကျွန်တော်တို့ ဒီလို ဇာတ်လမ်းလေးတွေ ရိုက်ဖြစ်ရတဲ့အကြောင်းကတော့ ဇာတ်ကားအရည်အသွေးတွေ နောက်ပိုင်းမှာ ကျဆင်းလာတယ်လို့ ခံစားရတာကြောင့် ရယ်၊ ပြီးတော့ ကိုစစ်ငြိမ်းဆီမှာကလည်း ဇာတ်လမ်းတိုလေးတွေ အခု ၃၀ လောက်ရှိတယ်ဆိုတော့ သူနဲ့ ကျွန်တော်တို့ သေချာတိုင်ပင်ပြီး ရိုက်ကြတာပါ၊ ကျွန်တော်တို့အနေနဲ့ ဇာတ်လမ်းတိုရိုက်ပြီးသွားရင်လည်း အခွေထုတ်မယ်၊ ပြီးရင် ပရိသတ်ကို ပြသွားမယ်၊ ပညာပေးအနေနဲ့ရိုက်တဲ့ ဇာတ်လမ်းတိုလေးတွေဆိုလည်း မမှားပါဘူး" ဟု လူငယ်ဒါရိုက်တာတစ်ဦးဖြစ်သူ ရောဘတ်ဝင်းထိန်က ပြောပါသည်။

စစ်ငြိမ်း၏ဝတ္ထုတိုကို စစ်ငြိမ်းနှင့် ရောဘတ်ဝင်းထိန်တို့က ပူးပေါင်း ဇာတ်ညွှန်းရေးသား၍ တွဲဖက်ဒါရိုက်တာအဖြစ် စစ်ငြိမ်းနှင့် ဒါရိုက်တာအဖြစ် ရောဘတ်ဝင်းထိန်က ရိုက်ကူးမည့် အဆိုပါ ဇာတ်လမ်းတိုများတွင် သရုပ်ဆောင် အောင်မြင့်မြတ်၊ လဲ့ယမင်း၊ ကျော်ကိုကိုဝေတို့ ပါဝင်သည်။ လူငယ်ဒါရိုက်တာများ၏ အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးဉာဏ်အသစ်များဖြင့် ပူးပေါင်း ရိုက်ကူးကြမည်ဖြစ်ကာ ယင်းဇာတ်ကားကို ယခုအောက်တိုဘာ ၂၇ ရက်မှစပြီး ရန်ကုန်မြို့နှင့် ကလောမြို့တို့တွင် ရိုက်ကူးသွားမည်ဟု သိရသည်။

**ကိုလင်း**

## ဘောလိဝုဒ်မင်းသမီး ဒီပီကာ လက်ထပ်မယ့်နေ့ကို ကြေညာ

ဘာဂျီရိုနဲ့ မက်စတာနီဆိုတဲ့ ဘောလိဝုဒ်ဇာတ်ကားဟာ မြန်မာပရိသတ်တွေကြားမှာ ရေပန်းစားခဲ့တဲ့ ဇာတ်ကားတစ်ကားပါ။ ဇာတ်လမ်းထဲမှာ တစ်ဦးနဲ့တစ်ဦး နက်နက်ရှိုင်းရှိုင်း ချစ်ခဲ့ကြတဲ့ မင်းသားနဲ့ မင်းသမီးဟာ အပြင်လောကမှာလည်း တကယ်ပဲ လက်ထပ်ကြတော့ပါမယ်။

ဘောလိဝုဒ်မင်းသမီးချော ဒီပီကာပက်ဒူကုန်းဟာ အားလုံးက သိချင်နေကြတဲ့ သူ့ရဲ့မှင်္ဂလာပွဲကျင်းပမယ့်နေ့ကို ထုတ်ဖော်ပြောကြားလိုက်ပါပြီ။ ဒီပီကာပက်ဒူကုန်းဟာ သူနဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ဖူးသူ ရန်ဗီယာဆင်းနဲ့ လက်ထပ်ပွဲကျင်းပမယ့်နေ့ကို တနင်္ဂနွေနေ့ နေလယ်ပိုင်းကပဲ အတည်ပြုပြောကြားလိုက်ပါတယ်။

ဆိုရှယ်မီဒီယာပေါ်ကနေတစ်ဆင့် လက်ထပ်ပွဲဖိတ်စာကို ပြသခဲ့ပါတယ်။ ဘယ်တော့ မင်္ဂလာဆောင်မလဲလို့ စိတ်ဝင်စားနေကြတဲ့ သူတို့ရဲ့ ပရိသတ်တွေ အားလုံးအတွက် စိတ်လှုပ်ရှားဖွယ်ရာ အချိန်လေးဖြစ်ခဲ့ပါတယ်။

ဘောလိဝုဒ်ရဲ့စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးစုံတွဲဖြစ်နေတဲ့ ဒီပီကာနဲ့ ရန်ဗီယာ ဆင်းတို့ စုံတွဲဟာ နိုဝင်ဘာ ၁၄၊ ၁၅မှာ အီတလီနိုင်ငံမှာ လက်ထပ်ပွဲကျင်းပမှာပါ။ လက်ထပ်မယ့်ရက်ကို အသိပေးပြီးပေမယ့် လက်ထပ်ပွဲကို တက်ရောက်ဖို့ ဖိတ်ကြားမယ့် ဧည့်သည်စာရင်း အပါအဝင် လက်ထပ်ပွဲနဲ့ ပတ်သက်တဲ့ အသေးစိတ် အချက်အလက်တွေကိုတော့ ဖော်ပြထားခြင်း မရှိသေးပါဘူး။

**ဘောလိဝုဒ်လိုက်ဖ ဒေါ်ကွန်း**

## အာရီယာနာနဲ့ လမ်းခွဲပြီးနောက် ဗျော်ဖြေရေးစင်မြင့်ပေါ်သို့ ပီတီဒေးဗစ်ဆန် ပြန်လည်ရောက်ရှိ

အာရီယာနာဂရန်ဒီနဲ့ လမ်းခွဲပြီး တစ်ပတ်အကြာမှာတော့ ဟာသပညာရှင် ပီတီဒေးဗစ်ဆန်ဟာ ဗျော်ဖြေရေးစင်မြင့်ထက်ကို ပြန်လည်ရောက်ရှိလိုလာပါပြီ။ အာရီယာနာဂရန်ဒီနဲ့ လမ်းခွဲခဲ့ပြီးနောက် ပီတီဒေးဗစ်ဆန်ဟာ ခက်ခဲတဲ့အချိန်တွေနဲ့ တွေ့ကြုံခဲ့ရပါတယ်။

ဒါပေမယ့်လည်း သူ့ရဲ့ဖျော်ဖြေရေးပွဲတွေကို ဖျက်သိမ်းတာမျိုးတော့ ထပ်မလုပ်တော့ပါဘူး။ ပီတီနဲ့ အာရီယာနာတို့ဟာ အောက်တိုဘာ ၁၄ ရက်မှာပဲ သူတို့နှစ်ဦးရဲ့ စေ့စပ်ပွဲကိုဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့ကြပါတယ်။ အာရီယာနာရဲ့ ချစ်သူဟောင်း အသက် ၂၆ နှစ်အရွယ် မက်မေလာ သေဆုံးပြီးတဲ့နောက် အာရီယာနာနဲ့ ပီတီတို့လည်း လမ်းခွဲဖို့ဆုံးဖြတ်ချက် ထွက်ပေါ်လာခဲ့ပါတယ်။ အာရီယာနာအနေနဲ့ သူ့ရဲ့ စိတ်ဒဏ်ရာတွေကို ကုသဖို့အချိန်တွေ အများကြီး လိုနေသေးတယ်၊ သူ့ချစ်သူဟောင်း သေဆုံးသွားမှုဟာ သူ့ကိုအတော်လေး စိတ်ထိခိုက်စေတယ်လို့ အာရီယာနာနဲ့ ရင်းနှီးသူတစ်ဦးက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

ပီတီကတော့ အာရီယာနာ သူ့ဆီပြန်လည်မယ်လို့ ယုံကြည်နေတုန်းပါပဲ။ ခရစ္စမတ်မတိုင်မီ ဒါမှမဟုတ် သူ့မွေးနေ့မတိုင်မီ အာရီယာနာနဲ့ပြန်ပြီးလက်တွဲနိုင်လိမ့်မယ်လို့ ယုံကြည်နေပါတယ်။ ပီတီဟာ အာရီယာနာကို အချိန်ပေးထားတာပါ။ အခုနစ်ကုန်ပိုင်းမှာအခြေအနေတွေ ပြောင်းလဲပြီး သူတို့နှစ်ဦးရဲ့ဇာတ်လမ်းကို ပြန်စနိုင်လိမ့်မယ်လို့ မျှော်လင့်နေဆဲပဲလို့ ပီတီဒေးဗစ်ဆန်နဲ့ ရင်းနှီးသူတစ်ယောက်က ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**




ခြား

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၄၄)

# သင်ကြားသူနှင့် သင်ယူသူ

**ဦးဟန်ညွန့် (ဥပဒေ)**

**လေ့လာမှတ်သား**

ဥပဒေအတတ်ပညာကို လေ့လာမှတ်သားရာတွင် **သင်ကြားသူ** နှင့် **သင်ယူသူ**များ ၏ဘဝကို ကျွန်တော်တင်ပြခဲ့ပါသည်။ သင်ကြားသူမှာ **ဆရာ** ဖြစ်ပါသည်။ သင်ယူသူမှာ **တပည့်** ဖြစ်ပါသည်။ ဆရာက သင်ကြားပေးသလောက် တပည့်က သင်ယူခံယူတတ်ဖို့ လိုအပ်လှပါသည်။ နည်းစနစ်ကျနဖို့ လိုအပ်ပါလိမ့်မည်။ ဘဝမှာ သင်ယူစရာတွေက များလှပါသည်။ များလှသည့်အထဲက အထူးရွေးချယ်လေ့လာခဲ့ရသည်မှာ "ဥပဒေ ပညာ" ဖြစ်ပါသည်။

**ဥပဒေဆိုသည်မှာ**

ဥပဒေဆိုတာဘာလဲ။ ကျွန်တော်ငယ်စဉ်ကတည်းက မေးခဲ့သည့်မေးခွန်းပါ။ ကျွန်တော်တို့ရှာမှာ စည်းကမ်းမဲ့သည့်ဖြစ်ရပ်တွေ၊ ရာဇဝတ်မှုတွေ၊ တရားဥပဒေမစိုးမိုးမှုတွေ လက်တွေ့မြင်ခဲ့ဖူးသည်။ တွေ့ခဲ့ဖူးသည်။ ဘာလုပ်ရမှာလဲ။ တရားမျှတမှုကို ဘယ်မှာရှာဖွေရမှာလဲ။ ဥပဒေဆိုတာ ဘာလဲ။ တရားမျှတမှုဆိုတာ ဘာလဲ။ ရာဇဝတ်မှုဆိုတာ ဘာလဲ။ ဘယ်မှာ ရှာရမှာလဲ။ ဘယ်မှာ သင်ယူရမှာလဲ။ ဤသို့ဖြင့် ဥပဒေကျောင်းသား၊ ဥပဒေဝန်ထမ်း ဖြစ်ခဲ့ရပေသည်။ သင်ယူခွင့်ရခဲ့ပေသည်။

**ဥပဒေဆိုသောစကားရပ်**

"ဥပဒေဆိုသော စကားရပ်တွင် ဤဥပဒေအာဏာ မတည်မီကဖြစ်စေ၊ တည်ပြီးနောက်မှဖြစ်စေ၊ ဥပဒေပြုအာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင် ဥပဒေ ကဲ့သို့အာဏာတည်သော ဓလေ့ထုံးတမ်းများလည်း ပါဝင်သည်" ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅(၅)တွင် ဖွင့်ဆိုသည်။

"ဥပဒေဆိုသည့်စကားရပ်တွင် နည်းဥပဒေများလည်း ပါဝင်သည်" ဟု တရားမကျင့်ထုံး ၂ (၁)တွင် ဖွင့်ဆိုသည်ကိုလည်း တွေ့ရှိသည်။

"အထူးဥပဒေဆိုသည်မှာ သီးခြားအကြောင်းအရာတစ်ခုနှင့် သက်ဆိုင်သော ဥပဒေကို ဆိုလိုသည်"ဟုလည်း ရာဇသတ်ကြီးပုဒ်မ ၄၁ က ပြဆိုသည်။

(A special law is a law applicable to aparticular subject.)

The Penal Code- S- 41

**ရှေ့နေချုပ်ဦးသာထွန်း**

ရှေ့နေချုပ်ဦးသာထွန်းအကြောင်း ယခင်ဆောင်းပါးများတွင် ဖော်ပြရေးသားခဲ့ပြီးပါပြီ။ သို့သော်ငြား အဘကြီး ဦးသာထွန်း သင်ကြားပေးသော ဥပဒေအတတ်ပညာများ၊ စီမံခန့်ခွဲမှုပညာများအကြောင်းကိုတော့ မှတ်မိသမျှ တင်ပြလိုပါသေးသည်။ ရေး၍ မကုန်နိုင်သေးပါ။

ဥပဒေပညာ၏ အတိမ်အနက်၊ အနိမ့်အမြင့်ကို စာအုပ်များက ရနိုင်သည်။ ဤမျှမက စာအုပ်ထဲတွင် မပါသော အတွေ့အကြုံများ၊ အတွေးအခေါ်များကိုမူ ရှေ့နေချုပ်ကြီးများ၏ လက်တွေ့ဘဝအတွေ့အကြုံများက ရရှိပေသည်။ စာအုပ်ထဲမှာ မပါသောပညာဟု ဆိုရမည်လား။

၁၉၈၈ မှ ၂၀၀၃ ခုနှစ်များအတွင်းမှာ ရှေ့နေချုပ်ဦးသာထွန်း၏ ဥပဒေပညာ၊ စီမံခန့်ခွဲမှုပညာများကို လေ့လာမှတ်သားခွင့်ရခဲ့သည်။ ထိုစဉ်က (မြို့နယ်စု)များခေတ်ဖြစ်သည်။ ခရိုင်မပေါ်သေး။ အုပ်ချုပ်ရေးစနစ်သစ်အရ ပြင်ဆင်ဖွဲ့စည်းသည့်ကာလဖြစ်ပါသည်။ ရန်ကုန်တိုင်း ဟံသာဝတီမြို့နယ်စု(တောင်ပိုင်းခရိုင်၊ သန်လျင်)တာဝန်ခံ ဥပဒေဝန်ထမ်းအဖြစ် တာဝန်ယူရသည်။ ရှေ့နေချုပ်ဦးသာထွန်းက အုပ်ချုပ်ရေးအတွေ့အကြုံကြွယ်ဝသူပီပီ မြို့နယ်စုအဆင့်(ခရိုင်အဆင့်) ဦးစီးတာဝန်များ သင်ကြားပေးသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးတာဝန်များ လေ့ကျင့်ပေးသည်။ စီမံခန့်ခွဲသင်ကြားသည်။

ဥပဒေဝန်ထမ်း(ဥပဒေအရာရှိ)တစ်ဦးသည် ဥပဒေပညာတတ်ကျွမ်းရုံနှင့် မလုံလောက်၊ စီမံခန့်ခွဲရေးတာဝန်ကျေဖို့ လိုအပ်ကြောင်း ရှေ့နေချုပ် ဦးသာထွန်းက အမြဲပြောသည်။ သင်သည်။

ဟံသာဝတီမြို့နယ်စုမှ ဟသံတမြို့နယ်စု(ခရိုင်တာဝန်ခံ) ဥပဒေဝန်ထမ်းအဖြစ် ပြောင်းရွှေ့မိန့်ထုတ်ပြီးနောက် ရှေ့နေချုပ် ဦးသာထွန်းက ခေါ်တွေ့သည်။ ဇရာဝတီတိုင်း အခြေအနေ၊ ဟသံတခရိုင်ဒေသအခြေအနေ၊ အမှုအရေအတွက်၊ မြို့လူထုဘဝ၊ ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်၊ စနစ်သစ် အပြောင်းအလဲများ စသည် စသည် မိန့်မှာသည်။ ဥပဒေဝန်ထမ်း၏ တာဝန်နှင့် ပြည်သူ့ဘဝဆက်စပ်ပြသသည်။ အကျင့် စာရိတ္တစံပြဖြစ်ဖို့၊ အမှုသည်များအား မနှိပ်စက်ဖို့၊ ဘဝအတွေ့အကြုံများ သွန်သင်သည်။ နယ်မြေခံအာဏာပိုင်များနှင့် ပူးတွဲဆောင်ရွက်ပုံ၊ ဥပဒေအကြံပြုရေးစသည် များကိုလည်း အဆိုးအကောင်း ထုံးဟောင်းသက်သေ ညွှန်ပြသင်ကြားပေးခဲ့သည်။ ရန်ကုန်တိုင်းအတွေ့အကြုံနှင့် နယ်အတွေ့အကြုံများ မတူညီနိုင်ပုံကိုလည်း ရှင်းလင်းသင်ကြားပေးခဲ့ပေသည်။

၁၉၉၁ တွင် ဟသံတခရိုင်မှ ဇရာဝတီတိုင်းသို့ (ခရိုင်အဆင့်မှ တိုင်းအဆင့်သို့) ရာထူးတိုး၍ ပြောင်းရွှေ့ပြန်သည်။ တပ်မတော်အရာရှိကြီးများ (တိုင်းမှူးကြီးများ) နှင့် လက်တွဲဆောင်ရွက်ရပုံ၊ ဥပဒေတာဝန်ကျေပွန်ရေးစသည်များ သင်ယူလေ့ကျင့်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဥပဒေအရာရှိ (တိုင်းတာဝန်ခံ)အဖြစ် ဇရာဝတီတိုင်းမှ ကျွန်တော် ပြောင်းရွှေ့တာဝန်ထမ်းရပြန်သည်။ ရန်ကုန်တိုင်းမှာ မြို့တော်လည်းဖြစ်၊ အမှုကြီးများလည်းများပြား၊ ပြဿနာများလည်း များတတ်သဖြင့် ရှေ့နေချုပ်ဦးသာထွန်း၏ ဦးဆောင်ညွှန်ကြားမှုကို ခံယူဆောင်ရွက်ခဲ့ရသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဦးစားပေးလျက် ဥပဒေဝန်ထမ်းများသည် တာဝန်ကျေပွန်အောင် အဘက်ဘက်က ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။ ရှေ့နေချုပ်ဦးသာထွန်းနှင့် ရှေ့နေချုပ် ဦးအေးမောင်တို့ နှစ်ဦးစလုံးလက်ထက်တွင် ရန်ကုန်တိုင်းဥပဒေအရာရှိအဖြစ် (၁၈-၆-၁၉၉၇) မှ (၁၀-၁၁-၂၀၀၃)အထိ ကာလအတန်ကြာ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**ဒုတိယရှေ့နေချုပ် ဦးခင်မောင်အေး**

ကျွန်တော်၏ ဥပဒေဝန်ထမ်းဘဝတွင် မမေ့နိုင်သော၊ စံပြုဖွယ်ဆရာအဖြစ် ဒုတိယရှေ့နေချုပ်ဆရာ ဦးခင်မောင်အေးအား ဂါရဝပြုတင်ပြပါရစေ။ ကျွန်တော်သာမက ဥပဒေဝန်ထမ်းအားလုံးက လေးစားချစ်ခင်ရသော ဒုတိယရှေ့နေချုပ်ဖြစ်ပါသည်။ ထို့အပြင် တရားရေးဌာနမှ ပြောင်းရွှေ့လာသော တရားရုံးချုပ် တရားသူကြီးဖြစ်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြောင်းရွှေ့လာသော ဝါရင့်အုပ်ချုပ်ရေးအရာရှိဖြစ်ခြင်းတို့ကြောင့် တရားရေးလောက၊ အထွေထွေ အုပ်ချုပ်ရေးဌာန လောကမှ တပည့်အပေါင်းကလည်း ဆရာ့အား လေးစားရိုသေစံပြုကြကြောင်း ဖော်ပြအပ်ပါသည်။

ဆရာဦးခင်မောင်အေးက ကျွန်တော်တို့အား အဓိကသင်ကြားပေးသော အချက်မှာ (**ရိုးသားခြင်း**) ဖြစ်ပါသည်။ ဆရာကိုယ်တိုင် ရိုးသားမှုဖြင့် ဘဝကို တည်ဆောက်ခဲ့ပုံ၊ နယ်ပယ်ဒေသအစုံတွင် ရိုးသားဖြောင့်မတ်ခြင်း၊ တာဝန်သိခြင်း၊ တာဝန်ယူခြင်းတို့ဖြင့် ပိုင်းခြားခဲ့ပုံ၊ အလုပ်နှင့်ပတ်သက်လျှင် ဘယ်သူ့ကိုမျှ မညှာ၊ ပွင့်လင်းစွာ ပြောတတ်၊ ဆိုတတ်၊ ခံယူတတ်ပုံများကို ကျွန်တော်မှတ်သားခံယူခဲ့ပါသည်။ သင်ယူခဲ့ပါသည်။

ကျွန်တော်ရန်ကုန်တိုင်းဥပဒေအရာရှိအဖြစ် တာဝန်ထမ်းစဉ်ကာလတွင် ဆရာဦးခင်မောင်အေး (ဒုတိယရှေ့နေချုပ်)သည် ထိရောက်သော ပြစ်ဒဏ်ချမှတ်ရေးဆပ်ကော်မတီ(ဥက္ကဋ္ဌ) ဆောင်ရွက်နေချိန် ဖြစ်ပါသည်။ နိုင်ငံတော်က အထူးဖွဲ့စည်းထားသော ဆပ်ကော်မတီဖြစ်ပါသည်။ ထိုဆပ်ကော်မတီတွင် ရန်ကုန်တိုင်းဥပဒေအရာရှိ(စာရေးသူ)အဖွဲ့ဝင် ပါဝင်သောကြောင့် ဆရာနှင့် အစည်းအဝေးတက်ရ၊ ညွှန်ကြားမှုနာခံရ၊ လက်တွေ့လုပ်ဆောင်ရမှုများ ရှိခဲ့ပါသည်။ ထိုအခါ ဆရာဦးခင်မောင်အေး(ဒုတိယရှေ့နေချုပ်)၏ သဘောထား၊ လက်တွေ့လုပ်ဆောင်မှုများကို ကျွန်တော်အနီးကပ် တွေ့မြင်ခဲ့ရပါသည်။ တရားသူကြီး၊ ဥပဒေအရာရှိ၊ ရဲအရာရှိ ပူးပေါင်းလုပ်ဆောင်ရသောတာဝန်များ ပိုမိုလက်တွေ့ကျခဲ့ရပါသည်။

**အငြိမ်းစား**

ဥပဒေဝန်ထမ်း(ဥပဒေအရာရှိ)တာဝန်မှ အငြိမ်းစားယူခဲ့ပြီးသော ကျွန်တော်တို့၏ ဝန်ထမ်းဘဝကို လွမ်းမိပါသည်။ နောက်တစ်ကြိမ် ပြန်မဆုံနိုင်တော့ပါ။ ဝန်ထမ်းဘဝ ပြန်မရတော့ပါ။ နေတတ်၊ ထိုင်တတ်၊ သွားတတ်၊ လာတတ်၊ ပြည်သူ့ဘဝထဲမှာ ပြည်သူ့သားသမီးများအဖြစ် ဥပဒေတာဝန်ကျေပွန်စေရန် သင်ကြားပေးခဲ့သော ဆရာကြီးများအား ထာဝရလေးစား ရိုသေနေကြမည်သာ ဖြစ်ပါသည်။

**စေတနာ**

ဘဝထဲမှာ အမှားအမှန် ရှာတတ်အောင် ဥပဒေပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင်ဆရာကြီးများ၏ သွန်သင်မှုများအား လေးစားရိုသေမှုပြုလျက် မျိုးဆက်သစ်လူငယ်များကို လက်ဆင့်ကမ်းရဦးမည်ဟု တွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေး မျှသာပါ...။ ။

**"ဆရာဦးခင်မောင်အေးက ကျွန်တော်တို့အား အဓိကသင်ကြားပေးသောအချက်မှာ (ရိုးသားခြင်း) ဖြစ်ပါသည်။ ဆရာကိုယ်တိုင် ရိုးသားမှုဖြင့် ဘဝကိုတည်ဆောက်ခဲ့ပုံ၊ နယ်ပယ်ဒေသအစုံတွင် ရိုးသားဖြောင့်မတ်ခြင်း၊ တာဝန်သိခြင်း၊ တာဝန်ယူခြင်းတို့ဖြင့် ပိုင်းခြားခဲ့ပုံ၊ အလုပ်နှင့် ပတ်သက်လျှင် ဘယ်သူ့ကိုမျှမညှာ၊ ပွင့်လင်းစွာပြောတတ်၊ ဆိုတတ်၊ ခံယူတတ်ပုံများကို ကျွန်တော်မှတ်သားခံယူခဲ့ပါသည်။ သင်ယူခဲ့ပါသည်"**

# မြန်မာနိုင်ငံ လူမဲ့ခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှအဆက်*

## အခန်း (၂)

## ကုမ္ပဏီတွင်ပါဝင်သူများ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင်ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်**

၁၅။ (က) ပုဒ်မ၁၄၇၊ ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ် (၁) သို့မဟုတ်(၂) ပါ အခြေအနေတို့အရ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းပြုရန် အဆိုပြုသည့်အခါ ဒါရိုက်တာများအစည်းအဝေးတွင် ဒါရိုက်တာအများစုသည် ကုမ္ပဏီ၏ ကိစ္စရပ်များကို အပြည့်အဝစုံစမ်းခဲ့ပြီး ကုမ္ပဏီသည်ဖျက်သိမ်းမှုစတင်ပြီးချိန်မှ တစ်နှစ်ထက်မကျော်သည့် ကာလအတွင်းယင်း၏ကြွေးမြီကို အတိုးနှင့်တကွပေးချေနိုင်လိမ့်မည်ဟု ထင်မြင်ယူဆလျှင် ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဒါရိုက်တာများ၏ ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်သည် အောက်ပါအခြေအနေများတွင် အကျိုးသက်ရောက်မှုမရှိစေရ-

(၁) ဖျက်သိမ်းမှုအတွက် ဆုံးဖြတ်ချက်ချမှတ်သည့်ရက်မတိုင်မီ (၃)ပတ်အတွင်း ယင်းကြေညာချက်ကို ပြုလုပ်ခဲ့ခြင်း မရှိလျှင်၊ ထို့ပြင်

(၂) ကြေညာချက်မပြုလုပ်မီ နောက်ဆုံးရက်အထိ ကုမ္ပဏီပိုင်ပစ္စည်းများနှင့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရမည့်အချက်များ ပါဝင်သောထုတ်ပြန်ချက် ပြုလုပ်ခဲ့ခြင်း မရှိလျှင်။

(ဂ) အများပိုင်ကုမ္ပဏီ သို့မဟုတ် ယင်းအများပိုင်ကုမ္ပဏီကသာ ပိုင်ဆိုင်သောလက်အောက်ခံ ကုမ္ပဏီဖြစ်ပါက ပုဒ်မခွဲ(ခ)အရ ဒါရိုက်တာများက ပြုလုပ်သော ထိုကြေညာချက်ကို ယင်းကုမ္ပဏီမှ စာရင်းစစ်များ၏ထောက်ခံသည့်အစီရင်ခံစာဖြင့် ပူးတွဲတင်ပြရမည်။

(ဃ) ထိုကြေညာချက်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(င) ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီက ယင်း၏ကြွေးမြီကို အတိုးနှင့် တကွသတ်မှတ်သည့် အချိန်ကာလတွင် အပြည့်အဝပေးချေနိုင်လိမ့်မည်ဟု ထင်မြင်ယူဆရန်ခိုင်လုံသောအကြောင်း မရှိဘဲ ဤပုဒ်မ အရကြေညာချက်ပြုလုပ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်ဆယ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(စ) ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ပြုလုပ်ပြီးနောက် (၃) ပတ်အတွင်းချမှတ်သည် ဆုံးဖြတ်ချက်အရ ကုမ္ပဏီဖျက်သိမ်းခြင်းပြုပြီး ယင်း၏ကြွေးမြီနှင့်အတိုးကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အပြည့်အဝပေးချေနိုင်ခြင်းမရှိကြောင်း ဆန့်ကျင်ကွဲလွဲသည့် အထောက်အထားတင်ပြနိုင်ခြင်းမရှိလျှင် ဒါရိုက်တာ၏ ထင်မြင်ယူဆချက်အား ယုံကြည်ရန်လုံလောက်သောအကြောင်း မရှိခဲ့ဟု မှတ်ယူရမည်။

(ဆ) ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို နည်းဥပဒေအရ သတ်မှတ်ထားသည့်အချိန်ကာလအတွင်းမှတ်ပုံတင်အရာရှိထံ ပေးပို့ခြင်းမပြုပါက ယင်းပျက်ကွက်မှုအတွက် မှတ်ပုံတင်အရာရှိသည်တာဝန်ရှိသူအရာရှိတိုင်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ ခန့်အပ်ခြင်း**

၁၅၂။ (က) ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းပြုရာတွင် ကုမ္ပဏီဖျက်သိမ်းခြင်း ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများ ခွဲဝေရန်အတွက်ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများကို ခန့်အပ်ရမည်။

(ခ) ခန့်အပ်ခံရသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအားခန့်အပ်ခြင်းကို သဘောတူညီကြောင်း စာဖြင့်ရေးသားတင်ပြရမည်။

**ကုမ္ပဏီကကြွေးမြီမပေးဆပ်နိုင်ခြင်း၏ အကျိုးသက်ရောက်မှုများ**

၁၅၃။ (က) ပုဒ်မ ၁၅၁အရ ပြုလုပ်ခဲ့သည့်ကြေညာချက်တွင် ဖော်ပြခဲ့သည့်ကာလအတွင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သင့်လျော်သည်ဟုယူဆသော နောက်ထပ် သတ်မှတ်ကာလတစ်ခုအတွင်း ကုမ္ပဏီသည် ယင်း၏ကြွေးမြီကို အပြည့်အဝပေးနိုင်ရန် အကြောင်းမရှိဟု ပုဒ်မ ၁၅၂ အရ ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ထင်မြင်ယူဆသည့်အခါ ၎င်းသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ထိုသို့ ယူဆသည့်နေ့၏ နောက်မှစတင်ရေတွက်လျက် ၂၈ ရက်ထက်နောက်မကျစေဘဲ မြီရှင်များအစည်းအဝေးကို ခေါ်ယူခြင်း၊

(၂) မြီရှင်များအစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက်မနည်းစေဘဲ မြီရှင်များထံ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာပေးပို့ခြင်း၊

(၃) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကြေညာခြင်း၊ ထို့ပြင်

(၄) အစည်းအဝေးမကျင်းမမီကာလအတွင်း မြီရှင်များကကျိုးကြောင်းဆီလျော်စွာ တောင်းခံလာသည့် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် ပတ်သက်သော အချက်အလက်တို့ကို အခမဲ့ထုတ်ပေးခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာတွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ သတ်မှတ်ထားသည့် အချက်အလက်တို့ကို အခမဲ့ထုတ်ပေးမည့်အကြောင်း ဖော်ပြပါရှိရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည်-

(၁) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ပြုစုရမည်။

(၂) မြီရှင်များ၏အစည်းအဝေးတွင် ထိုထုတ်ဖော်ကြေညာချက်ကို တင်ပြရမည်။

(၃) ထိုအစည်းအဝေးသို့ တက်ရောက်၍ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်တွင် အောက်ပါတို့ကို ဖော်ပြပါရှိရမည်-

(၁) ကုမ္ပဏီပိုင်ပစ္စည်းများ၊ ကြွေးမြီများနှင့် ကုမ္ပဏီကတာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များ၏ အသေးစိတ်အချက်အလက်များ၊

(၂) မြီရှင်များ၏အမည်များနှင့် လိပ်စာများ၊

(၃) ၎င်းတို့အသီးသီးလက်ဝယ်ရှိ ငွေချေးသက်သေခံလက်မှတ်များ၊

(၄) ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ပေးခဲ့သည့်ရက်စွဲများ၊

(၅) နည်းဥပဒေဖြင့်သတ်မှတ်ထားသည့် အခြားအချက်အလက်များ။

(င) ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်သည် မှန်ကန်သည်ဟု ကိုယ်တိုင်သိရှိယုံကြည်ကြောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စိစစ်အတည်ပြုရမည်။

**မြီရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း**

၁၅၄။ ပုဒ်မ၁၅၃အရ မြီရှင်များအစည်းအဝေးကျင်းပခဲ့လျှင် ထိုအစည်းအဝေးသည် ပုဒ်မ ၁၅၆ အရ ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းခြင်းပြုရန် ဆုံးဖြတ်ခဲ့သည့် မြီရှင်များအစည်းအဝေးအဖြစ် မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၁၅၁အရ ကြေညာချက်ကို ပြုလုပ်ဘိသကဲ့သို့ မှတ်ယူကာ ကုမ္ပဏီတွင်ပါဝင်သူများ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည်။

## အခန်း (၃)

## မြီရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**၅အခန်းနှင့်သက်ဆိုင်ခြင်း**

၁၅၅။ ၅အခန်းပါ ပြဋ္ဌာန်းချက်များသည် မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့်သက်ဆိုင်စေရမည်။ သို့ရာတွင် ပုဒ်မ ၁၅၄အရ ကုမ္ပဏီတွင်ပါဝင်သူများ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်းသည် မြီရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းအဖြစ်သို့ ကူးပြောင်းသွားသည့်အခါ ပုဒ်မ ၁၅၆ နှင့် ပုဒ်မ ၁၅၇ ပါ ပြဋ္ဌာန်းချက်များသည် မသက်ဆိုင်စေရ။

**မြီရှင်များ၏အစည်းအဝေး**

၁၅၆။ (က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စတွင် ကုမ္ပဏီသည်အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ဆုံးဖြတ်ချက်ကို အဆိုပြုတင်ပြရန်ဖြစ်သည့် ကုမ္ပဏီအစည်းအဝေးအား ကျင်းပမည့်နေ့နှင့် တစ်ရက်တည်းတွင် မြီရှင်များအစည်းအဝေး ခေါ်ယူခြင်း၊

(၂) မြီရှင်များ အစည်းအဝေးကျင်းပမည့်ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက် မနည်းစေဘဲ မြီရှင်များထံမြီရှင်များ အစည်းအဝေးကျင်းပမည့်အကြောင်းကြားစာကို ပေးပို့ခြင်း၊ ထို့ပြင်

(၃) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာကို နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ကြေညာခြင်း။

(ခ) မြီရှင်များအစည်းအဝေးကျင်းပမည့် အကြောင်းကြားစာတွင် ကုမ္ပဏီ၏ မြီရှင်များအမည်နှင့် လိပ်စာတို့ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ရုံးခန်းတွင် အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ကြောင်း သို့မဟုတ် နည်းဥပဒေတွင် ခွင့်ပြုထားသောနည်းလမ်းဖြင့် ကြည့်ရှုစစ်ဆေးနိုင်ကြောင်း ဖော်ပြပါရှိရမည်။

**ဒါရိုက်တာများကမြီရှင်များထံသို့ ကုမ္ပဏီ၏ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်တင်ပြရန် တာဝန်**

၁၅၇။ (က) ကုမ္ပဏီ၏ဒါရိုက်တာများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) နည်းဥပဒေတွင် သတ်မှတ်ဖော်ပြသည့်ပုံစံနှင့် ပါဝင်ရန် သတ်မှတ်ထားသည့် အကြောင်းအရာတို့ပါဝင်သောကုမ္ပဏီ၏ ကိစ္စရပ်များနှင့်ပတ်သက်သည့် ထုတ်ဖော်ကြေညာချက်ကို ရေးသားပြုစုခြင်း၊

(၂) အဆိုပါထုတ်ဖော်ကြေညာချက်ကို ပုဒ်မ ၁၅၆ အရ ကျင်းပသည့်မြီရှင်များအစည်းအဝေးတွင် တင်ပြခြင်း၊ နှင့်

(၃) ဒါရိုက်တာတစ်ဦးကိုအစည်းအဝေးတွင် သဘာပတိအဖြစ် ခန့်အပ်ပြီး အစည်းအဝေးသို့တက်ရောက်၍ သဘာပတိအဖြစ် ဆောင်ရွက်စေခြင်း။

(ခ) အောက်ပါတို့ကိုလိုက်နာရန် ပျက်ကွက်သော ဒါရိုက်တာတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများအား မှတ်ပုံတင်အရာရှိသည် ကျပ်တစ်ဆယ့်နှစ်သိန်း၁ါးသောင်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်-

(၁) ဒါရိုက်တာများသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပုဒ်မခွဲ (က) အား လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ်

(၂) မြီရှင်များအစည်းအဝေးကိုတက်ရောက်ပြီး သဘာပတိအဖြစ် ဆောင်ရွက်ရန် ခန့်အပ်ခံရသည့် ဒါရိုက်တာသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပုဒ်မခွဲ (က) အား လိုက်နာရန် ပျက်ကွက်လျှင်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း**

၁၅၈။ (က) ကုမ္ပဏီ၏မြီရှင်များသည် ပုဒ်မ ၁၅၆ အရ ပြုလုပ်သော အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် ကုမ္ပဏီပိုင်ပစ္စည်းများကို ခွဲဝေရန်အလို့ငှာ ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ရည်ညွှန်းထားသည့် အစည်းအဝေးတွင် မြီရှင်များက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးတစ်ယောက်ကိုမျှ ခန့်ထားခြင်းမရှိပါက ကုမ္ပဏီက စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကို ခန့်ထားနိုင်သည်။

(ဂ) ထိုသို့ခန့်အပ်ခြင်းခံရသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ၎င်းအား ခန့်အပ်ခြင်းကို သဘောတူညီကြောင်း စာဖြင့်ရေးသားတင်ပြရမည်။

## အခန်း(၄)

## တရားရုံးမှ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**တရားရုံးများ၏ စီရင်ပိုင်ခွင့်**

၁၅၉။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီကိုဖျက်သိမ်းရန် စီရင်ပိုင်ခွင့်ရှိသည်။

(ခ) ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီများဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပုဒ်မခွဲ (က) ပါတရားရုံးများအပြင် အခြားသောတရားရုံးများကိုလည်း စီရင်ပိုင်ခွင့် အာဏာအပ်နှင်းနိုင်သည်။

**အထက်တရားရုံးသို့ လျှောက်ထားခြင်း**

၁၆၀။ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်အတွင်း မူလအမှု၌ မေးခွန်းတစ်စုံတစ်ရာပေါ်ပေါက်လာခဲ့လျှင် ယင်းလုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံးကဖြစ်စေ သို့မဟုတ် ၎င်းတို့အနက်မှ တစ်ဦးကဖြစ်စေ၊ သက်ဆိုင်ရာတရားသူကြီးကဖြစ်စေ၊ အထက်တရားရုံးသို့တင်ပြပြီး အကြံဉာဏ်ရယူလိုပါက ထိုတရားသူကြီးသည် သတ်မှတ်ပုံစံတွင် မေးခွန်းနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ဖော်ပြ၍ အထက်တရားရုံးသို့ အဆုံးအဖြတ်ပေးရန်အလို့ငှာ လျှောက်ထားနိုင်သည်။

## ဖျက်သိမ်းရန်လျှောက်ထားခြင်း၏အခြေခံအကြောင်းရင်းနှင့် အကျိုးသက်ရောက်မှုများ

**တရားရုံးက ကုမ္ပဏီအားဖျက်သိမ်းနိုင်သည့်အခြေအနေများ**

၁၆၁။ (က) အောက်ပါအခြေအနေများတွင်တရားရုံးက ကုမ္ပဏီအား ဖျက်သိမ်းနိုင်သည်-

(၁) ကုမ္ပဏီ၏အထူးဆုံးဖြတ်ချက်ဖြင့် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းရမည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်လျှင်၊

(၂) ကုမ္ပဏီသည်ယင်း၏ လုပ်ငန်းကိုဖွဲ့စည်းပြီး တစ်နှစ်အတွင်း စတင်နိုင်ခြင်းမရှိလျှင် သို့မဟုတ် ယင်း၏လုပ်ငန်းကို တစ်နှစ်လုံး ရပ်ဆိုင်းထားခြင်းဖြစ်လျှင်၊

(၃) ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်လျှင်၊ သို့မဟုတ်

(၄) တရားရုံးက ထိုကုမ္ပဏီအား ဖျက်သိမ်းခြင်းသည် တရားမျှတသည်ဟု ထင်မြင်လျှင်၊ သို့မဟုတ်

(၅) အများပြည်သူအကျိုးငှာဖြစ်သည်ဟု တရားရုံးမှ ယုံကြည်လောက်သော အကြောင်းတရားများရှိလျှင်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) အရ အကျိုးဝင်သော အများပြည်သူအကျိုးငှာအကြောင်းတရားများမှာ အောက်ပါတို့ဖြစ်သည်-

(၁) ကုမ္ပဏီတွင် ဒါရိုက်တာများမရှိခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီသည် ယင်း၏မြီရှင်များ သို့မဟုတ် အခြားသူကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ သို့တည်းမဟုတ် အခြားသောလိမ်လည်လှည့်ဖြားလိုသည့် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း သို့မဟုတ် အခြားလုပ်ငန်းတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော လုပ်ငန်းများအား ဆောင်ရွက်ခြင်း။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**ကြွေးမြီမပေးဆပ်နိုင်သူဟု မှတ်ယူခြင်း**

၁၆၂။ (က) ကုမ္ပဏီသည် အောက်ပါအခြေအနေတို့တွင် ကြွေးမြီမပေးဆပ်နိုင်သူ ဖြစ်သည်ဟု မှတ်ယူရမည်-

(၁) ကုမ္ပဏီကနည်းဥပဒေတွင်သတ်မှတ်ထားသည့် အနည်းဆုံး ပမာဏထက်ပိုသည့်ကြွေးမြီကို မြီရှင်သို့ ပေးရန်ရှိပြီး နည်းဥပဒေအရ သတ်မှတ်ထားသည့်ပုံစံဖြင့် ကြွေးမြီပေးဆပ်ရန်အကြောင်းကြားစာအား ကုမ္ပဏီအဖြစ်မှတ်ပုံတင်လိပ်စာ ရှိသည့်ရုံးသို့ ပေးပို့ဆင့်ဆိုအတည်ပြုခဲ့ပြီး ယင်းအကြောင်း ကြားစာအရ ကုမ္ပဏီက ပေးရမည့်ငွေပမာဏကို ပေးဆပ်ရန် ၂၁ ရက်ကျော်လွန်ပြီး နောက်တွင် ထိုကြွေးမြီကို ပေးဆပ်ရန် သို့မဟုတ် တာဝန်ယူအာမခံရန် သို့မဟုတ် မြီရှင်၏ ကျိုးကြောင်းခိုင်လုံသည့် စိတ်ကျေနပ်မှုရရှိစေရန် အလို့ငှာ ညှိနှိုင်းသဘောတူညီချက်ပေးရန်လျစ်လျူရှုခဲ့ခြင်းဖြစ်လျှင်၊ သို့မဟုတ်

(၂) တရားရုံးတစ်ရုံးမှ ကုမ္ပဏီ၏မြီရှင်ကို အသာပေး၍ ချမှတ်သည့်စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်အရ အတည်ပြု ဆောင်ရွက်ချက် သို့မဟုတ် အခြားဆောင်ရွက်ချက်အပေါ် မြီရှင်ကျေနပ်အောင် အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ ဆောင်ရွက်ပေးခြင်းမရှိဟု မြီရှင်က တင်ပြလာလျှင်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်းပြီး ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားတင်ပြနိုင်ခြင်း မရှိလျှင် အတည်ဖြစ်သည်ဟု မှတ်ယူနိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာတင်ခြင်း**

၁၆၃။ (က) ကြွေးမြီမပေးဆပ်နိုင်ခြင်းကြောင့် ကုမ္ပဏီဖျက်သိမ်းရန် တရားရုံးသို့လျှောက်လွှာတင်သွင်းရာတွင် ကုမ္ပဏီ၏ဒါရိုက်တာ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဒါရိုက်တာများကဖြစ်စေ၊ မြီရှင်ကဖြစ်စေ လျှောက်ထားရမည်။ (မြီရှင်ဆိုသော စကားရပ်တွင် မြီရှင်ဖြစ်နိုင်ဖွယ်ရှိသူနှင့် မြီရှင်ဖြစ်ရန် နီးကပ်သည့်အလားအလာရှိသူများလည်း ပါဝင်သည်)

(ခ) ပုဒ်မ ၁၆၁ ပါ အခြေအနေများကြောင့် ကုမ္ပဏီအားဖျက်သိမ်းရန် လျှောက်ထားခွင့်ရှိသူများတွင် ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များအပြင် ကြွေးမြီပေးဆပ်ရန်တာဝန်ရှိသူများနှင့် မှတ်ပုံတင်အရာရှိလည်း ပါဝင်သည်။

**လျှောက်ထားမှုအပေါ်ကြားနာရာတွင် တရားရုံး၏အခွင့်အာဏာ**

၁၆၄။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားမှုကို ကြားနာပြီးနောက် တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း။ သို့မဟုတ်

(၂) လျှောက်ထားမှုကို ပလပ်ခြင်း၊ သို့မဟုတ်

(၃) ကြားနာမှုကိုကန့်သတ်ချက်ဖြင့်ဖြစ်စေ၊ ကန့်သတ်ချက်မပါဘဲဖြစ်စေ ရွှေ့ဆိုင်းခြင်း၊ သို့မဟုတ်

(၄) ကြားဖြတ်အမိန့်ချမှတ်ခြင်း၊ သို့မဟုတ်

(၅) အခြားသင့်သည်ထင်သည့် အမိန့်ချမှတ်ခြင်း။

သို့ရာတွင် တင်ရှိသောကြွေးမြီနှင့် ညီမျှသော ပမာဏရှိသည့် သို့မဟုတ် ယင်းတန်ဖိုးထက်ပိုသည့် ကုမ္ပဏီပိုင်ပစ္စည်းများအား ပေါင်နှံထားသည် သို့မဟုတ် ကုမ္ပဏီ၌ပိုင်ဆိုင်မှုပစ္စည်းလုံးဝမရှိဆိုသောအကြောင်းပြချက်သက်သက်မျှဖြင့် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ရန်ငြင်းဆိုခြင်း မရှိစေရ။

**ကုမ္ပဏီအပေါ် တရားစွဲဆိုခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ဆိုင်းငံ့စေရန် သို့မဟုတ် တားမြစ်ကန့်သတ်စေရန် အခွင့်အာဏာ**

၁၆၅။ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်လွှာတင်သွင်းခဲ့ပြီး ဖျက်သိမ်းရန် အမိန့်ချမှတ်ခဲ့ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို အခြားတရားရုံး သို့မဟုတ် အနုညာတခုံရုံးတွင် ကုမ္ပဏီနှင့်ပတ်သက်သည့် အခြားတရားမမှုခင်း တစ်စုံတစ်ရာ ပြီးပြတ်ခြင်းမရှိသေးလျှင်ကုမ္ပဏီ သို့မဟုတ် မြီရှင် သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူသည်-

(က) ကုမ္ပဏီနှင့်စပ်လျဉ်းသည့်တရားမမှုခင်း တစ်စုံတစ်ရာကို ဆိုင်းငံ့ပေးရန် အဆိုပါတရားရုံး သို့မဟုတ် အနုညာတခုံရုံးသို့ လျှောက်ထားနိုင်သည်၊ သို့မဟုတ်

(ခ) ကုမ္ပဏီနှင့်စပ်လျဉ်း၍ အခြားသောအမှုတွင် ဆက်လက်အရေးယူ ဆောင်ရွက်ခြင်းအဆင့်ဆင့်ကို တားမြစ်ကန့်သတ်ပေးရန်အတွက် ကုမ္ပဏီဖျက်သိမ်းရန် စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးသို့ လျှောက်ထားနိုင်သည်။ထို့ပြင် အဆိုပါ လျှောက်လွှာကို လက်ခံရရှိသည့်တရားရုံး သို့မဟုတ် အနုညာတခုံရုံးသည် စစ်ဆေးစီရင်ဆောင်ရွက်မှုကို ဆိုင်းငံ့ခြင်း သို့မဟုတ် တားမြစ်ကန့်သတ်ခြင်းပြုလုပ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်း**

**ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်းနှင့် ၎င်း၏အခွင့်အာဏာများ**

၁၆၆။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရန် လျှောက်ထားပြီးနောက် အမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို တရားရုံးသည် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် ယာယီစာရင်းရှင်း လင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်သည့်အခါ အောက်ပါတို့ကို သတ်မှတ်ပေးရမည်-

(၁) ထိုသူ၏ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် ကျင့်သုံးရမည့်အခွင့်အာဏာများ၊

(၂) ၎င်းအားပေးရမည့် အခကြေးငွေ။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ခြင်း**

၁၆၇။ (က) တရားရုံးက ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချမှတ်ပါက လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အောက်ပါပုဂ္ဂိုလ်များကို ခန့်ထားရမည်ဖြစ်ပြီး ၎င်းမှ ထိုသို့ခန့်ထားမှုကို သဘောတူကြောင်း တရားရုံးသို့ စာဖြင့် ရေးသားတင်ပြမှသာ ခန့်အပ်ခြင်းအတည် ဖြစ်စေရမည်-

(၁) စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသည့်သူက အမည်စာရင်း တင်သွင်းသူ၊ သို့မဟုတ်

(၂) ထိုသို့အမည်စာရင်းတင်သွင်းထားခြင်းမရှိလျှင် တရားရုံးက ခန့်အပ်သည့် တရားဝင်ပစ္စည်းထိန်းအရာရှိ။

(ဂ) မည်သည့်လူမွဲခံခြင်းဆိုင်ရာကျွမ်းကျင်သူကိုမျှ ခန့်အပ်နိုင်ခြင်းမရှိပါက တရားရုံးသည်တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်နိုင်သည်။

**တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်သည့် လုပ်ငန်းစဉ်**

၁၆၈။ (က) တရားရုံးသည် တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါက ၎င်းသည် မြီရှင်များအကျိုးအတွက် မြီရှင်များအစည်းအဝေးကို အောက်ပါကိစ္စရပ်များအလို့ငှာ ခေါ်ယူရမည် -

(၁) တရားဝင်ပစ္စည်းထိန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခြင်းအား အတည်ပြုရန်၊ သို့မဟုတ်

(၂) တရားဝင်ပစ္စည်းထိန်းအစား လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင်အဖြစ်ဆောင်ရွက်ရန် အရည်အချင်းရှိသူတစ်ဦးအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ရွေးချယ်ခန့်ထားရန်။

(ခ) တရားဝင်ပစ္စည်းထိန်းသည် ပုဒ်မခွဲ(က) အရ ခေါ်ယူသည့်မြီရှင်များ အစည်းအဝေးကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ဆင့်ဆိုခေါ်ယူကျင်းပရမည်ဖြစ်ပြီး ၎င်းအားခန့်အပ်သည့်နေ့၏နောက်မှ စတင်ရေတွက်လျက် (၂၁) ရက်ထက်နောက်မကျစေဘဲ အစည်းအဝေးကို ကျင်းပရမည်။

(ဂ) ဤပုဒ်မအရ ခန့်အပ်ထားသည့် တရားဝင်ပစ္စည်းထိန်းက ကုမ္ပဏီတွင် မြီရှင်များအစည်းအဝေးအား ဆင့်ဆိုခေါ်ယူကျင်းပရန် လုံလောက်သည့် ဘဏ္ဍာငွေကြေးမရှိဟု သုံးသပ်ဆုံးဖြတ်ပါက ပုဒ်မခွဲ (က) နှင့် (ခ) အား လိုက်နာဆောင်ရွက်ရန် မလိုအပ်စေရ။

**ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုအစားထိုးရန် အစည်းအဝေးခေါ်ယူခြင်း**

၁၆၉။ (က) ပစ္စည်းထိန်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားကြောင်းကို အများပြည်သူသို့ အသိပေးအကြောင်းကြားစာ ထုတ်ပြန်သည့်နေ့၏နောက်မှ စတင်ရေတွက်လျက် ၂၈ ရက်အတွင်း ကုမ္ပဏီ စုစုပေါင်းကြွေးမြီ၏ အနည်းဆုံးတစ်ဆယ်ရာခိုင်နှုန်းကို ပိုင်ဆိုင်သော မြီရှင်များက စာဖြင့်ရေးသားတောင်းဆိုလျှင် ထိုစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မြီရှင်များအစည်းအဝေးကို အောက်ပါရည်ရွယ်ချက်များအလို့ငှာ ဆင့်ခေါ်ရမည်-

(၁) ၎င်းအားစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားခြင်းကို အတည်ပြုရန်၊သို့မဟုတ်၊

(၂) ကုမ္ပဏီနှင့်စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန်အရည်အချင်းရှိသူတစ်ဦးအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနေရာတွင် အစားထိုးရွေးချယ်ခန့်ထားရန်။

(ခ) ပုဒ်မခွဲ (က) အရ အစည်းအဝေးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အဆိုပါစာဖြင့်ရေးသားတောင်းဆိုချက်အား လက်ခံရရှိသည့်နေ့၏ နောက်မှစတင်ရေတွက်လျက် ၁၄ ရက်အတွင်း ခေါ်ယူရမည်။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှင့်ဆက်၍တရားရုံးကခန့်အပ်ခြင်း**

၁၇၀။ တရားရုံးက စာရင်းရှင်းလင်းဖျက်သိမ်းရန်အမိန့်ကို ချမှတ်ခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေးမန်နေဂျာ၊ အစီအစဉ်ကြီးကြပ်သူ၊ သို့မဟုတ် ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ခန့်ထားခြင်းကို ရပ်ဆိုင်းသွားစေပါက တရားရုံးသည် သင့်လျော်မည်ဟုယူဆလျှင် ထိုသူအား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆက်လက်ခန့်အပ်နိုင်သည်။

**စုံစမ်းစစ်ဆေးခြင်းလုပ်ထုံးလုပ်နည်းများ**

**စာရင်းရှင်းလင်းဖျက်သိမ်းမှုကို ဆိုင်းငံ့ရန် အခွင့်အာဏာ**

၁၇၁။ (က) တရားရုံးသည် ဖျက်သိမ်းသည့်လုပ်ငန်းစဉ်ကို ချက်ချင်း သို့မဟုတ် သတ်မှတ်သည့်အချိန်တွင် သင့်လျော်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ဆိုင်းငံ့သည့် အမိန့်ချမှတ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်ချပြီးနောက် မည်သည့်အချိန်တွင်မဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ မြီရှင်တစ်ဦးဦး သို့မဟုတ် ကြွေးမြီဆပ်ရန် တာဝန်ရှိသူကဖြစ်စေ ဆိုင်းငံ့မိန့်ချမှတ်ပေးရန် လျှောက်ထားသည့်အခါ ၎င်းတို့က စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းစဉ်များအား ဆိုင်းငံ့သင့်ကြောင်း ကျေနပ်လက်ခံအောင် သက်သေထင်ရှားပြနိုင်လျှင် တရားရုံးသည် ဆိုင်းငံ့သည့်အမိန့်ကို ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ဤပုဒ်မအရ အမိန့်မချမှတ်မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား အဆိုပါဆိုင်းငံ့မှုနှင့်သက်ဆိုင်သည်ဟု ယူဆသည့် အချက်အလက်နှင့် အကြောင်းအရာများပါဝင်သောအစီရင်ခံစာ တစ်စောင်ကို တရားရုံးသို့ တင်ပြစေရန်ညွှန်ကြားနိုင်သည်။

**အခန်း(၅)**

**နောက်ဆက်တွဲ အကျိုးဆက်များ**

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များ**

၁၇၂။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ပြီးနောက်-

(က) ကုမ္ပဏီအားဖျက်သိမ်းပြီးသည်အထိ ကုမ္ပဏီ၏အခြေအနေနှင့် လုပ်ပိုင်ခွင့်တို့သည် ဆက်လက်တည်ရှိသည်။

(ခ) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေသည့် လိုအပ်သမျှသော လုပ်ငန်းဆောင်ရွက်မှုမှတစ်ပါး ကျန်သည့်လုပ်ငန်းဆောင်ရွက်ချက်အရပ်ရပ်တို့ကို ရပ်စဲရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက သဘောတူညီခွင့်ပြုထားသည်မှတစ်ပါး သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပါက ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတွင် သဘောတူညီခွင့်ပြုထားသည်မှတစ်ပါး ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များသည် ရပ်စဲသွားစေရမည်။

(ဃ) ကုမ္ပဏီ သို့မဟုတ် ယင်း၏ပစ္စည်းနှင့်စပ်လျဉ်း၍ တရားရုံး၏ခွင့်ပြုချက် သို့မဟုတ် တရားရုံးကသတ်မှတ်သည့် စည်းကမ်းသတ်မှတ်ချက်များအရမှတစ်ပါး မည်သည့်အရေးယူဆောင်ရွက်မှု သို့မဟုတ် လျှောက်ထားမှု သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုမျှ ဆောင်ရွက်ခြင်း သို့မဟုတ် စတင်ခြင်း မပြုရ။

(င) တရားရုံး၏အမိန့်ဖြင့်ဆောင်ရွက်သည်မှတစ်ပါး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီ၏ပိုင်ဆိုင်မှုများအား စီမံခန့်ခွဲဆောင်ရွက်ချက်များသည် ပျက်ပြယ်စေရမည်။

(စ) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ပြီးနောက်မှ ကုမ္ပဏီ သို့မဟုတ် ယင်း၏ပိုင်ဆိုင်မှုတို့အား ဝရမ်းစွဲကပ်ခြင်း၊ ပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ပစ္စည်းဖမ်းယူသိမ်းဆည်းခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်း ဟူသမျှသည် ပျက်ပြယ်စေရမည်။

(ဆ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ပြီးနောက်မှ ပြုလုပ်သည့် အစုရှယ်ယာ လွှဲပြောင်းမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ လွှဲပြောင်းခြင်းမဟုတ်လျှင် သို့မဟုတ် ၎င်း၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သော လွှဲပြောင်းမှုမျိုးမဟုတ်လျှင် ထိုအစုရှယ်ယာလွှဲပြောင်းမှုနှင့် ထိုသို့လွှဲပြောင်းမှုကြောင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ အခြေအနေအဆင့်အတန်းအား ပြောင်းလဲမှု ဟူသမျှသည် ပျက်ပြယ်စေရမည်။

**ကုမ္ပဏီပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်း**

၁၇၃။ စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်ချမှတ်ပြီးနောက် သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအားခန့်ထားပြီးနောက်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီ ပိုင်ပစ္စည်းများ သို့မဟုတ် ပိုင်ဆိုင်ရန်အလားအလာရှိသည့် ပစ္စည်းများအားလုံးကို ၎င်း၏ထိန်းသိမ်းမှုအောက် သို့မဟုတ် ကြီးကြပ်မှုအောက်တွင် ထားရှိရမည်။

**ကုမ္ပဏီပိုင်ပစ္စည်းများသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားခြင်း။**

၁၇၄။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လျှောက်ထားလျှင် တရားရုံးသည် ကုမ္ပဏီက ပိုင်ဆိုင်သည့် သို့မဟုတ် ၎င်း၏ကိုယ်စား ယုံမှတ်အပ်နှံခံရသူက ထိန်းသိမ်းထားသည့် ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရာထူးအလျောက်အမည်ဖြင့် ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားစေရန် အမိန့်ချနိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

**အတည်ပြုခြင်းနှင့် ဝရမ်းစွဲကပ်ခြင်း၏ အကျိုးသက်ရောက်မှု**

၁၇၅။ (က) မြီရှင်က ကုမ္ပဏီ၏ မြေနှင့်ကုန်ပစ္စည်းများအပေါ် ဒီကရီအတည်ပြုဆောင်ရွက်ရာတွင်လည်းကောင်း သို့မဟုတ် ၎င်းအားပေးရန်ရှိသည့်ကြွေးမြီတစ်ရပ်အရ ဝရမ်းစွဲကပ်ပြီးနောက်အတည်ပြု ဆောင်ရွက်ရာတွင်လည်းကောင်း ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်လျှင် မြီရှင်သည် ထိုသို့စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမစတင်မီ ဒီကရီအကောင်အထည်ဖော်ခြင်း သို့မဟုတ် ဝရမ်းစွဲကပ်ခြင်းကို ပြီးဆုံးအောင်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် အဆိုပါ ဒီကရီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း သို့တည်းမဟုတ် ဝရမ်းစွဲကပ်ခြင်း၏ အကျိုးအမြတ်ကို မြီရှင်က ရရှိခံစားပိုင်ခွင့် မရှိစေရ။

(ခ) သို့ရာတွင်-

(၁) မြီရှင်သည် ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကို အဆိုပြုရန်အတွက် ဆုံးဖြတ်ချက်ပြုလုပ်ရန် ခေါ်ထားပြီးဖြစ်သည့် အစည်းအဝေး၏အကြောင်းကြားစာကိုရပြီးလျှင် ပုဒ်မခွဲ (က)၏ ရည်ရွယ်ချက်အလို့ငှာ ဖျက်သိမ်းမှုစတင်သည့်ရက်အတွက် မြီရှင်က အကြောင်းကြားစာရရှိခဲ့သည့်ရက်ကို အစားထိုးရမည်။

(၂) တရားရုံးအမိန့်ကို အတည်ပြုဆောင်ရွက်ရသူအရာရှိက ကုမ္ပဏီ၏ ကုန်ပစ္စည်းတစ်ခုခုအား ရောင်းချသည်ကိုသဘောရိုးဖြင့်ဝယ်ယူမိသူသည် ယင်းပစ္စည်းနှင့်စပ်လျဉ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ဆန့်ကျင်၍ ခိုင်မာသော ပိုင်ဆိုင်ခွင့်ကို ရရှိစေနိုင်သည်။

(၃) မြီရှင်အားအနိုင်ပေးသည့် ဒီကရီနှင့်စပ်လျဉ်း၍ တရားရုံးသည် သင့်သည်ထင်သည့် အတိုင်းအတာနှင့် စည်းကမ်းချက်များသတ်မှတ်ကာ ပုဒ်မခွဲ(က)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အပ်နှင်းထားသည့် အခွင့်အရေးများကို ပယ်ဖျက်နိုင်သည်။

(၄) ဒီကရီအရ မြီရှင်ရရှိသည့် အကျိုးအမြတ်အား ပုဒ်မ ၃၆၁ ပါ ပြဋ္ဌာန်းချက်အရ ပယ်ဖျက်နိုင်သည်

*(ဆက်လက်ဖော်ပြပါမည်)*

# အင်းတော်မြို့နယ်မှ မြန်မာ့အကြီးဆုံးစည်တော်ကြီးကို ယခုနှစ်အတွင်း အပြီးပြုလုပ်သွားမည်

**အင်းတော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လက်ပံကုန်း ကျေးရွာတွင် ထွင်းထုပြုလုပ်နေသည့် မြန်မာ့အကြီးဆုံးစည်တော်ကြီးကို ယခုနှစ်အတွင်း ပြီးစီးအောင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆရာပွဲ မြန်မာတူရိယာအမျိုးမျိုးလုပ်ငန်းမှ သိရသည်။

အဆိုပါ မြန်မာ့အကြီးဆုံးစည်တော်ကြီးကို ထွင်းထုနေသည့် အသားမှာ ကုက္ကိုသားဖြစ်ပြီး အင်းတော်မြို့သုသာန်ရှင်းလင်းရာမှ ရရှိခြင်းဖြစ်ကြောင်း၊ စည်တော်ကြီး ထွင်းထုပြုလုပ်မှုကို ယခုနှစ် ဇေဖော်ဝါရီလအတွင်းကပင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း ဆရာပွဲ မြန်မာတူရိယာအမျိုးမျိုးလုပ်ငန်းမှ ဦးကျော်ညွန့်က ပြောသည်။

"ပန်းပုတွေအကုန်လုံးက ထုပြီးသွားပြီ၊ အခုက စည်မျက်နှာပြင်အုပ်ပြီး သားရေကြိုးနဲ့ပတ်ဖို့အတွက်ပဲ လိုပါတော့တယ်။ အဲဒီလိုလုပ်ပြီးမှ ဆေးခြယ်ရမှာပါ။ သားရေက တစ်ဖက်အတွက်ပဲ ရသေးတယ်။ တစ်ဖက်အတွက် မရသေးဘူး။ အဲဒါကြောင့် ကြန့်ကြာနေတာပါ။ ဒီနှစ်ထဲတော့ အပြီးလုပ်ဆောင်သွားမှာပါ"ဟု ၎င်းကပြောသည်။

ကုက္ကိုသားဖြင့်ပြုလုပ်နေသည့် အဆိုပါစည်တော်ကြီးမှာ အရှည် ၁၀ ပေ ၈ လက်မ၊ စည်မျက်နှာပြင် ထိပ်ဝတစ်ဖက်လျှင် အကျယ် ၅ ပေ ၄ လက်မ ရှိမည်ဖြစ်ပြီး စည်၏အလယ်ပိုင်း သစ်သားစည်နေရာအပိုင်းများတွင် မြတ်စွာဘုရား၏ ၁၀၈ ကွက်သော ဗုဒ္ဓခြေတော်ရာစက်လက္ခဏာအား နတ်သားများက ပူဇော်နေသည့်ပုံကို ထည့်သွင်းကာ ကြည်ညိုဖွယ်ရာဖြစ်အောင် ပြုလုပ်ထားသည်။ စည်၏အတွင်းပိုင်းတွင်မူ ဂါထာများထွင်းထုထားကြောင်း သိရသည်။

အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာရှိ ဆရာပွဲ မြန်မာတူရိယာအမျိုးမျိုးလုပ်ငန်းသည် မြန်မာ့ရိုးရာ အိုးစည်၊ ဗုံ၊ ပတ်လုံး၊ ပတ်မ၊ စည်တို၊ ပဟိုရ်စည်၊ ဓမ္မစည်၊ စခွံ့ စသည်တို့ကို လုပ်ကိုင်ရောင်းချ၍ အသက်မွေးဝမ်းကျောင်းပြုခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော် ရှိခဲ့ပြီဖြစ်သည်။ ယခုထုလုပ်နေသည့် မြန်မာ့အကြီးဆုံးဖြစ်လာမည့် စည်တော်ကြီးကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ကလည်း ယခုနှစ်မတ်လအတွင်းက လာရောက်ကြည့်ရှုခဲ့ကြောင်းနှင့် ဆရာပွဲ မြန်မာတူရိယာအမျိုးမျိုးလုပ်ငန်းအနေဖြင့် စည်တော်ကြီးထုလုပ်ပြီးစီးပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လျှောဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ကျိုက္ကဆံကွင်းဌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် ၂၀၁၈ ခုနှစ် သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ (7th South East Asian Open Archery Championships 2018)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကြီးတွင် အိမ်ရှင် မြန်မာနှင့် အတူ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အီရန်၊ အီရတ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တိုင်ပေ၊ ဗီယက်နမ်နှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ အားကစားမောင်မယ် ပြိုင်ပွဲဝင်ဦးရေ အနည်းဆုံး ၇၀ မှ ၁၅၀ ခန့်အထိ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲကြီးကို ရန်ကုန်မြို့တာမွေမြိုနယ်ရှိ ကျိုက္ကဆံကွင်း ဂိတ်အမှတ်(၅) မြားပစ်အားကစားပြိုင်ကွင်းဌ နိုဝင်ဘာ ၂ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အားကစားနည်း (Event)တစ်ခုလျှင် ပြိုင်ပွဲ အမျိုးအစားခြောက်မျိုးရှိမည်ဖြစ်ရာ Event 12 မျိုး

ပြိုင်ပွဲတစ်ခုတွင် မြားပစ်အားကစားသမားများ ယှဉ်ပြိုင်နေစဉ်။

အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ စုစုပေါင်း ၇၂ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက "ကျွန်တော်တို့ အခုလို အပြည်ပြည်ဆိုင်ရာ မြားပစ်ပြိုင်ပွဲကျင်းပခြင်းဖြင့် မြန်မာနိုင်ငံရဲ့အေးချမ်းမှု၊ ခေတ်မီတိုးတက်မှု အဆင့်အတန်းတို့ကို နိုင်ငံတကာက မြင်တွေ့စေချင်လို့ဖြစ်ပါတယ်၊ ကမ္ဘာနဲ့ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်တို့ရဲ့ ခုလိုပြိုင်ပွဲတွေကို လက်ခံကျင်းပခြင်းအတွက် ကမ္ဘာနိုင်ငံတွေနဲ့ အရှေ့တောင်အာရှနိုင်ငံတွေရဲ့အမြင်မှာ နိုင်ငံတော်ဂုဏ်သိက္ခာ မြင့်တက်စေလိုပါတယ်၊ အတွေ့အကြုံကောင်းများလည်းရရှိလာမယ်၊ ရရှိလာတဲ့ အတွေ့အကြုံကောင်းတွေကို အသုံးချတတ်လာမယ်၊ ဒီအတွက် မြန်မာ့အားကစားလည်း အဆင့်အတန်းမြင့်မားလာမယ်၊ တိုးတက်လာမယ်၊ နိုင်ငံအချင်းချင်း ခင်မင်ရင်းနှီးမှု ချစ်ကြည်ရင်းနှီးမှုတွေရလာမယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ လူငယ်လူရွယ်တွေ အားကစားကို စိတ်ဝင်စားမှုရှိလာမယ်၊ အရှေ့တောင်အာရှနဲ့ အာရှအဆင့်၊ ကမ္ဘာအဆင့် အထိ တက်လှမ်းနိုင်ဖို့ကို ကြိုးပမ်းရင်း ကြိုးစားရင်းနဲ့ ကျွန်တော်တို့ မြန်မာ့အားကစားအောင်နိုင်ရေးအတွက် များစွာ အထောက်အကူဖြစ်စေမယ်လို့ ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

မြားပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိပြီးနောက် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားကစားနှင့်ကာယပညာဦးစီးဌာန(ရန်ကုန်) ကျိုက္ကဆံကွင်းအစည်းအဝေးခန်းမ၌ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးများကိုလည်း ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

# ကျန်းမာရေးနှင့် မူးယစ်ဆေးအန္တရာယ်ဟောပြော နယ်လှည့်စာဖတ်ဝိုင်း လောက်ကိုင်မြို့၌ ကျင်းပ

**လောက်ကိုင် အောက်တိုဘာ ၂၃**

လောက်ကိုင်ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လောက်ကိုင်)မှ သင်တန်းသားများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာဖတ်ဝိုင်းကို အောက်တိုဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

သင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ၊ ဒုတိယဦးစီးမှူး ဦးညီမောင်ဘဦးက ဆေးလိပ်၊ ကွမ်းယာ၊ အရက်နှင့် မူးယစ်ဆေးဝါးများ၏ အန္တရာယ်နှင့် ဆိုးကျိုးများကို ဟောပြောကြသည်။

ထို့နောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းရှိ ကျောင်းသားများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် စာဖတ်ဝိုင်းကို ကျင်းပပေးပြီးနောက် ဆေးလိပ်၊ ကွမ်းယာ၊ အရက်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကိုလည်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

**တမူး အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံ ချင်းတွင်းဒေသဖွံ့ဖြိုးမှုအဖွဲ့အစည်းနှင့် အိန္ဒိယနိုင်ငံမှ Business Excellence Group တို့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရေးအတွက် စီမံကိန်းများပူးပေါင်းလုပ်ဆောင်ရန် နားလည်မှုစာချွန်လွှာကိုအောက်တိုဘာ ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ လက်မှတ်ရေးထိုးခဲ့သည်။

လက်မှတ်ရေးထိုးပွဲသို့ ချင်းတွင်းဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းလီမိတက်မှ ဒါရိုက်တာဦးစီးမြင့်၊ အိန္ဒိယနိုင်ငံ Act East Policy Committee မှ ကိုယ်စားလှယ်များနှင့် Business Excellence Group မှ တာဝန်ရှိသူများ တက်ရောက်၍ လက်မှတ်ထိုးခဲ့ကြသည်။ အဆိုပါ နားလည်မှုစာချွန်လွှာသည် အိန္ဒိယနှင့် မြန်မာနိုင်ငံကြား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ဆက်ဆံရေးကို ပိုမိုတိုးတက်စေရန်၊ စည်းလုံးညီညွတ်မှုနှင့် နှစ်ဖက်နိုင်ငံနယ်စပ်ဒေသတွင် နေထိုင်သူများ အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ဖေးမထောက်ပံ့မှုများ တိုးတက်မြင့်မားလာစေရန်၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သယံဇာတ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို နှစ်နိုင်ငံရှိ ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေသော ဒေသများတွင် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။

"ကျွန်တော်တို့ အခုရေးထိုးလိုက်တဲ့ နားလည်မှုစာချွန်လွှာမှာ နှစ်နိုင်ငံလုံးအတွက် အရေးပါတဲ့ ကဏ္ဍတွေကို လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားဖို့ သဘောတူညီချက် ပါဝင်ပါတယ်။ အဓိက အနေနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုများပြားလာအောင် ဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံ ဆက်သွယ်ရေး လုံခြုံစိတ်ချရပြီး အဆင်ပြေချောမွေ့စေရန်ဆောင်ရွက်ခြင်းနဲ့ ဒေသတွင်းနေထိုင်သူတွေအတွက် လူမှုဘဝ တိုးတက်ဖွံ့ဖြိုးလာစေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ချင်းတွင်းဒေသဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက်မှ ဒါရိုက်တာ ဦးစိုးမြင့်က ပြောကြားသည်။

Business Excellence Group မှ တာဝန်ရှိသူကလည်း "အခုလို နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် အလွန်အားရဝမ်းသာမိပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမယ့် ကဏ္ဍအသီးသီးမှာ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယခုလို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးသဘောတူ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်ဖွံ့ဖြိုးလာစေမည့်အပြင် ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူနေမှုအဆင့်အတန်းများလည်း တိုးတက်လာနိုင်ပြီး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများလည်း ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# ပြည်သူကိုတိုက်ရိုက်အကျိုးရှိစေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးအန္တရာယ်တုံ့ပြန်ရေး ဆောင်ရွက်ပေး

## ကိုနေ(လူမှု/ကယ်ဆယ်)

**ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် (Maternal and Child Cash Transfer- MCCT) နှင့် သက်ကြီးရွယ်အိုများအား ငွေကြေးအထောက်အပံ့ပေးသည့် လူမှုရေးပင်စင် အစီအစဉ်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ MCCT အစီအစဉ်ဖြင့် မိခင်ဝမ်းတွင်းမှ ကလေးအသက် ၂ နှစ်အထိ လူသားဘဝအစ ရက်ပေါင်း ၁၀၀၀ အတွင်း ဦးနှောက်ဖွံ့ဖြိုးမှုနှင့် ခန္ဓာကိုယ်ပုံမှန်ကြီးထွားရန် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော ကလေးအသက် ၂ နှစ်အထိ ငွေကြေးထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိသည်။

ငွေကြေးထောက်ပံ့မှုနှင့်အတူ အာဟာရဖွံ့ဖြိုးရေး၊ မိသားစုစီမံကိန်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကိုပါ ဆောင်ရွက်လျက်ရှိပြီး အဆိုပါအစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ သက်ကြီးရွယ်အိုများအား ငွေကြေးအထောက်အပံ့ပေးသည့် လူမှုရေးပင်စင် အစီအစဉ်ကို မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအားလုံးကို ထောက်ပံ့ပေးလျက်ရှိသည်။

**ကိုယ်ဝန်ဆောင်နှင့် မိခင်များအတွက် ထောက်ပံ့**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကိုယ်ဝန်ဆောင်နှင့် မိခင်ဦးရေ ၇၇၂၄၀ အတွက် ထောက်ပံ့ငွေကျပ် ၉ ဒသမ ၀၇၁ ဘီလီယံနှင့် တစ်နိုင်ငံလုံးရှိ အသက် ၉၀ နှစ်အထက် သက်ကြီးဘိုးဘွား ၄၀၉၀၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၄ ဒသမ ၆၉၁ ဘီလီယံကို လည်းကောင်း၊ ၂၀၁၈ ဧပြီလမှစ၍ စက်တင်ဘာလထိ ၆ လ ဘဏ္ဍာရေးနှစ်တွင် ကိုယ်ဝန်ဆောင်နှင့် မိခင်ဦးရေ ၉၃၇၆၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၇ ဒသမ ၃၀၀ ဘီလီယံနှင့် တစ်နိုင်ငံလုံးရှိအသက် ၉၀ နှစ်အထက် သက်ကြီးဘိုးဘွား ၄၃၄၃၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂ ဒသမ ၅၅၅ ဘီလီယံကို လည်းကောင်း ထောက်ပံ့ပေးခဲ့သည့်အတွက် စုစုပေါင်းငွေကျပ် ၂၃ ဒသမ ၆၂၇ ဘီလီယံ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချင်း၊ ရခိုင်၊ နာဂဒေသများအပြင် ကရင်ပြည်နယ်၊ ကယားပြည်နယ်တို့ကိုပါ တိုးချဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ရာ အကျိုးခံစားခွင့်ရှိသူ ကိုယ်ဝန်ဆောင်နှင့် မိခင်ဦးရေ ၁၅၅၆၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၈ ဒသမ ၀၁၃ ဘီလီယံနှင့် တစ်နိုင်ငံလုံးရှိအသက် ၉၀ နှစ်အထက် သက်ကြီးဘိုးဘွား ၄၃၄၃၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂ ဒသမ ၅၅၅ ဘီလီယံကို လည်းကောင်း ထောက်ပံ့ပေးခဲ့သည့်အတွက် စုစုပေါင်းငွေကျပ် ၂၃ ဒသမ ၆၂၇ ဘီလီယံ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်သည်။

ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်နှစ်ခုအပြင် ဘဏ္ဍာရေးနှစ်အတွင်း တစ်ကြိမ်တည်းသာ ထောက်ပံ့မှုပေးသည့် မသန်စွမ်းသူများအတွက် ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအစီအစဉ်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ မသန်စွမ်းသူ ၂၀၄၃၂ ဦးအတွက် ထောက်ပံ့ငွေကျပ် ၀ ဒသမ ၆၀၉ ဘီလီယံ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

အလားတူ ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၀၂၅ ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁ ဒသမ ၆၀၈ ဘီလီယံ၊ မိခင်ဝိုင်း ၄၇၃ ဝိုင်းအတွက် ထောက်ပံ့ငွေကျပ် ၀ ဒသမ ၅၈၃ ဘီလီယံနှင့် စေတနာ့ဝန်ထမ်းအဖွဲ့များအတွက် ထောက်ပံ့ငွေကျပ် ၁ ဒသမ ၈ ဘီလီယံကို ထောက်ပံ့ပေးပြီးဖြစ်သည်။ ထို့ကြောင့် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၇၃ ဒသမ ၀၄ ဘီလီယံ ထောက်ပံ့ပေးပြီးဖြစ်သည်။

**သဘာဝဘေးအရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ**

ဘေးဒဏ်ခုခံရင်ဆိုင်နိုင်စွမ်းရှိသော လူမှုအသိုက်အဝန်း ဖြစ်ပေါ်စေရေးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သဘာဝဘေးအရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုများ စသည့်လုပ်ငန်းများအတွက် ငွေကြေးသုံးစွဲမှုကို နိုင်ငံတော်မှ ခွင့်ပြုပေးသည့် ဘတ်ဂျက်ရန်ပုံငွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီရန်ပုံငွေမှ ငွေကျပ် ၂၀ ဘီလီယံနှင့် လျှျဒါန်းငွေများဖြင့် ကျခံသုံးစွဲ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စက်တင်ဘာလ ၂၇ ရက်နေ့အထိ ကာလအတွင်း၌ မြန်မာနိုင်ငံတစ်ဝန်း စုစုပေါင်း ဘေးဖြစ်ပွားမှု ၆၆၀၇ ကြိမ်ရှိခဲ့ရာ လူဦးရေ ၁၄၁၂ ဦး သေဆုံးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ပြောင်းရွှေ့စရိတ်များ၊ သေဆုံး/ ဒဏ်ရာ ထောက်ပံ့မှုများ၊ ရေမျောလုပ်သားထောက်ပံ့မှုများ စသည်ဖြင့် ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ရာ ဝန်ကြီးဌာန၏ ဘတ်ဂျက်ရန်ပုံငွေမှ ငွေကျပ် ၁၄ ဒသမ ၁၅၇ ဘီလီယံနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၄၀၀ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၆ ဒသမ ၅၅၇ ဘီလီယံကို သုံးစွဲထောက်ပံ့ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့အထိ ထောက်ပံ့မှုမှာ သဘာဝဘေးများအတွက် ငွေကျပ် ၁၆ ဒသမ ၂၃၉ ဘီလီယံ၊ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ငွေကျပ် ၂၈ ဒသမ ၇၇၂ ဘီလီယံ၊ အသိပညာပေးလုပ်ငန်းများအတွက် ငွေကျပ် ၀ ဒသမ ၅၉၃ ဘီလီယံ စုစုပေါင်း ငွေကျပ် ၄၅ ဒသမ ၆၀၄ ဘီလီယံ ထောက်ပံ့ပေးခဲ့သည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ**

ထောက်ပံ့ကူညီမှုများနှင့်အတူ Cyclone Shelter များ၊ ဘက်စုံသုံးဘေးဒဏ်ခံအဆောက်အအုံ (Multi-Purpose Shelter) များတည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်း၊ မြေထိန်းနံရံများ ပြုလုပ်ပေးခြင်း၊ လမ်း၊ တံတားများ၊ တာတမံများ ပြုပြင်တည်ဆောက်ခြင်း၊ ရေတွင်း/ရေကန်များ တူးဖော်ပြုပြင်ပေးခြင်း၊ စက်လေ့၊ ဖိုက်ဘာလေ့၊ အသက်ကယ်အင်္ကျီများ ထောက်ပံ့ခြင်း၊ IDP တဲတန်းလျားများ ပြုပြင်ခြင်းစသည့် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ငွေကျပ် ၂၈ ဒသမ ၇၇၂ ဘီလီယံ သုံးစွဲဆောင်ရွက်ခဲ့သည်။

ထို့ပြင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနကို စတင်ဖွဲ့စည်းကာ ကလေးသူငယ်နှင့် လူငယ်ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ သက်ကြီးရွယ်အို ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ ဘေးဒဏ်ခံရသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ အမျိုးသမီးပြန်လည်ထူထောင်ရေးလုပ်ငန်း၊ ရွှေ့ပြောင်းလုပ်သားများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ လက်နက်ကိုင်တပ်ဖွဲ့၊ လက်နက်ကိုင်အုပ်စုနှင့် ပတ်သက်ဆက်နွယ်နေသော ကလေးသူငယ်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ လူကုန်ကူးခံရသူများ ပြန်လည်ပေါင်းစည်းရေး၊ ပြန်လည်ဝင်ဆံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို အဓိကထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ မသန်စွမ်းသူများအသင်းအဖွဲ့များ၊ သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း စသည့်လုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိသည်။

**မသန်စွမ်းသူများ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး**

အလားတူ မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး၊ အမှီအခိုကင်းစွာ နေထိုင်နိုင်ရေးတို့အပြင် မသန်စွမ်းသူများ၏ အခြားသော အခွင့်အရေးများဖြစ်သည့် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ နယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သတင်းအချက်အလက်ရယူနိုင်ခွင့်၊ မသန်စွမ်းသူများအတွက် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ တန်းတူညီမျှရေးတို့ကိုပါ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ထောက်ပံ့ကြေးငွေပေးအပ်ခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ထောက်ပံ့ခဲ့ရာ ယနေ့အထိ ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ ၄၀၀ အား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၈၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။

**“ လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ကြီးရွယ်အိုများ ဝင်ငွေလုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်နိုင်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ငွေကြေးထောက်ပံ့ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်၏ ရန်ပုံငွေခွင့်ပြုနိုင်မှုအပေါ် မူတည်၍ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များအား ဆက်လက်တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ”**

အချုပ်အားဖြင့်ဆိုရသော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ကြီးရွယ်အိုများ ဝင်ငွေလုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်နိုင်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ငွေကြေးထောက်ပံ့ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်၏ ရန်ပုံငွေခွင့်ပြုနိုင်မှုအပေါ် မူတည်၍ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များအား ဆက်လက်တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုထိရောက်စေရန်၊ ဘေးဒဏ်ခံစားရသည့် ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်၊ ဘေးသင့်ပြည်သူများ လတ်တလော စားဝတ်နေရေး ပြေလည်စေရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင်လည်း ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အုတ်ဖိုမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်း စပါးစိုက်သူများ ထိခိုက်ပျက်စီးမှုမရှိဟု သိရ

**အုတ်ဖို အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် အောက်တိုဘာ ၂၁ ရက်မှစ၍ ယနေ့အထိ မိုးအဆက်မပြတ် ရွာသွန်းခဲ့သော်လည်း ရေကြီးရေလျှံခြင်း၊ လေပြင်းတိုက်ခတ်ခြင်းစသည့်သဘာဝဘေးအန္တရာယ်များ မကျရောက်သဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

ယခင်ရက်များက သက်ကြီးစပါးစိုက် တောင်သူများအနေဖြင့် အောင်ရေလိုအပ်နေချိန်တွင် ယခုကဲ့သို့ မိုးရွာသွန်းမှုကြောင့် အောင်ရေများရရှိကာ ဆောင်းသီးနှံအတွက်လည်း လုံလောက်သော မြေအနေအထားရရှိမည်ဟု မျှော်လင့်ရသဖြင့် ဝမ်းသာရကြောင်း သင်မန်းကုန်းကျေးရွာနေ သက်ကြီးစပါးစိုက်တောင်သူ ဦးသောင်းညွန့်က ပြောသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း မြေစိုက်နံရံကပ်ဘုတ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ နံရံကပ်စာစောင်များ ပြသ၍ ပြည်သူများကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်သူဆွေ**

# ကျွဲ၊ နွား၊ ပွဲစျေး ခင်ဦးမြို့နယ်၌ ဖွင့်လှစ်

**ခင်ဦး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ကျွဲ၊ နွားပွဲစျေး ဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းက ကျွဲ၊ နွားပွဲစျေး ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကျွဲ၊ နွားပွဲစျေး ဆိုင်းဘုတ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ကြည့်မြင်တိုင်၌ သီတင်းကျွတ်လပြည့်နေ့တွင် သံဃာအပါး ၁၀၀၀၊ သီလရှင်အပါး ၁၀၀ တို့အား ငွေပဒေသာပင်နှင့် ဆွမ်းဆန်တော်များ လောင်းလှူမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက်(ရွှေလိပ်ပြာ) ပန်းလှိုင် သံဃာ့ဒါနဆွမ်းလောင်းအသင်းက ကြီးမှူး၍ အောက်တိုဘာ ၂၄ ရက်(သီတင်းကျွတ်လပြည့်နေ့)တွင် အောက်ကြည့်မြင်တိုင်လမ်းမ၊ ရပ်ကွက်တည်ရှိရာ အလှူတော်မင်္ဂလာမဏ္ဍပ်၌ အသင်းတိုက်ကြီးများမှ သံဃာတော်များနှင့် သီလရှင်များအား အကြိမ်(၃၀)မြောက်ငွေပဒေသာပင်နှင့် ဆွမ်းဆန်တော်များ လောင်းလှူကြမည်ဖြစ်သည်။

အောက်တိုဘာ ၂၃ ရက် အဖိတ်နေ့တွင် ညနေ ၄ နာရီမှ ၆ နာရီအထိ ရပ်ကွက်အလှူရှင်များက နိဗ္ဗာန်ဈေးဖွင့်၍ အာဟာရဒါနများ ကျွေးမွေးလှူဒါန်းခြင်း၊ ပစ္စည်းများ ဝေငှလှူဒါန်းခြင်းများ ပြုလုပ်ကြသည်။ **(ယာပုံ)**

အောက်တိုဘာ ၂၄ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ဆရာတော်ကြီး ၁၇ ပါးတို့အား ဘုံဆွမ်းအလှူခံ၍ နေ့ဆွမ်းဆက်ကပ်သွားမည်ဖြစ်သည်။ နေ့လယ်ပိုင်းမှစတင်၍ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံမြို့နယ်တို့ရှိ ကျောင်းတိုက်ကြီး ၁၈ တိုက်မှ သံဃာတော်အပါး ၁၀၀၀၊ သီလရှင်အပါး ၁၀၀ တို့အား ငွေပဒေသာပင်များ မဲဖောက်၍ ဆွမ်းဆန်တော်များလောင်းလှူကြမည်ဖြစ်သည်။ အောက်တိုဘာ ၂၆ ရက်ညတွင် ဂီတမှူး ညွန့်လှိုင်လှိုင် ဦးစီးသော တေးဂီတအဖွဲ့ဖြင့် နိုင်ငံကျော် အဆိုတော်များက ညှော်ခံအောင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။

"ဒီဘက်နောက်ပိုင်း ကြည့်မြင်တိုင်သီတင်းကျွတ်ပွဲတွေထဲမှာ အစည်ကားဆုံးပဲ၊ ၁၂ ပွဲ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ ချားရဟတ်ကအစ လာကြတယ်၊ ဒီနှစ် ရာသီဥတုက ဖျက်တဲ့အတွက် ပွဲတော်ဈေးကသိပ်မစည်တော့ဘူး"ဟု ရပ်ကွက်အတွင်းမှ အမျိုးသမီးကြီးတစ်ဦးက ဆိုသည်။

ပန်းလှိုင် သံဃာ့ဒါနဆွမ်းလောင်းအသင်းသည် မြို့နယ်သုံးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီး ၁၈ တိုက်၌ ဝါဆိုဝါကပ်တော်မူကြသော သံဃာအပါး ၁၀၀၀ နှင့် သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀ တို့အား နှစ်စဉ်ဝါတွင်းကာလတစ်လျှောက် တနင်္လာနေ့ အရုဏ်တိုင်းဆွမ်းလောင်းလှူလာခဲ့သည်မှာ အကြိမ်(၃၀)မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၇၇)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ အမှတ် (၁၁၅၇) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်- ၇၇၊ မြေကွက်အမှတ်-၁၁၅၇၊ အလျား ၄၀′ × အနံ ၆၀′ အကျယ်ရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဦးဗျာလ်ခန့်တိမ်းထံမှ အရောင်းစာချုပ်အမှတ်-၃၁၀၄ (၁၆-၇-၁၂) ဖြင့် ဂရန်အမည်ပြောင်းခဲ့သူ ဦးဝေဇင် (၁၂/သကတ (နိုင်) ၁၂၇၂၇၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း မူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၈)
အမှတ် - ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၀၆၄၆၆၇၊ ၀၉-၇၈၀၃၂၆၁၄၅

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း မြိုင်ဟေဝန်အိမ်ရာ၊ အမှတ်(၅၇)"နေသီရိကွန်ဒို"မှာ ခေါ်သောအဆောက်အဦမှ အခန်းအမှတ်(4-B)ကွန်ဒို တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသန်းသောင်း(ခ)ဦးမင်းသန်းသောင်း( ၁၂/ရကန(နိုင်)၀၄၉၀၁၂ )က အရောင်းအဝယ်ကတိစာချုပ်(အဆက်ဆက်)အရ တရားဝင်ပိုင်ရှင်အဖြစ် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

| | |
|---|---|
| ဦးသန့်ဇင် (LL-B) | ဒေါ်ဟန်နွေနိုင် (LL-B) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄) |
| Ph-09-253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်6E/1491၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၃၅၃၂ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ရှင်း ၅/ဆလက(နိုင်) ၀၆၂၂၆၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၁)၊ မြေကွက်အမှတ် (၁၃/ခ-၁)+(၁၃/ခ-၃)၊ ဧရိယာ (၀.၂၀၉၈)ဧက၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားမိုင်သာလမ်း အမှတ် (14/AA+14/AA-2)ဟုခေါ်တွင်သော MAY INYA အဆင့်မြင့်အိမ်ရာရှိ (Lvevl-3, Room No. F) (1060 sq-ft) နှင့် (Lvevl-4, Room No. F) (1060 sq-ft) အခန်း (၂)ခန်းနှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထား ပိုင်ဆိုင်လျက်ရှိသူ ဒေါ်သီရိနွယ် (၁၂/ဗတန (နိုင်) ၀၈၂၀၅၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရံငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးဇော်လတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)
အမှတ်-၉၇(ပထမထပ်)၊ ၃၉-လမ်း(အောက်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-[illegible] ၀၉-[illegible]

## အမည်မှန်နှင့် ဖခင်အမည်မှန်

မော်ဘီမြို့နယ်၊ မြောင်းတကာ၊ အထကကျောင်း၊ အဋ္ဌမတန်း (C)မှ မရေဗက္ကာဆွီးလဲ့ပါရီ၏ အမည်မှန်မှာ မရေဗက္ကာဆွီးလေ့ပါရီဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးဆလိုင်းဆဲင်ရီဆန်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၊ အထက(၁)၊ အဋ္ဌမတန်းမှ မကျော့ကျော့စိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်ကျော် ၈/စလန(နိုင်) ၀၉၃၂၉၂ ဖြစ်ပါကြောင်း။
**ဦးဝင်းမြင့်ကျော်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ချောင်းဖြူရွာ(အလက) သတ္တမတန်းမှ မောင်သူထူးဇော်၏ ဖခင်အမည်မှန်မှာ ဦးသက် ၈/မဘန(နိုင်)၀၉၁၆၉၁ ဖြစ်ပါကြောင်း။
**ဦးသက်**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(ခွဲ) အောင်ဇေယျာ အဋ္ဌမတန်း(A)မှ မဇင်ဇင်ဖူး၏ ဖခင်အမည်မှန်မှာ ဦးဘိုစိန်း ၉/တသန(နိုင်)၀၃၅၂၄၃ ဖြစ်ပါကြောင်း။
**ဦးဘိုစိန်း**

## မွေးသက္ကရာဇ်အမှန်

WISDOM HILL Private School, Grade -3 မှ (ဘ) ဦးကျော်စံ၏သမီး မယွန်းလေပြေ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၉-၂၀၁၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၁၃၆၂၇ XEROS 110, M/C ယာဉ်လက်ဝယ်ရှိသူ San Yati Pyae Sone Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (တိုင်းဒေသကြီးရုံး)(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၅၄၄၃၆ Honda Click 125 M/C အမည်ပေါက်သူ ဒေါ်တိုးတိုးအောင် ၁၄/ပသန(နိုင်)၁၇၅၉၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့၊ အမှတ် ၂ စည်ပင်သာယာရပ်ကွက်၊ အိမ်အမှတ် (၂၆၈)မြေနေရာတွင် ထုတ်လုပ်မည့် Yaw Win Family အမှတ်တံဆိပ် သောက်ရေသန့်ကို ထီးလင်းမြို့နယ်အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်စွာဝင်း ၈/ထလန(နိုင်)၀၃၆၅၀၃**
**ဖုန်း-၀၉-၄၄၀၁၆၈၈၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာအုပ်စု၊ တံတားဦးကျေးရွာ ကွင်းအမှတ်နှင့် အမည် ၁၆၈၉ᵃ (သစ်ဖြူပင်)၊ မြေကွက်အမှတ် ၁၃၄/၃၅၀၊ မြေဧရိယာ ၀.၁၁၀ ဧကရှိ ဒေါ်ခင်မမအမည်ဖြင့် ၃-ခ ကျထားပြီးသော မြေကွက်အား သမီး ဒေါ်ဇင်မေထွန်း ၉/ပမန(နိုင်) ၁၅၉၅၇၆သို့ မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခြင်းအား ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဒေါ်ခင်မမ ၉/ပမန(နိုင်)၁၈၀၈၆၆**
**အမှတ် ၁၅/၁၁၉၂(ဘီ)၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း(၃)၊ ပျဉ်းမနားမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၂)လမ်း၊ တိုက်အမှတ် ၆၂၊ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ½ပေ×ပေ၅၀)ရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးလင်းထိုက် ၆/မဆရ(နိုင်)၁၀၀၂၈၄နှင့် ဒေါ်တူးတူးမာ ၁၂/တတန(နိုင်)၁၅၈၉၈၉တို့မှ ပိုင်ဆိုင်ပြီး၊ ၎င်းတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးမိုးမင်းဆွေ LL.B,D.B.L (စဉ်-၁၄၄၀၄) | ဒေါ်ခင်မာနွယ် LL.B,D.B.L (စဉ်-၁၄၂၆၂) | ဦးအောင်မျိုးသူ LL.B (စဉ်-၄၆၅၄၅) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

အမှတ်၃၆၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၆၇၂၉၆၊၀၉-၄၂၁၀၂၂၁၁၂

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (M-042)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဦးမျိုးမြင့်(ခ)ဦးမြင့်ဟန် အမည်ပေါက် ပါမစ်မြေကွက်အား ဦးသက်ထွန်းအောင်(ဘ) ဦးမျိုးမြင့်(ခ)ဦးမြင့်ဟန် ၉/ပမန(နိုင်) ၂၆၂၉၉၉၊ ဦးအာကာအုပ်စိုး(ဘ)ဦးမျိုးမြင့်(ခ)ဦးမြင့်ဟန် ၉/ဇဗသ(နိုင်)၀၀၀၃၀၀မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်(မူရင်း)များ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၆၄၂)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ချမ်းမြေ့ငြိမ်း (ဘ)ဦးသန်းရှိန် ၁၂/စခန(နိုင်)၀၇၀၂၈၉ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်လှလှမော်(ဘ) ဦးညွန့်မောင် ၁၂/ပဘတ(နိုင်)၀၁၂၄၁၇ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်ယူ တရားရုံးကျမ်းကျိန်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သက်ဆိုင်သူများနှင့်အများသိစေရန်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၉၆)(၃)ထပ်နေ ဦးသိန်းမောင် (၁၂/ပဘတ(နိုင်)၀၁၉၇၇၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်မှာ-

၁။ မနှင်းဦးဝေ (Suzi) ၏ စုမဲငွေကြေး ကိစ္စများသည် အိမ်ထောင်ရှင် မနှင်းဦးဝေနှင့် သက်ဆိုင်ရာလူကြီးမင်းတို့ သီးခြားဆောင်ရွက်ထားကြသည့် ကိစ္စများဖြစ်ပါသည်။ ဦးသိန်းမောင်နှင့် ဇနီးတို့ သိရှိခြင်း၊ သဘောတူခြင်း၊ လုံးဝပတ်သက် စပ်ဆိုင်ခြင်း ရှိသည့်ကိစ္စမဟုတ်ကြောင်း ကြေညာလိုက်ပါသည်။

၂။ သို့ဖြစ်၍ မနှင်းဦးဝေ ၏ စုမဲငွေကြေးကိစ္စများအပေါ် ဦးသိန်းမောင်နှင့် ဇနီးတို့ နေထိုင်ရာ အထက်ပါတိုက်ခန်းသို့ လာရောက်တွေ့ဆုံခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ အော်ဟစ်ဆူပူသောင်းကျန်းခြင်း အရှက်တကွဲအကျိုးနည်းဖြစ်စေရန် ပြုမူဆောင်ရွက်ခြင်းစသည့် ဥပဒေမဲ့ ပြုမူဆောင်ရွက်မှုများမပြုလုပ်ရန် အထူးသတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ
ဦးတင်အေး (တရားလွှတ်တော်ရှေ့နေ)
အမှတ်(၁၄၅)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၅၇၈၂၁

## ကန့်ကွက်ကြောင်းကြေညာချက်

၁၉-၁၀-၂၀၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(က)ပါ ဒေါ်ခင်မာလာ (LL.B)(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၅၂၀)၏ ကန့်ကွက်နိုင် ကြောင်း ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက်အမှတ် ၂၂၀၊ (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အအုံမှ ဒုတိယထပ်(ခြေရင်းခန်း)တိုက်ခန်းအား မိမိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဝန်ခံသူဒေါ်ဝင်းအောင်ကြည် ၁၂/ကမရ(နိုင်)၀၃၈၇၃၈အား ကျွန်မဒေါ်တင်တင်ဝင်း ၁၁/ရဗန(နိုင်)၀၆၁၉၃၀မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ ဒေါ်ခင်မာလာ၏ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်ကို ကျွန်မ ဒေါ်တင်တင်ဝင်း ၁၁/ရဗန(နိုင်)၀၆၁၉၃၀မှ ကန့်ကွက်ပါသည်။

**ဒေါ်တင်တင်ဝင်း ၁၁/ရဗန(နိုင်)၀၆၁၉၃၀**
**အမှတ်(၅၄)၊ (၁၄)လမ်း၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၂၇၅၄၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၂၊မြေကွက်အမှတ်-၈၆၉/က၊ မြေကွက်တည်နေရာအမှတ်-၈၆၉/က၊ သစ္စာပန်းလမ်း၊ (၇၂)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးလှအောင် (၁၂/သဃက(နိုင်)၁၁၅၄၈၈)အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက်ဦးလှအောင် (၁၂/သဃက(နိုင်)၁၁၅၄၈၈)ထံမှ အရောင်းအဝယ်အရပ် ကတိစာချုပ်ဖြင့် (၁၂-၁-၁၉၉၆) ရက်နေ့တွင် ဦးအောင်မျိုးမှ၎င်း၊ ဦးအောင်မျိုးထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် (၆-၅-၂၀၁၇)ရက်နေ့တွင် ဦးရာဂျန်းမှ၎င်း၊ ဦးရာဂျန်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် (၁၀-၁-၂၀၁၈)ရက်နေ့တွင် ဦးနိုင်ဝင်း (၁၃/နခတ(နိုင်)၀၄၁၃၉၉)မှ အဆင့်ဆင့်ဝယ်ယူခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ်- ၃/၂၀၁၅ (၂၃-၃-၂၀၁၈)ဖြင့် ၎င်းမြေကွက်အား ဝယ်ယူစဉ်က မြေချပါမစ်မူရင်းပျောက်ဆုံးသောမြေကွက်ကို မြေချပါမစ်မိတ္တူဖြင့်သာ မသိနားမလည်၍ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းနှင့် အခြားမည်သူကိုမျှ ရောင်းချ/ပေါင်နှံ/ပေးကမ်း/စွန့်လွှတ်/ငှားရမ်းသားခြင်း/အာမခံအဖြစ်ထားခြင်းမရှိပါကြောင်းနှင့် ပိုင်ဆိုင်မှုအငြင်းအခုံတစ်စုံတစ်ရာမရှိပါကြောင်း၊ တာဝန်ယူကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနတွင် ကိုယ်တိုင်ဝန်ခံချက်များဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်ပျဉ်ကာ၊ သွပ်မိုး ၁၀′ × ၂၀′ အဆောက်အဦ(၁)လုံးရှိပြီး လူမနေ သော့ခတ်ပိတ်ထားကြောင်းတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်သစ်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ (ဦးလှ-ဒေါ်ခင်ညွန့်)တို့၏သား၊ ပဲခူးမြို့နေ (ဦးဖိုးကြွေ-ဒေါ်မြရှင်)တို့၏သားသမက်၊ မန္တလေးမြို့နေ ဦးခင်မောင်ဦး-ဒေါ်ငွေငွေ၊ ဦးငွေဝင်း-ဒေါ်အေးအေးဖြူ၊ ဦးကျော်ဇေယျ၊ ဒေါ်လှလှငွေ၊ ဦးဖုန်းမြတ်ကျော်-ဒေါ်စန်းစန်းခိုင်၊ ဒေါ်ငြိမ်းငြိမ်းခိုင်၊ ဦးဝင်းမြင့်သန်း-ဒေါ်အေးအေးခိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ ၉လမ်း၊ အမှတ် ၅၈၀နေ ဒေါ်သန်းနွဲ့(ကုန်သွယ်ရေး၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်မျိုး(Sky Net)၊ ဒေါ်တင်တင်မိုး၊ ဦးညဏ်ဟိန်း-ဒေါ်ဝင်းဝင်းခိုင်၊ ဦးစိုးထွန်းအောင်-ဒေါ်မိုးဝါတို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့)ညနေ ၄း၅၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် ၅၅၄/က၊ မြေကွက်တည်နေရာအမှတ်-(၅၅၄/က)၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ(ဦးဖေတင်)-N/KGN- ၀၃၈၉၄၁ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးဖေတင်သည် ၁၈-၃-၉၂ရက်တွင်လည်းကောင်း၊ (ဇနီး) ဒေါ်ကျော့ရင်သည် ၁၄-၇-၁၈ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်စန်းနွဲ့ ၁၂/ဥကတ(နိုင်)၀၆၄၂၅၂၊ဦးမြင့်လှိုင် ၁၂/မဂဒ(နိုင်)၁၂၆၅၉၈၊ ဦးဝင်းလှိုင် ၁၂/ဥကတ(နိုင်)၁၀၃၃၃၀၊ ဦးဝင်းကြိုင် ၁၂/ဥကတ(နိုင်)၀၅၉၆၀၅၊ ဒေါ်သန်းသန်းချို ၁၂/ဥကတ(နိုင်)၀၆၄၂၅၃၊ ဒေါ်ခင်လှဲ့ဝင်း ၁၂/ဥကတ(နိုင်)၀၆၄၂၅၄တို့မှ သားသမီးများတော်စပ်ကြောင်း၊ မိမိတို့မောင်နှမ(၆)ဦးမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မှ အမွေဆက်ခံခွင့်မရှိကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တရား ရုံး၌ ကျိန်ဆိုသောကျမ်းကျိန်လွှာအမှတ် ၉/၁၄၁(၃-၉-၁၈)သေစာရင်းများနှင့် ဦးဖေတင် အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင် နှစ်ထပ်အုတ်ညှပ် အိမ်တစ်လုံးရှိပြီး လျှောက်ထားသူများထဲမှ ဒေါ်သန်းသန်းချိုနှင့် ဒေါ်ခင်လှဲ့ဝင်းတို့ နေထိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ငွေဆောင်မြို့၊ သဇင်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၁၉၈၈)၊ သဇင်အကွက်၊ ဦးပိုင်အမှတ် (အန်-၁၁၇)၊ ဧရိယာ ၀ဒသမ၄၇ဧကရှိမြေကို ဒေါ်ဖြူမွန်သိန်းအမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံ ရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၆၀၁၆၆ Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ရွှေ ၉/တတဥ(နိုင်)၁၁၁၄၆၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/6876 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/2158 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဦးသောင်း

**သက်ကြီးကန်တော့ခံ**
**ရာသက်ပန်အမှတ်-၃၉၂)**
**အသက်(၈၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ တာပွန်နေ(ဦးမြစိန်-ဒေါ်အေးကျင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ ၁၀လမ်း၊ အမှတ်(၃၁၆/ခ)နေ ဒေါ်အေးမြင့်၏ခင်ပွန်း ဦးသောင်း(အလပြ၊ ငြိမ်း၊ တာပွန်)သည် ၂၂-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့်၂၄-၁၀-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ ပို့ဆောင်ကြပါရန် သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဦးမျိုးနိုင် (မြိတ်)

**Director (Star Resources Co.,Ltd)**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးစံမြင့်(Chairman)Star Resouces Co.,Ltd-ဒေါ်စိန်ကျင် (အငြိမ်းစားကျောင်းအုပ်ဆရာမကြီး) တို့၏သား၊ မြိတ်မြို့နေ ဦးသန်းမောင်-ဒေါ်မြဝင်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် ၅၄ (၆လွှာ-B)နေ ဒေါ်ယဉ်ယဉ်သန့်(ဗိုလ်ချုပ်ဈေး)၏ခင်ပွန်း၊ မောင်ရဲဂေါင်၊ မမေဖူးသန့်၊ မအိဇင်ဇင်နိုင် တို့၏ဖခင်သည် ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ရက်၂၉-၁၀-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁(ရွာမ)၊ မြေကွက်အမှတ်-၄၈/A၊ ဧရိယာ ၀ဒသမ၀၄ဧက၊ မြေကွက်တည်နေရာအမှတ်(၁၇)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ မောင်မြတ်ရေး(ရွာမ)အမည်ပေါက် မြေပိုင်မြေ(၃/က)ရပြီးမြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၈/၂၀၁၅ ဖြင့်ဝယ်ယူထားသည့်မြေနှင့်အိမ် အားပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု ၂၈-၅-၂၀၁၅ရက်စွဲပါ တရားရုံးစီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် ၄၁/၂၀၁၅ဖြင့်ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်လိုက်သည့် ၆-၁၁-၂၀၁၅ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့် ၁၀-၇-၂၀၁၈ရက် ဘီလစ်ခန့်အပ်ကြောင်းအကြောင်းကြားစာ ၃(က)လက်မှတ်တင်ပြပြီးဘီလစ် ဒေါ်ထက်ထက်အောင် ၆/မမန(နိုင်)၁၅၁၁၄၂မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်တင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်ရီ

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့နေ(ဦးစံရှင်း-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးခင်အေး)၏ဇနီး၊ ဦးတိုးတိုးဝင်း-ဒေါ်သီတာအေး(အကြီးတန်းစာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)တို့၏မိခင် ဒေါ်ကျင်ရီသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက် ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်ရွှေ

**အသက်(၈၈)နှစ်**

မွန်ပြည်နယ်၊ သထုံမြို့၊ မင်းလမ်း၊ အမှတ် ၂၄နေ (ဦးရွှေလေး-ဒေါ်တင်)တို့၏တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ၁၄၁လမ်း၊ အမှတ် ၁၁နေ (ဦးခင်၊ ဗဟိုတရားရုံး၊ ငြိမ်း)၏ဇနီး၊ ဦးစိုးရွှေခင်(B.E Mechanical)၊ ဦးစံရွှေခင်(B.E Mining)၊ ဒေါက်တာခင်သူဇာ၊ ဒေါက်တာဦးကျော်ဝင်း (အရိုးအထူးကုဆရာဝန်ကြီး)-ဒေါက်တာဒေါ်ခင်မို့မို့(ဆေးရုံအုပ်ကြီး၊ အနာကြီးရောဂါအထူးကုဆေးရုံကြီး၊ ရေနံ့သာ၊ မန္တလေးမြို့)တို့၏မိခင်၊ မောင်ရန်နိုင်ကျော်ဝင်း၊ မောင်ဘုန်းပြည့်ကျော်ဝင်းတို့၏အဘွားသည် ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၈ရက်(တနင်္လာနေ့)နံနက်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ် ၄၇၄နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Pu Kham Suan Zam

**အငယ်တန်းအင်ဂျင်နီယာ(မြို့ပြ-ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(တီးတိန်)**
**Gualnam Thang Zang အသက်(၈၂)နှစ်**
**Sakollam Baptist Church, Tedim**

တီးတိန်မြို့၊ စကော့လမ်းရပ်ကွက်နေ(Pu Giak Lian-Pi Goih Langh)တို့၏သား၊ (Pu Bo Kham Khaw Langh)- Pi Ciin Niang တို့၏သားသမက်၊ Pi Cing Khan Khup ၏ချစ်လှစွာသောခင်ပွန်း၊ (Pu Thawng Khaw Pau-Pi Zel Khaw Cing), (Pi Lut Khaw Cing- Pu Pau Zam),(Pi Dam Za Cing - Pu Cin Dal), (Pi Ning Za Vung- Pu Din Langh), (Pu Cin Za That- Pi Awn Khaw Niang), (Pi Khup Khaw Dim - Pu Do Khaw Tuan)တို့၏ညီ/မောင်၊ (Pu Suah Khan Thang), (Pi Niang Khen Langh- Pu Khai Za Dal), (Pu Cin Za Naung)တို့၏အစ်ကို၊ Nu S/M Lang Lian Cing-Pa Zam Dong Thang, Nu Niang Za Hau-Pa Pau Khaw Zam, Nu S/M Cing Deih Lun-Pa Gin Khan Thang, Nu S/M Cing Do Nuam-Pa Pau Lam Tuang, S/M Langh Za KhawL, S/M Lian Khan Huai, Tg .Lian Khan Tuang, Nu Niang Khan Ciin- Pastor Kam Sian En Mang, (Tg Mang Sian Dong), (Tg Nang Muan Sum)တို့၏ ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၂-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄း၀၅နာရီတွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် နေအိမ်၌ဝတ်ပြုဆုတောင်းပြီး စကော့လမ်းနှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းဦး

**ညွှန်ကြားရေးမှူး(ငြိမ်း)**
**လေကြောင်းပို့ဆောင်ရေးဦးစီးဌာန**
**အသက်(၇၅)နှစ်**

မြိတ်မြို့၊ ကံဖျားရပ်နေ ဦးထွန်းစိန်-ဒေါ်ကြည်တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ တိုက် E၊ အခန်း ၀၀၂နေ ဒေါ်မူမူသင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအေးစိုး-ဒေါ်ဇာဇာဝင်းဦးတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မောင်ကောင်းဇော်၊ မောင်ကောင်းဇေ တို့၏ချစ်လှစွာသောအဘိုး၊ ဦးဝင်းချို-ဒေါ်စန်းရီတို့၏အစ်ကို၊ ဒေါ်ဇာနည်ချို၊ ဦးအောင်ကိုကိုချိုတို့၏ ဦးကြီးသည် ၂၃-၁၀-၂၀၁၈ ရက် (အင်္ဂါနေ့) ညနေ ၄း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၇ နာရီ မှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးဝင်းဦး (လေ-၁၅၉၈)

**တပ်မတော်(လေ)(ငြိမ်း)**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ တိုက် E၊ အခန်း ၀၀၂နေ ဒေါ်မူမူသင်း၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးဝင်းဦး(ငြိမ်း)သည် ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄း၁၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်စဉ်(၄၁)လေယာဉ်မောင်းသင်တန်းမှတပည့်များ**

---

## ဦးရွှေစောအောင်(ခ)ကိုသော်တာ(ခ)ကိုရွှေ (စစ်တွေ)

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အမှတ်(၂၆)ရပ်ကွက်၊ တိုက် ၁၇၊ အခန်း ၁၀၄၊ အောင်ဇေယျအိမ်ရာနေ ဦးရွှေဘော်(ကုန်းလမ်းပို့ဆောင်ရေး၊ လက်ထောက်မန်နေဂျာ၊ တာဝန်ခံ၊ ငြိမ်း)-ဒေါ်စောသိန်းတင်တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်ခင်စိန်ရွှေ)၊ ဒေါ်ခင်စောညွန့်၊ ဒေါ်နုနုခင်၊ ဒေါ်အေးခင်ဖုံ၊ ဦးမြအောင်၊ ဒေါ်မြတင်တို့၏တူသည် ၂၂-၁၀-၂၀၁၈ ရက် ညနေ ၄း၄၆ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/9740 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

---

## ဒေါ်ကျင်ရီ

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းလမ်း၊ တိုက် (၂၃၈၊ အခန်း ၄)နေ (ဦးစံရှင်း-ဒေါ်တင်ငွေ)တို့၏သမီး၊ (ဦးခင်အေး)၏ဇနီး၊ ဦးညဏ်ဝင်း-ဒေါက်တာဝါဝါမောင်(ညွှန်ကြားရေးမှူးချုပ်၊CSO)၊ ဦးခင်စိုး၊ ဦးတင်ဇော်-ဒေါ်ပြုံးပြုံးရီ၊ ဦးသိန်းထွေးအေး-ဒေါ်နီလာအေး(ဒုတိယညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)၊ ဦးတိုးတိုးဝင်း-ဒေါ်သီတာအေး[ရင်းနှီးမြှုပ်နှံမှုဦးစီးဌာန(ကချင်)]၊ (ဦးဇေယျာလင်း)-ဒေါ်သူဇာအေးတို့၏မိခင်၊ မောင်ပြည့်စုံ-မခွန်းဆင့်မေ၊ မောင်နိုင်ထက်လင်း၊ မောင်ပြည့်သူ၊ မောင်ဟန်ဖြိုးသူ၊ မအိမ့်မှူးပြည့်၊ မဘုံထာနေ၊ မောင်ရဲဝေယံဟိန်းတို့၏ဘွားဘွားကြီးသည် ၂၂-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၁၈ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက်၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်ရီ

**အသက်(၈၆)နှစ်**

ဦးညဏ်ဝင်း၊ ဒေါက်တာဝါဝါမောင် (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့)တို့၏မိခင် ဒေါ်ကျင်ရီ အသက် (၈၆)နှစ်သည် ၂၂-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ဗဟိုစာရင်းအင်းအဖွဲ့**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**နေပြည်တော်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြသန်း အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာသစ်အနောက်ရပ်ကွက်၊ ကန်ဦးကျောင်းလမ်း၊ အမှတ် ၆နေ(ဦးမောင်ထွား-ဒေါ်မယ်တင်)တို့၏သမီး၊ ဘဒ္ဒန္တဝါသေဋ္ဌ၊ စက်သုံးလုံးဆရာတော်၊ စက်သုံးလုံးဝိပဿနာမွေရိပ်သာ၏အဒေါ်၊ (ဦးညွန့်လွင်-ဒေါ်ခင်ထူး)၊ (ဦးရဲမြင့်-ဒေါ်ခင်ဖြူ)၊(ဒေါ်ညိမ်းအောင်)တို့၏ညီမ၊ (ဦးမျိုးတင့်)၏ဇနီး၊ ဦးမျိုးခင်-(ဒေါ်ရီသာ)တို့၏အစ်မ၊ ဦးစိုးခင်-(ဒေါ်ခင်မြမူ)၊ဒေါ်နီလာမျိုးတင့်၊ ဦးပီတာမျိုးတင့်-ဒေါ်တင်တင်ထွေး၊ (ဦးမျိုးလွင်)-ဒေါ်အေးမာ၊ ဦးရဲအောင်-ဒေါ်သီတာမျိုးတင့်၊ ဦးကျော်ဝင်း-ဒေါ်နု၊ ဦးမျိုးဇော်-ဒေါ်သဇင်မျိုးတို့၏ချစ်လှစွာသောမိခင်၊ မခင်ဝေလှိုင်ပွင့်၊ ကိုဇော်ထွန်း-မသူဇာလှိုင်၊ ကိုကျော်ကိုကိုလွင်-မယဉ်မင်းအိ၊ မစိမ်းမို့မို့၊ ကိုရဲလင်းသန့်-မခင်ရတနာဦး၊ မလွင်ပပအောင်၊ မမင်းမင်းမို့၊ မအေးချမ်းမြင့်၊ မသက်သက်ဇင်တို့၏အဘွား၊ မောင်ဘုန်းသစ်ထွန်း၏ဘွားဘွားကြီးသည် ၂၃-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဇံ

**Perfect အထည်ဆိုင်၊ မင်္ဂလာဈေး**
**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ထန်းမနိုင်ကျေးရွာနေ (ဦးသိန်းဟံ-ဒေါ်ခင်လှိုင်)တို့၏သား၊ ဦးကျော်ဦး-ဒေါ်စန်းရင်၊ ဦးစိန်ထွန်း-ဒေါ်မြ၊ (ဦးသိန်း-ဒေါ်တိုးစီ)တို့၏ညီ၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၅လမ်း၊ အမှတ် ၆၇၂နေ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးအောင်နိုင်ဦး-ဒေါ်စုစုဝင်းတို့၏ဖခင်၊ မောင်အောင်ကျော်ခန့်၊ မမေပိုင်ပိုင်သော်တို့၏ဘိုးဘိုးကြီးသည် ၂၃-၁၀-၂၀၁၈ရက် မွန်းလွဲ ၁၂း၄၈နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၈ရက် နံနက်၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးတင်ထွဋ် (ငြိမ်း)

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)(B.Sc, DSA)**
**လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ နည်းပညာတက္ကသိုလ်-မှော်ဘီ**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ အမှတ် ၄၁၆၊ ၉ လမ်းနေ (ဦးသန်း-ဒေါ်ကျင်မွေး)တို့၏သား၊ (ဦးသိန်းဇံ-ဒေါ်အုန်းမြင့်)တို့၏သားသမက်၊ ဦးအေးသန်း-ဒေါ်တင်တင်ညွန့်တို့၏မောင်၊ ဦးတင့်ဆွေ-ဒေါ်ဆွေဆွေဝင်း(အလက ကျောင်းအုပ်၊ ညောင်ရွှေ)တို့၏အစ်ကို၊ မောင်ဟိန်းသူရ(ဒုအကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန)၊ ဗိုလ်သက်သဇင်ထွဋ်(အမှတ်-၁၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်)တို့၏ဖခင်၊ ဒေါ်တိုးတိုးမြင့်(အလပြ၊ ငြိမ်း၊ အထက-၁၊ မရမ်းကုန်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၁၀-၂၀၁၈ ရက်(အင်္ဂါနေ့)နံနက် ၅း၁၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွား ပါ၍ ၂၅-၁၀-၂၀၁၈ ရက်(ကြာသပတေးနေ့)တွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ မွန်းတည့် ၁၂ နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၈ ရက် (တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးတင်ထွဋ် (ငြိမ်း)

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)(B.Sc, DSA)**
**လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ နည်းပညာတက္ကသိုလ်-မှော်ဘီ**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ အမှတ် ၄၁၆၊ ၉ လမ်းနေ မောင်ဟိန်းသူရ(ဒုအကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန)၊ ဗိုလ်သက်သဇင်ထွဋ် (အမှတ်-၁၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်) တို့၏ဖခင်၊ ဒေါ်တိုးတိုးမြင့်(အလပြ၊ ငြိမ်း၊ အထက-၁၊ မရမ်းကုန်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၁၀-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)မှ သူငယ်ချင်းများနှင့် မိသားစုများ**

# ကျောက်ဆည်မြို့ ဆင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၂၃**

ကျောက်ဆည်မြို့ ရှေသာလျောင်းတောင်ခြေရှိ ဗဟိုဆင်ပြိုင်ကွင်းတွင် ယနေ့ နံနက် ၈ နာရီက ဆင်အက အလှပြိုင်ပွဲ ဖွင့်ပွဲကျင်းပရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်အောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထိုနောက် ဆင်ပွဲတော်အတွက် သီးသန့်ဂုဏ်ပြုရေးစပ်ထားသည့် ဆင်ပွဲတော်သီချင်းဖြင့် ဆင်အဖွဲ့များက စုပေါင်း၍ ပြည်သူများကို ကပြဖျော်ဖြေကြပြီး ဆင်ပြိုင်ပွဲ စတင်ကျင်းပသည်။

ယခုနှစ်တွင် ထူးခြားသည်မှာ ပြိုင်ပွဲဝင်ဆင်များ အကပြိုင်ရန် စင်မြင့် တည်ဆောက်ပေးထားမှုကြောင့် ကြည့်ရှုအားပေးမည့် ဆင်ပွဲတော်လာ ပရိသတ်များအတွက် ပို၍စိတ်ကျေနပ်မှုဖြစ်ရ ကြောင်း သိရသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ✤

ကျောက်ဆည်မြို့ ဆင်အကအလှ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဆင်များ ကပြနေမှုကို တွေ့ရစဉ်။

အောက်တိုဘာ ၂၃ ရက်ညက ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံ၌ သီတင်းကျွတ်မီးအလှများဖြင့် ဆင်ယင်ထားရာ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဗလစိုး

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ရန်ကုန်မြို့၌ ယနေ့ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(စ)ပွဲစဉ်များကို အောက်တိုဘာ ၂၄ ရက် (**ယနေ့**) တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ စတင်ကျင်းပမည် ဖြစ်သည်။

ယင်းခြေစစ်ပွဲတွင် မြန်မာ၊ အီရန် နှင့် လာအိုတို့သုံးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမပွဲအဖြစ် အီရန်အသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ခြေစစ်ပွဲအဖြစ် အောက်တိုဘာ ၂၄ ရက် (**ယနေ့**) တွင် အီရန်အသင်းနှင့် လာအိုအသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် အိမ်ရှင် မြန်မာအသင်းနှင့် လာအိုအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် မြန်မာအသင်းနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပွဲအားလုံးကို ညနေ ၆ နာရီတွင် ကျင်းပမည် ဖြစ်သည်။

ယင်းခြေစစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၃ ရက်က

*စာမျက်နှာ ၇ ကော်လံ ၁* ❐

## ပဲခူးမြစ်ရေ ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

PUN HLAING SILOAM HOSPITALS
မြန်မာနိုင်ငံနှင့်အီတလီနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
Only JCIA Hospital In Myanmar

သည်းခြေအိတ်နှင့်သည်းခြေကျောက်များကို ခွဲစိတ်ကုသခြင်း

အူကျွံပေါက်ကို ဖာထေးခြင်းဖြင့် အူကျွံနာကို ခွဲစိတ်ပြုပြင်ခြင်း



အစာအိမ်နှင့် အူလမ်းကြောင်းကင်ဆာများကို ခွဲစိတ်ကုသခြင်း။

လိပ်ခေါင်းရောဂါ ခွဲစိတ်ကုသခြင်း။

အောက်တိုဘာလ (၂၉) ရက်နေ့
မှ
နိုဝင်ဘာလ (၁၀) ရက်နေ့
အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ ၃၆၈ ၃၀၁၅၊ ၃၆၈ ၃၀၆၀၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁
LIKE US ON facebook Pun Hlaing Siloam Hospitals

မြန်မာ့အလင်း

YangonToday ယနေ့ရန်ကုန်

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့

ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် အောက်ဝဟိုလမ်းပိုင်းတစ်နေရာ

# ရန်ကုန်မြို့အပြင်ပတ်လမ်း

■ ဝေယံဦး

**ရန်ကုန်မြို့အပြင် ပတ်လမ်းစီမံကိန်းဟာ အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ယာဉ်ကြောပိတ်ဆို့မှု အခက်အခဲ၊ ကုန်စည်စီးဆင်းမှု၊ ရန်ကုန်မြို့ပြင် ပတ်လည်မှာရှိနေတဲ့ စက်မှုဇုန်တွေ၊ ဆိပ်ကမ်းတွေ၊ တိုးချဲ့မြို့သစ်တွေအတွက် စနစ်တကျစီမံပြီးမှအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်**

**ရန်ကုန်မြို့တော်ဟာ နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် ပီပီပြင်ပြင်ထွက်ပေါ်လာဖို့ဆိုတာ ဘက်ပေါင်းစုံမှ နည်းလမ်းမျိုးစုံနဲ့ ကြိုးစားဆောင်ရွက်မှသာ ရနိုင်မှာဖြစ်ပါတယ်။ အစီအမံတွေ ကောင်းမွန်ပြီး မြို့နေပြည်သူတွေကလည်း ပါဝင်ပူးပေါင်းလုပ်ကိုင်မှသာ ရပါလိမ့်မယ်။ အခုဆိုရင် ရန်ကုန်မိုးပျံ့အမြန်လမ်းကို အကောင်အထည်ဖော်တည်ဆောက်နိုင်ဖို့ တင်ဒါတွေ ခေါ်ယူနေပြီဖြစ်သလို ရန်ကုန်မြို့အပြင်ပတ်လမ်းကိုလည်း တည်ဆောက်ဖို့ အစီအစဉ်ရှိနေပြီဖြစ်တယ်လို့ ဆိုပါတယ်။**

"ကျွန်တော်တို့ ရန်ကုန်မြို့တော် အပြင်ပတ်လမ်းစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်သွားမယ်" လို့ အောက်တိုဘာ ၁၇ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ထုတ်ပြန်တဲ့သတင်းမှာ ဖော်ပြထားပါတယ်။ တကယ်တော့ ရန်ကုန်မြို့ပြဟာ စုစုပေါင်း လူဦးရေ ခြောက်သန်းကျော်ရှိနေပြီး မော်တော်ယာဉ်မျိုးစုံအစီးရေကလည်း သိန်းချီရှိနေတာမို့ နေ့စဉ်နဲ့အမျှ ယာဉ်ကြောပိတ်ဆို့မှုတွေက နာရီနဲ့ချီပြီး ကြာမြင့်နေပါတယ်။

ရန်ကုန်-အင်းစိန်လမ်းပေါ်မှာ မြေနီကုန်းမှတ်တိုင်ကနေပြီး သမိုင်းလမ်းဆုံအထိဆိုရင် ယာဉ်ကြောပိတ်ဆို့တာ အနည်းဆုံး နှစ်နာရီခန့် ကြာမြင့်နေတာ၊ ကမ္ဘာအေးဘုရားလမ်းပေါ်မှာလည်း ကမ္ဘာအေးဘုရားမှ ဆီဒိုးနားဟိုတယ်အထိ ယာဉ်ကြောပိတ်ဆို့မှု နှစ်နာရီခန့်ကြာမြင့်တတ်တာတွေ၊ စက်မှု(၁)မှတ်တိုင်မှ တာမွေအထိ ယာဉ်ကြောပိတ်ဆို့မှုတွေဟာ နေ့စဉ်နဲ့အမျှ အဖိုးတန်အချိန်တွေကို ကုန်ဆုံးစေလျက်ရှိနေပါတယ်။

ဒီလိုပဲ ရန်ကုန်မြို့ရဲ့အခြားကားလမ်းကြောင်းတွေအားလုံးနီးပါးဟာ အနည်းနဲ့အများ ယာဉ်ကြောပိတ်ဆို့မှုတွေ ကြုံတွေ့နေရတာမို့ အခုလို ရန်ကုန်မြို့မိုးပျံ့လမ်းအပြင် ရန်ကုန်မြို့တော် အပြင်ပတ်လမ်း စီမံကိန်းကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။

ရန်ကုန်မိုးပျံ့ အမြန်လမ်းနဲ့ ရန်ကုန်မြို့တော် အပြင်ပတ်လမ်းစီမံကိန်းဦးဆောင်ကော်မတီက အောက်တိုဘာ ၁၅ ရက် အစည်းအဝေးမှာ ဆုံးဖြတ်ခဲ့တာဖြစ်တယ်။ စီမံကိန်းဦးဆောင်ကော်မတီမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ပါဝင်ပါတယ်။

ရန်ကုန်မြို့တော် အပြင်ပတ်လမ်းစီမံကိန်းဟာ အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ယာဉ်ကြောပိတ်ဆို့မှုအခက်အခဲ၊ ကုန်စည်စီးဆင်းမှု၊ ရန်ကုန်မြို့ပြင်ပတ်လည်မှာရှိနေတဲ့ စက်မှုဇုန်တွေ၊ ဆိပ်ကမ်းတွေ၊ တိုးချဲ့မြို့သစ်တွေအတွက် စနစ်တကျ စီမံပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တကယ်တော့ ရန်ကုန်မိုးပျံ့အမြန်လမ်းဟာ ရန်ကုန်မြို့တွင်း ပတ်လမ်းဖြစ်ပြီး လက်ရှိ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းရန်အတွက် အဓိကဆောင်ရွက်မှာဖြစ်သလို ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေး၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးရေး၊ ပင်လယ်ကူးဆိပ်ကမ်း၊ ကုန်းတွင်းဆိပ်ကမ်းတွေ၊ မြို့ပြသယ်ယူပို့ဆောင်ရေး အတွက် နိုင်ငံတကာအဆင့်မီ ထွက်ပေါ်လာစေဖို့ စနစ်တကျ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုဆိုရင် ရန်ကုန်မိုးပျံ့ အမြန်လမ်းအတွက် တင်ဒါခေါ်ယူနေပြီး အရည်အချင်းစစ်ဆေးမှုတွေ ပြုလုပ်မှာ ဖြစ်ပါတယ်။ တင်ဒါပိတ်ရက်ကို ထပ်တိုးပေးထားရာမှာ လာမယ့် နိုဝင်ဘာ ၁၃ ရက် အထိဖြစ်ကြောင်း သိရပါတယ်။ လျှောက်ထားတဲ့ ကုမ္ပဏီပေါင်းက ၃၂ ခုခန့် ရှိတယ်လို့ ဆိုပါတယ်။ အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (PPP) စနစ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ **အချစ်ပိုဃ(ဃ)သို့**

---

**အချစ်ပို (၁)**

## ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းများနဲ့ ရန်ကုန်မြင်ကွင်းကျယ်

**အချစ်ပို (၂)**

## စနစ်သစ်တစ်ခု အစပြု ရန်ကုန်ဘတ်စ်ကား ဝန်ဆောင်မှု

# ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းများနဲ့ ရန်ကုန်မြင်ကွင်းကျယ်

တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ဘော်ဂါသွေး

**ယနေ့** အစိုးရဟာ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်သံနဲ့ တက်ရောက်လာတဲ့ အစိုးရဆိုတာ အားလုံးအသိပါ။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ သက်တမ်းကာလအတွင်း ကျွန်တော်တို့တိုင်းပြည်ဟာ အစိုးရအဆက်ဆက်ရဲ့ မူဝါဒစနစ်တွေအတိုင်း လိုက်ပါပြောင်းလဲခဲ့ရတာကိုတော့ ဘယ်သူကမျှ ငြင်းပယ်လို့ ရမည်မဟုတ်ပါ။

မြေနီကုန်း ခုံးကျော်တံတားဘေး နံရံတစ်လျှောက် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တွေ့ရစဉ်။

> “ ယနေ့ ပြည်သူ့အစိုးရဟာ နိမ့်ကျနေတဲ့ ပြည်သူတွေရဲ့ ဘဝကို ပြောင်းလဲတိုးတက်ဖို့ အတွက် ကလ္လာအလိုက် တတ်စွမ်းသမျှ ကြိုးပမ်းနေတယ် ဆိုတာကိုလည်း ပြည်သူတွေ မျက်ဝါးထင်ထင် မြင်တွေ့နေကြမှာပါ ”

၂၀၁၅ ခုနှစ်က တက်ရောက်လာတဲ့ ယနေ့ ပြည်သူ့အစိုးရဟာ ပြည်သူတွေရဲ့ဘဝ ပြောင်းလဲတိုးတက်ဖို့အတွက် ကလ္လာအလိုက် တတ်စွမ်းသမျှ ကြိုးပမ်းနေတယ်ဆိုတာကိုလည်း ပြည်သူတွေ မျက်ဝါးထင်ထင် မြင်တွေ့နေကြမှာပါ။

**ပြောင်းလဲမှုပုံရိပ်မြင်ကွင်း**

တစ်တိုင်းပြည်လုံး ခြုံပြောရရင် ကျယ်ဝန်းလွန်းတာမို့ စာရေးသူအနေနဲ့ လက်လှမ်းမီရာ၊ အနီးစပ်ဆုံးဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ပြောင်းလဲမှု တိုးတက်မှုတွေနဲ့ အောင်မြင်ဖို့ ကြိုးစားနေရတဲ့ ပုံရိပ်မြင်ကွင်းတွေကို အဓိကတင်ပြချင်ပါတယ်။

ဘာလို့လဲဆိုတော့ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ဟာ တစ်ခေတ်တစ်ခါက နိုင်ငံရဲ့ မြို့တော်ကြီးအဖြစ် နှစ်ရှည်စွာ ရှိခဲ့တဲ့အပြင် ဒီကနေ့ နိုင်ငံတော်ရဲ့စီးပွားရေးမြို့တော်ကြီးအဖြစ် အထင်ကရ ရှိနေလို့ပါပဲ။

ပထမဦးဆုံးသိသာထင်ရှားစွာ ပြောင်းလဲမှုတစ်ရပ်ကို လက်ညှိုးထိုးပြရမယ်ဆိုရင် ခရီးသွားပြည်သူတွေနဲ့ မြို့တွင်းပို့ဆောင်မှုယာဉ်တွေအကြား အစဉ်အမြဲ နေ့စဉ်နဲ့အမျှ ပဋိပက္ခဖြစ်နေတဲ့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီအောက်က ပြေးဆွဲနေတဲ့ယာဉ်လိုင်းတွေပါ။

မထသရဲ့ ယာဉ်မောင်းသူ၊ ယာဉ်နောက်လိုက်သူတွေရဲ့ အော်ဂေါက်သမျှ၊ တွန်း၊ တိုး၊ တင်၊ ရပ်ချင်ရာရပ်၊ ထွက်ချင်မှ ထွက်တဲ့ ဝင့်ဒုက္ခတွေက ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက ခရီးသွားပြည်သူတွေ လွတ်မြောက်လို့ပါပဲ။ ဇန်နဝါရီ ၁၆ ရက်မှ ရက်သတ္တပတ်အတွင်းမှာ ခရီးသွားပြည်သူတွေ အခက်အခဲဖြစ်ခဲ့ရပါတယ်။ စီစဉ်သူတွေရဲ့အတွေ့အကြုံနဲ့ ကြိုတင်ပြင်ဆင်မှုအားနည်းခဲ့တယ်လို့ ပြည်သူ့အချို့က ထောက်ပြဝေဖန်မှုတွေ မြင့်တက်ခဲ့ပါတယ်။

ဒီကနေ့ လက်ရှိအခြေအနေမှာတော့ ရန်ကုန်ခရီးသွားပြည်သူတွေက ထိုပြောင်းလဲခြင်းကို ကျေနပ်ခဲ့ပြီး တိုးတက်မှုကို လက်ခံလာခဲ့ကြပါပြီ။ အခုလို ပူပြင်းတဲ့ကာလမှာ ငွေကျပ် ၂၀၀၊ ၃၀၀ ပေးပြီး Air Con ကားကြီးပေါ်မှာ ဇိမ်ကျကျနဲ့ စီးရတဲ့ အရသာကို သိနေကြပါတယ်။ ကျေးဇူးတင်စကားတွေကို ခပ်စိပ်စိပ် ပြန်လည်ကြားလာရပါတယ်။ အချို့ မြို့နယ်တွေမှာတော့ ယာဉ်နဲ့ ခရီးသွားဦးရေ မမျှမတရှိသေးတာမို့ ကျပ်ကျပ်သပ်သပ် စီးနေရတာကို မြင်တွေ့နေရဆဲပါ။

အဲဒီထက်ဆိုးတာကတော့ မထသ လက်ကျန်ကားလေးတွေ ရှိနေဆဲဖြစ်ပြီး ယာဉ်စီးခထည့်ဖို့ ပုံးကိုရှုပ်ပြထားကာ ယာဉ်နောက်လိုက်တွေက ယာဉ်စီးခကောက်ခံနေဆဲ ဖြစ်တာကိုတော့ မြင်တွေ့နေရဆဲပါ။

**ယာဉ်လိုင်းပေါင်း ၁၀၀ ကျော်ရှိ**

နောက်တစ်ခုက YBS စနစ်ပြောင်းလဲရာမှာ ခရီးသွားပြည်သူတွေ အဆင်ပြေစွာ သွားလာစီးနင်းနိုင်ရေးအတွက် စိုက်ထူထားပေးတဲ့ ခရီးသွားလမ်းညွှန်ဆိုင်းဘုတ်တွေပါ။ YBS ပြောင်းလဲစဉ်အစက ယာဉ်လိုင်းပေါင်း ၆၀ ကျော်နဲ့ စခဲ့ပေမယ့် လိုအပ်ချက်အရ အခု ယာဉ်လိုင်းပေါင်း ၁၀၀ ကျော် ရှိလာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ခရီးသွားလမ်းညွှန်ဆိုင်းဘုတ်တွေကို လိုက်ပါပြောင်းလဲမှု မပြုနိုင်တဲ့အတွက် “ရှိသာရှိသည် မသိပြီ” ဆိုသလို ဖြစ်နေပါတယ်။ အချို့ လမ်းညွှန်ဆိုင်းဘုတ်တွေဆိုသက်တမ်းနှနှလေးအတွင်းမှာ သံခါရသဘောပဲလို့ ပြောရမှာလားမသိ။ အတော်များများက ပျက်စီးမှုတွေ ရှိလာခဲ့တာကို မျက်ဝါးထင်ထင် တွေ့မြင်လာရပါပြီ။ ဒါ့အပြင် အဖျက်သမားရန်ကြောင့် ပျက်စီးသွားတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေလည်း ရှိခဲ့ပါသေးတယ်။

နောက်တစ်ခု မြင်တွေ့ရတာကတော့ လမ်းဘေးစျေးသည်တွေကို စနစ်တကျ နေရာချထားပေးမှုပါပဲ။ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်အတွင်း စျေးသည်ပေါင်း ၆၀၀၀ ကျော် စာရင်းကောက်လို့ရတဲ့အထဲက စျေးသည်ပေါင်း ၁၆၀၀ ကျော်ကို မဲစနစ်နဲ့ ကမ်းနားစျေး(ညစျေးတန်း) အဖြစ် နေရာပေးဖွင့်လှစ်ပေးခဲ့တာပဲ ဖြစ်ပါတယ်။

**ညစျေးပြန်လည်စည်ကားရေး**

စနစ်တကျပါပဲ။ လျှပ်စစ်မီး၊ ရေ၊ လမ်းမီးတိုင်တွေ ထိန်ထိန်လင်းတဲ့အပြင် ကျန်းမာရေးအတွက်သန့်စင်ခန်းတွေ ပြည့်ပြည့်စုံစုံနဲ့ စီစဉ်ပေးခဲ့ပါတယ်။ အစဖွင့်စဉ်မှာ လူအများစိတ်ဝင်စားပြီး ညစျေးတန်းက စည်ကားခဲ့ပါတယ်။ ဒါပေမယ့် ကမ်းနားလမ်းကျယ်ကျယ်မှာ မောင်းနှင်နေတဲ့ ကိုယ်ပိုင်ယာဉ်တွေ၊ လိုင်းကားတွေကြောင့် ယာဉ်အန္တရာယ်စိုးရိမ်မှုနဲ့ စားသုံးသူတွေ နည်းသွားခဲ့ပါတယ်။ ဒါ့အပြင် မိုးအခါ မိုးရေနဲ့ မြစ်က တက်ရတို့ ဆုံတွေ့မှုက ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ စာအုပ်ထဲက “မိုးရေတက်ရေ တဖွေးဖွေး” ဆိုသလို ကမ်းနားလမ်းတစ်လျှောက် ဆိုင်တွေအကြား ရေအဖွေးသားရှိနေတာမို့ ဆိုင်သမားတွေ စိတ်ညစ်ခဲ့ရတဲ့အတွက် စျေးသည် ၂၀၀ ခန့်လောက်ပဲ ရှိတော့တာကို မြင်တွေ့လာရပါတယ်။ တိုင်းဒေသကြီးအစိုးရအနေနဲ့ ညစျေးပြန်လည်စည်ကားရေးအတွက် ကြိုးပမ်းလျက်ရှိနေဆဲပါလို့ ဆိုပါတယ်။

ယခင်အစိုးရတွေလက်ထက်၊ အခုအစိုးရလက်ထက် တည်ဆောက်ပေးထားတဲ့ ခုံးကျော်တံတားတွေအနက် တံတားအတော်များများရဲ့အောက်မှာ ရှိနေတဲ့ အမြင်ဆိုးရွားမှုတွေပါပဲ။ အချို့တံတားတွေအောက်မှာ မော်တော်ယာဉ်တွေ နေ့နေ့ညည အစဉ်အမြဲ နေရာယူထားမှုပါပဲ။

ဒါပေမယ့် စမ်းချောင်းမြို့နယ် မြေနီကုန်းခုံးကျော်တံတားကတော့ “အနှုတောမှာ လူချော” ဆိုတဲ့ ဥပမာ- စိတ်ချမ်းမြေ့စရာမြင်ကွင်းကို တွေ့မြင်ရပါတယ်။ အများပြည်သူတို့ ခေတ္တအနားယူအပန်းဖြေနိုင်ဖို့ ပန်းခြံလေးအသွင်သဏ္ဌာန်ရှိနေတာပဲ။

ဒါကလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရနဲ့ ပြင်သစ်ယဉ်ကျေးမှုစင်တာတစ်ခုတို့က ပူးပေါင်းပြီး အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။ တံတားဘေး နံရံတစ်လျှောက်မှာ ခေတ်ပေါ်ပန်းချီနဲ့ အမြင်ဆန်းစေခဲ့သလို တံတားအောက်မှာ ကစားကွင်းငယ်လေးတစ်ခုနဲ့ အနားယူစရာ ခုံလေးတွေ အစီအရီရှိတာပဲ ဖြစ်ပါတယ်။ စည်စည်ကားကားလည်း အမှန်ရှိနေဆဲပါ။

ဒါပေမယ့် ထိန်းသိမ်းမှုအားနည်းလို့ပဲလားမသိ အချို့နေရာတွေမှာ ပျက်စီးခြင်းရဲ့ နိဒါန်းအစပြုလာပြီလို့ ဆိုကြပါတယ်။

နောက်တစ်ခုက အလွန်ကောင်းမွန်တဲ့ အလေ့အထတစ်ခုကို စွဲမြဲလာအောင် ဆောင်ရွက်နိုင်လို့ပါပဲ။ “ဆရာ ထိုင်ခုံခါးပတ်လေး ကျေးဇူးပြုပြီး ပတ်ထားပေးပါ” အသံကြားမှ ဩော်... ကားရှေ့ခန်းကစီးရင် ထိုင်ခုံခါးပတ် ပတ်ထားရမှာကို သတိရပြီး ခါးပတ်ကြိုးကို ရင်ပတ်ပေါ်ဆွဲပြီး ထိုင်ခုံဘေးက ခလုတ်မှာ နှိပ်သွင်းထည့်မိခဲ့တယ်။

ဒီကနေ့ ရန်ကုန်မှာ ယာဉ်မောင်းသူတွေ၊ ယာဉ်ရှေ့ခန်းမှာ ထိုင်စီးသူတွေအားလုံး ကိုယ်စီထိုင်ခုံခါးပတ်တွေပတ်ကာ စီးနင်းနေတာကို တွေ့လာရပါတယ်။

**အသက်အန္တရာယ်ကို အကာအကွယ်ပေး**

ဒါကလည်း အသိပညာပေးခြင်းနဲ့အတူ ပြစ်ဒဏ်ချမှတ်တဲ့ အတွက် ဖြစ်ပါတယ်။ ပြစ်ဒဏ်က မြင့်မားတယ်လို့ ဆိုကြပါတယ်။ ငွေကျပ် သုံးသောင်းကနေ ငွေကျပ် သုံးသိန်းလို့ အင့်ားယာဉ်မောင်းသူတွေက ဆိုကြတယ်။ မည်သို့ပင်ဆိုစေ ယာဉ်မောင်းရင်၊ ယာဉ်စီးရင် မိမိအသက်အန္တရာယ်ကို အကာအကွယ်ပေးမယ့် ထိုင်ခုံခါးပတ်တွေကို ပတ်လေ့ရှိတဲ့ အလေ့အထတစ်ခုကို စွဲမြဲအောင် ဆောင်ရွက်လာနိုင်လို့ပင်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်သံနဲ့အညီ စီမံကိန်းတွေ ချမှတ်လို့ မြို့နေပြည်သူတွေ ပြောင်းလဲတိုးတက်စေဖို့ ကြိုးပမ်းလျက်ရှိနေရာ အောင်မြင်မှုလမ်းကြောင်း၌ ပြည်သူ့အများ လျှောက်လှမ်းနေသကဲ့သို့ အောင်မြင်ရန် ကြိုးစားဆောင်ရွက်နေမှုတွေ အပေါ် မျှော်လင့်အားကိုး စောင့်မျှော်နေဆဲပင်.....။ ။

# စနစ်သစ်တစ်ခု အစပြု ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု

**ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-ဗလစိုး**

> ယာဉ်ကြောကျပ်တည်းမှုကတော့ နေ့စဉ်နှင့်အမျှ နေရာဒေသ မြို့နယ် အလိုက် ဖြစ်ပေါ်နေဆဲပင်။ ယာဉ်အစီးရေ များပြားမှုကြောင့်ဟု စောဒကတက်စရာ ရှိသော်လည်း စည်းကမ်း လိုက်နာမှုကလည်း လူအများ ဖြည့်ဆည်းစရာ လိုအပ်ချက်တစ်ခုအဖြစ် ဖြစ်တည်လျက်ရှိ

ရန်ကုန် မြို့တော်၏ နံနက်ခင်းတစ်ခုက ပျားပန်းခတ်မျှသော လူအုပ်စုကြီး လမ်းမပေါ်သို့ ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက်တည်း စတင်လေ့ရှိသည်။ မော်တော်ကားမှတ်တိုင်များနှင့် ရထားဘူတာရုံများတွင် နံနက်ခင်း အရုဏ်တက်ချိန်မှ စကာ လူပ်လူပ်ရှားရှား ခရီးသွားများကို မြင်တွေ့ရလေ့ရှိသည်။ ခေတ်၏ ပြောင်းလဲခြင်းရေစီးကြောင်းအပေါ် လိုက်ပါခဲ့သော ဝိုင်ဘီအက်စ်ကြောင့် နံနက်ခင်း ရုံးတက်ချိန်မှလွဲ၍ ကျန်အချိန်များ၌ ခရီးသည်တင်ယာဉ်ကြီးပေါ်တွင် ယခင်ကဲ့သို့ ခရီးသွားများ ကျပ်သိပ်မနေတော့ပေ။ ဆူဆူပူပူ ယာဉ်နောက်လိုက်တို့၏ အော်ဟစ်သံများ ဆိတ်သုဉ်းခဲ့ပြီဖြစ်သည်။ အောင်မြင်မှု အရှိန်ရစပြုသော ရန်ကုန်ပါးတားဘတ်စ်ကို လုံခြုံစိတ်ချစွာ စီးနင်းနိုင်မှုကြောင့် ခရီးသွားပြည်သူတို့၏ တောင်းဆိုမှုက မြင့်တက်လာခဲ့သည်။

**စည်းကမ်းလိုက်နာမှု**

ညနေခင်း အစိုးရရုံးဆင်းချိန် ၄ နာရီခွဲ၊ အစိုးရမဟုတ်သော အခြားဝန်ထမ်းများ၏ ရုံးဆင်းချိန်က ၅ နာရီဖြစ်၍ တိုက်ဆိုင်မှုမရှိသောကြောင့် နံနက်ခင်းပိုင်းကကဲ့သို့ ကားကျပ်မှုမရှိသည်မှာ ရန်ကုန်၏ အလေ့အထတစ်ခုကဲ့သို့ ဖြစ်လာနေသည်။ သို့သော် ယာဉ်ကြောကျပ်တည်းမှုကတော့ နေ့စဉ်နှင့်အမျှ နေရာဒေသ မြို့နယ်အလိုက် ဖြစ်ပေါ်နေဆဲပင်။ ယာဉ်အစီးရေ များပြားမှုကြောင့်ဟု စောဒကတက်စရာရှိသော်လည်း စည်းကမ်းလိုက်နာမှုကလည်း လူအများဖြည့်ဆည်းစရာ လိုအပ်ချက်တစ်ခုအဖြစ် ဖြစ်တည်လျက်ရှိသည်။

ယာဉ်ရပ်နားရန် မှတ်တိုင်များကို တိုင်းဒေသကြီးအစိုးရက ဖြည့်ဆည်းပေးနေသော်လည်း အမှန်တကယ် လိုအပ်သော နေရာများသို့ ယနေ့တိုင်ရောက်ရှိလာခြင်းမရှိသေးပေ။ အင်းစိန်ဘက်မှ ရန်ကုန်ဘက်သို့အသွား လှည်းတန်းမှတ်တိုင်နေရာသည် ယနေ့ထက်တိုင် အရိပ်အမိုးကင်းမဲ့လျက်ရှိသည်။ ခရီးသွားတို့က နေပူပူ မိုးရွာရွာ အရိပ်အကာမဲ့ ကားစောင့်ရလေ့ရှိသည်။ မော်တော်ယာဉ်စီး ခရီးသွားများ၏ အားပေးမှုကြောင့် စံရိပ်ပြိမ်မှတ်တိုင်နှင့် လှည်းတန်းမီးပွိုင့်အကြားတွင် သုံးကြိမ်မျှရပ်၍ လူတင်လေ့ရှိသည်။ စံရိပ်ပြိမ်မှတ်တိုင်မှ ထွက်လာပြီးနောက် မီးပွိုင့်မိသောကြောင့် တစ်ကြိမ်၊ ယာဉ်လမ်းညွှန်ဆိုင်းဘုတ်ရှိရာ ဦးထွန်းလင်းခြံမှတ်တိုင်အနီးတွင် တစ်ကြိမ်နှင့် လှည်းတန်းမီးပွိုင့်ထိပ်တွင် တစ်ကြိမ်ဟူ၍ သုံးကြိမ် ခန့် အနည်းဆုံးရပ်တန့်ပေးသော်လည်း တားစီးမည့် ခရီးသည်ရှိပါက အကြိမ်ရေထို့ထက် ပိုမိုများသည်။

လှည်းတန်းမီးပွိုင့်၏ မီးအစိမ်း နောက်ဆုံး စက္ကန့်များကို ရေတွက်ရင်း ဦးထွန်းလင်းခြံလမ်းထိပ်မှ မော်တော်ယာဉ်ကို ဖြည်းညင်းစွာမောင်းထွက်သည်။ လမ်းထိပ်ကို ပိတ်၍ ခရီးသည်တင်သည်။ လမ်းအတွင်းဝင်မည့်ယာဉ်များမှာ နောက်တွင် တသီတတန်း စောင့်ဆိုင်းရင်း ဟွန်းသံတတီတီ မြည်ဟည်းလျက်ရှိကြသည်။

ဆူးလေမှတ်တိုင်တွင် ဘတ်စ်ကားများ ရပ်ရန်နေရာ အမှတ်အသားပြဆိုင်းဘုတ်

အဆိုပါ ပိတ်ဆို့မှုကို စိတ်မရှည်သော လှည်းတန်းဈေးလမ်းအတွင်း ကွေ့ဝင်မည့် ဝိုင်ဘီအက်စ် ၃၀ နှင့် ၄၁ ယာဉ်တို့မှာ ၎င်းတို့ကို ဖြတ်ကျော်ရင်း မီးပွိုင့်အရောက်တွင် ယာအစွန်ယာဉ်ကြောအတွင်း ပြန်လည်ဝင်ရောက်မှုကြောင့် ယာဉ်လမ်းကြော အတည့်မောင်းနှင်မည့် ကားများမှာ စောင့်ဆိုင်းကြရပြန်သည်။ မီးနီ၏ ကြန့်ကြာမှုကို စောင့်ဆိုင်းရန်ခက်ခဲသူတို့က လှည်းတန်းမီးပွိုင့် ထိပ်မှ ကားကိုတား၍ စီးကြသည်။ တားသူကိုမြင်၍ ကားကို ရပ်ကာ ယာဉ်မောင်းကြီးများက ခရီးသည်တင်သည်။ ဤကား ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်ယာဉ်ကြောပိတ်ဆို့မှု၏ တစ်စိတ်တစ်ဒေသကို တင်ပြခြင်းဖြစ်သည်။

**ဘတ်စ်ကားဝန်ဆောင်မှုအဆင့်မြှင့်**

ယခုအခါ ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေး ဘတ်စ်ကားဝန်ဆောင်မှုအဆင့်မြှင့်တင်သည့် စီမံကိန်းတစ်ခုကို မြို့တော်ခန်းမရှေ့ရှိ ဆူးလေမှတ်တိုင်တွင် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အောက်တိုဘာ ၁၈ ရက် ညတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်းနှင့်တံတားဌာန) က လမ်းလျှောက်သူပြည်သူများနှင့် ခရီးသည်များ အဆင်ပြေစွာ လမ်းကူးနိုင်ရေးအတွက် လူကူးမျဉ်းကျားများ ရေးဆွဲခြင်း၊ အဥားကားနှင့် အခြားယာဉ်များ ခရီးသည်တင်ယာဉ်လမ်းကြောထဲ ဝင်ရောက်မှု မရှိစေရန် သီးသန့်လမ်းအမှတ်အသားများ ရေးဆွဲခြင်း၊ ခရီးသည်တင်ယာဉ်များ မှတ်တိုင်သို့ ဝင်ရောက်ရာတွင် အရှိန်လျှော့၍ ဖြည်းဖြည်းမောင်းစေရန် လမ်းအမှတ်အသားရေးဆွဲခြင်းနှင့် အသိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းတို့ကို ပြည်သူတို့၏ သုံးသပ်အကြံပြုချက်များအပေါ် အခြေခံ၍ အဆင့်မြင့် တိုင်းတာဆောင်ရွက်ချက်များဖြင့် အကောင်အထည်ဖော်ခဲ့သည်။

ယင်းစီမံချက်ကို အောက်တိုဘာ ၁၆ ရက်မှ စတင် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပြီး ရှေ့ပြေးစီမံချက်ကာလကို အောက်တိုဘာ ၂၁ ရက်အထိ နံနက် ၇ နာရီခွဲမှ ညနေ ၆ နာရီခွဲအတွင်း သတ်မှတ်ထားသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်းနှင့် တံတားဌာန)၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ Pilot Project For Improving Bus Service in Yangon, JICA ကို စတင်လုပ်ဆောင်နေခြင်းဖြစ်သည်။ ဘတ်စ်ကားအတက်အဆင်း ပြုလုပ်ရမည့် နေရာများ၊ ဘတ်စ်ကားစီးနင်းရမည့် ပုံစံများ၊ ခရီးသည်များ စောင့်ဆိုင်းပေးရမည့် သတ်မှတ်နေရာများကို ဖော်ဆောင်ထားပြီး ဘတ်စ်ကားလမ်းကြောင်းအလိုက် ရပ်နား အတင်၊ အချ ပြုလုပ်ရမည့်နေရာများကိုလည်း ခွဲထားကာ ယာဉ်ထိန်းရဲနှင့် YRTA တာဝန်ရှိသူများက လမ်းညွှန်မှုပြုပေးလျက်ရှိပြီး စမ်းသပ်ကာလအတွင်း အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဟု ရန်ကုန်မြို့တော်ဝန်ကဌင်း၏ လူမှုစာမျက်နှာတွင် ဖော်ပြထားသည်။

**ခရီးသွားအလေ့အထ**

စီမံချက်စတင်စဉ်ကပင် မြင်တွေ့မိသော်လည်း အချိန်မီသွားရောက်ရမည့် သတင်းတစ်ပုဒ်ကြောင့် သတင်းတင်ပြချိန် တစ်ရက် နောက်ကျခဲ့သည်။ ယာဉ်တစ်စီးစာ အပြည့်ရေးဆွဲထားသော အဖြူရောင် အကွက်ကြီးက ယာဉ်ရပ်တန့်ပြီး ခရီးသည်ဆင်းရန်အတွက် သီးသန့်ဖြစ်သည်။ ခရီးသည်တင် ယာဉ်များအားလုံး ထိုအကွက်အတွင်း၌ပင် ရပ်တန့်၍ ခရီးသည်ကို ဆင်းစေသည်။ အဆင်းခရီးသည်အပြီးတွင် ယာဉ်လိုင်းနံပါတ်အလိုက် ရပ်တန့် ရမည့် အဝါရောင်မျဉ်းကွက်အတွင်း သွားရောက်ရပ်တန့်ကာ အတက်ခရီးသည်ကို ကြိုဆိုရမည်ဖြစ်သည်။ ခရီးသွားပြည်သူများအတွက် အလေ့အထကောင်းတစ်ခုကို စတင်ဖော်ဆောင်နေခြင်းဖြစ်သည်။

မှတ်တိုင်ကတစ်နေရာ ယာဉ်စီးခရီးသည် စောင့်ဆိုင်းနေသည်မှာ တစ်နေရာ ဖြစ်နေတတ်သည့် ရန်ကုန်ဘတ်စ်ကားစနစ်ဟောင်းတစ်ခုကို စတင်ကျော်ဖြတ်နေပြီဟု ယူဆမိသည်။ အိမ်ပြန်လိုစိတ် ဆန္ဒစောမိသော ရန်ကုန်ခရီးသွားတို့က မှတ်တိုင်မရောက်မီ ကြိုတင်ရှေ့ထွက်စောင့်နေတတ်သည်မှာ အလေ့အကျင့်တစ်ခုလို ဖြစ်နေတတ်သည်။ မှတ်တိုင်အတွင်း ဝင်ရောက်လာသော ယာဉ်နောက်သို့ တံခါးဖွင့်ချိန်အမီ ပြေးလိုက်ရင်းနေရာရရန် ကြိုးစားတတ်ကြသည်။ မတော်တဆ ထိခိုက်မှုကို မလိုလားသော ယာဉ်မောင်းသူက ပြေးလိုက်လာသော လူအုပ်စုကို ငဲ့ညှာရင်း ယာဉ်ကိုရပ်ပေးလိုက်ရသည်။ အချိန်ကြာမြင့်စွာ စွဲမြဲခဲ့သော ပရမ်းပတာဖြစ်မှုကို အမြင်မတော်သူတို့က ကုစားရန် ကြိုးစားခဲ့ပြီဖြစ်သည်။ လိုက်နာပြီး ကြာရှည်စွဲမြဲစွာကျင့်ကြံဖို့က ရန်ကုန်သူ ရန်ကုန်သားတို့ တာဝန်ဖြစ်သည်။

တာမွေခုံးကျော်တံတားအောက်၊ ရှစ်မိုင်ခုံးကျော်တံတားအောက်နှင့် လှည်းတန်းကဲ့သို့သော လမ်းဆုံလမ်းခွများတွင်လည်း အလားတူ စီမံချက်များ စတင်သင့်သည်။ ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်ကြောရှုပ်ထွေးမှုမဖြစ်စေရန် စည်းကမ်းဥပဒေဖြင့် တင်းတင်းကျပ်ကျပ် ထိန်းချုပ်သင့်သည်။ မီးပွိုင့်တွင် အတက်အဆင်း ပြုလုပ်ခြင်းကို ယခုထက် ပိုမိုတားမြစ်သင့်သည်။ စနစ်တစ်ခု ပြောင်းခါစတွင် အသားမကျမှုကြောင့် အခက်အခဲ အနည်းငယ်ရှိနိုင်သော်လည်း စည်းကမ်းလိုက်နာမှုနှင့် စနစ်ကျသော စီမံချက်ဖြင့် ဆောင်ရွက်မှုတို့ ပေါင်းစပ်နိုင်ပြီဆိုပါက ပိုမိုကောင်းမွန်သော ရန်ကုန် ဘတ်စ်ကားဝန်ဆောင်မှု လုပ်ငန်း အောင်မြင်လာမည်မှာ မလွဲပေ...။ ။

# ကားသစ်များနှင့် ပွင့်လင်းရာသီ အရောင်းမြှင့်တင်ရေးများကြောင့် ကားဈေးကွက်မှန်းသည်ထက်ပိုအားနေ

● မင်းသော်

သီတင်းကျွတ်ပွင့်လင်းရာသီ ရောက်ရှိလာသော်လည်း တစ်ပတ်ရစ်ကားဈေးကွက်ကို ဦးဆောင်နေသည့် ရန်ကုန်ကားလောက အသိုင်းအဝိုင်းအတွင်း အရောင်းအဝယ်များ မျှော်မှန်းသည်ထက်ပင် ပိုမိုနည်းပါးနေကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများ ထံမှ သိရသည်။

မုန်တိုင်းမိုးကြောင့် ရန်ကုန်မြို့အတွင်း ပွင့်လင်းရာသီအကြိုကာလသည် အေးစက်လျက်ရှိရာ ကားဈေးကွက်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့် ကားများမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်နေပြီး ပွင့်လင်းရာသီ အရောင်းမြှင့်တင်ရေး အစီအစဉ်များကိုလည်း ယခင်ကထက် ပိုမိုထူးခြားစွာ စီစဉ်ထားကြသည်ဖြစ်ရာ ဝယ်လက် အများစုမှာ ကားပွဲစားတန်းများထက် အရောင်းစင်တာများသို့သာ ခြေဦးလှည့်နေသည့် သီတင်းပတ်ဖြစ်ကြောင်း သိရသည်။

အင်ဂျင်ပါဝါသင့်တော်ပြီး ကားသစ်များကို သင့်တင့်သည့် နှုန်းထားဖြင့် ဝယ်ယူရရှိနိုင်သည့်အပြင် အရစ်ကျစနစ်ဖြင့် တွင်ကျယ်စွာ ရောင်းချနိုင်မည်ဆိုပါက ပြည်တွင်းထုတ် ကားဈေးကွက်သည် ပိုမိုဦးမော့လာနိုင်မည်ဖြစ်ကြောင်း မော်တော်ယာဉ် တင်သွင်းရောင်းချသူ ဦးသန်းနိုင်က ခန့်မှန်းသည်။

"လက်ရှိမှာက အရောင်းအဝယ်အားလုံးနီးပါး အေးနေတာပါ။ အမှန်က ဒီလိုရာသီဆိုရင် အရောင်းသွက်တယ်။ ပွင့်လင်းရာသီ အစလည်းဖြစ်တာမို့ ကားလဲကြတာများတယ်။ အလဲအထပ် အများဆုံး လုပ်တတ်တဲ့အချိန် ဖြစ်တယ်။ ဒီနှစ်မှာတော့ အခုရက်အထိ တော်တော်လေးကို အရောင်းအဝယ်အေးနေတယ်။ ကားဈေးကွက်ကလည်း မပျက်အောင် မနည်းဆွဲနေကြရတာမျိုးတော့ရှိတယ်။ အကြောင်းက ပြည်တွင်းတပ်ဆင်ထုတ်လုပ်တဲ့ ကားတွေက အရင်ထက်စာရင် အတော်လေးကို လူနဲ့ နီးစပ်လာတာလည်း ပါတယ်။ ဂျပန်တစ်ပတ်ရစ်ကားတွေ ဈေးမကျတာလည်းပါတယ်။ ဈေးကမကျတဲ့အပြင် ဖောက်စွပ်ပြဿနာ၊ ရန်ကုန်လိုင်စင်ပြဿနာမျိုးတွေကလည်း ကားဈေးကွက်ကို ပိုပြီးအေးအောင် လုပ်နေတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် ဖောက်စွပ်ကားပြဿနာကြောင့် အရောင်းအဝယ်အားနည်းနေကြသည်ကိုလည်း ဖြေရှင်းပေးနိုင်ရန် ရောင်းချသူ၊ ဝယ်ယူသူများအားလုံးက မျှော်လင့်ကြသော်လည်း ဖောက်စွပ်ကားများကြောင့် ရောင်းသူဝယ်သူအကြား အငြင်းပွားမှုများနှင့် အမှုရင်ဆိုင်ရမှုများလည်း တိုးပွားဖြစ်နေသေးကြောင်း ကားလောကအတွင်းက သိရှိရသည်။ "လက်ရှိမှာ ရန်ကုန် ကညန ကနေ ဖောက်စွပ်ကားဆိုပြီးတွေ့တာ ၂၆၀ ကျော်သွားပါပြီ။ ဒါကလည်း ကားအရောင်းအဝယ်ဈေးကွက်ကို တော်တော်လေး ရိုက်ခတ်တာ ယနေ့အထိပါပဲ။ အမှုတွေဖြစ်ပြီး ရှင်းနေကြရသူတွေလည်း မနည်းဘူး။ ညှိနှိုင်းပေမယ့်လည်း အဆင်မပြေသေးသူတွေ အများကြီးပဲ"ဟု ဦးသန်းနိုင်က ပြောသည်။

နယ်ဝယ်လက်ကို အဓိကထား စောင့်မျှော်နေကြသည့် ကားပွဲစားတန်းတွင် နယ်ဝယ်လက်များ မျှော်မှန်းသလောက် ရောက်ရှိမလာသေးဘဲ အများစုမှာ ကြိုက်ရောင်းကြိုက်ဝယ် ဈေးကွက်ပျက်သည့် အနေအထားရှိနေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုအောင်က ပြောကြားပြီး လက်ရှိတွင် အင်ဂျင်ပါဝါနိမ့် ၆၀၀ စီစီ၊ ၁၀၀၀ စီစီ၊ ၁၃၀၀ စီစီနှင့် ၁၅၀၀ စီစီ ကားများမှာ ကြိုက်ရောင်းကြိုက်ဝယ်ရှိနေကြောင်း၊ ဈေးများ တည်ငြိမ်နေသော်လည်း အရောင်းအဝယ်ဖြစ်သည့် ဈေးမှာ ပေါက်ဈေးထက် နိမ့်နေသေးကြောင်း သိရသည်။

ပြည်ပမှတင်သွင်းသည့်ကားများအတွက် မရှိမဖြစ်လိုအပ်သည့် စလစ်ဈေးကွက်မှာ ယခုသီတင်းပတ်အစပိုင်းတွင် တက်ရိပ်ပြလာသည်ကိုလည်း မြင်တွေ့ရသည်။ "အရင်က စလစ်ဈေးက ၁၂၈ သိန်း၀နှုန်းကျင်လောက်နဲ့ တန်နေတာ။ အခုတော့ ဈေးနည်းနည်းတက်လာတယ်။ ဒီကနေ့ပဲ ဒွေကျပ် ၁၃၆ သိန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်။ စလစ်လိုအပ်ချက်ကလည်း ဆက်ပြီးရှိနေနိုင်သေးတယ်လေ။ အခုအချိန်မှာ ရန်ကုန်လိုင်စင်ကို YVQC စနစ်နဲ့ချပေးဖို့ကလည်း မရှိသေးဘူးဖြစ်နေတယ်။ တစ်ဖက်မှာလည်း ကားသစ်တင်သွင်းမယ်ဆိုရင် စလစ်ကမဖြစ်မနေ လိုအပ်နေသေးတာပဲ။ စလစ်အပ်ကားတွေကလည်း တော်တော်လေး နည်းပါးလာပြီဆိုတော့ စလစ်ဈေးတက်တာတော့ ဆက်တက်နိုင်ဦးမယ်လို့ ခန့်မှန်းရတယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောကြားသည်။

ကားဝယ်ယူလိုသူအတော်များများ ယခုလက်ရှိ စိတ်ဝင်စားမှုအရှိဆုံးဖြစ်သည့် ဆူဇုကီးဆွစ်ဖ်ကို ပြည်တွင်းထုတ် အက်စ်ကေ ဒီစနစ်ဖြင့် ထုတ်လုပ်နိုင်ခြင်းသည် ကားဈေးကွက်အတွက် ထိခိုက်မှုရှိနိုင်ပြီး ယင်းကားဈေးနှုန်းသည် ဂရိတ်နှစ်မျိုးဖြစ်သော ဒွေကျပ် ၂၂၉ သိန်းနှင့် ၁၉၉ သိန်းတို့ဖြစ်သည်။ "ဈေးကတော့ အသစ်ကို ဒီဈေးနဲ့ စီးရမှာဆိုတော့ အတော်လေးအဆင်ပြေတယ်။ ကားဈေးကွက်ပျက်နေချိန်မှာ ဆူဇုကီးဆွစ်ဖ်ကို တော်တော်လေး လူကြိုက်များ စိတ်ဝင်စားတာကတော့ မဆန်းပါဘူး။ အခုကာလမှာ ပုံပြောင်းဟွန်ဒါဖစ် ဂျီအီးဆစ်တောင် ဒွေကျပ် သိန်း ၂၀၀ အထက်မှာ ရှိနေတယ်လေ။ ဒါကြောင့်လည်း အားလုံးက သဘောကျတယ်။ နောက်တစ်ခုက အရစ်ကျစနစ်မှာတော့ သူကတော်တော်လေး သာသွားတယ်။ ခုနစ်နှစ်အထိ အရစ်ကျရတယ်။ ဒါကလည်း အရစ်ကျ၀ယ်နေရတဲ့ အခြားကားတွေနဲ့ယှဉ်ရင် အများကြီးသက်သာတယ်"ဟု ကိုကျော်ဇေယျာဝင်းက ပြောသည်။

**နယ်ဝယ်လက်ကို အဓိကထား စောင့်မျှော်နေကြသည့် ကားပွဲစားတန်းတွင် နယ်ဝယ်လက်များ မျှော်မှန်းသလောက် ရောက်ရှိ မလာသေးဘဲ အများစုမှာ ကြိုက်ရောင်းကြိုက်ဝယ် ဈေးကွက်ပျက်သည့် အနေအထားရှိနေ**

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| CRV | 2010 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၉၀ |
| RVR | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၃၉၀ |
| Vitz | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၄၈ |
| Crown | 2010 | ရန်ကုန် | 3000cc | အပြင်ဈေး | ၆၅၅ |
| Civic | 2007 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |
| Insight | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၁၉ |
| Probox | 2010 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၆၀ |
| Fit | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၈၅ |
| AD Van | 2010 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၄၀ |
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၇၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ရထားလမ်းခုံးကျော် ဘုရင့်နောင်တံတား။

**ရန်ကုန်မြို့အပြင်ပတ်လမ်း . . . မှ**

ရန်ကုန်မိုးပျံ့အမြန်လမ်းဟာ အရှည် ၂၇ ကီလိုမီတာခန့်ရှိပြီး ဒါက မိုးပျံ့အမြန်လမ်းရဲ့ပထမပိုင်းဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်း၊ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန်-မန္တလေးအမြန်လမ်းတွေနဲ့ လွယ်ကူအဆင်ပြေစွာ ချိတ်ဆက်သွားလာနိုင်မှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ထိုင်း၊ တူရကီ၊ မလေးရှား၊ ပြင်သစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေမှ ကုမ္ပဏီတွေက အဆိုပြုလွှာ တင်ထားကြပြီ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်အဖြစ် တည်ရှိနေတာဖြစ်ပြီး ခရမ်း၊ သုံးခွ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ သန်လျင်၊ ကျောက်တန်း၊ တိုက်ကြီး၊ မော်ဘီ၊ ထန်းတပင်၊ လှည်းကူး စတဲ့ မြို့နယ်တွေက ပြည်သူတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ လမ်းပန်းဆက်သွယ်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးတွေကအစ အားလုံးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ရန်ကုန်မြို့တော်အပြင်ပတ်လမ်းစီမံကိန်းကတော့ လိုအပ်နေတာ အမှန်ပါပဲ။

ဒီလိုအခြေခံကောင်းတွေ အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံမှုအဆင်ပြေမယ့် လေဆိပ်၊ ရေဆိပ်တွေနဲ့အတူ ကုန်စည်စီးဆင်းမှု၊ သွားလာမှုတွေ ကောင်းမွန်တဲ့ နိုင်ငံတကာတစ်ထောက်နှားစခန်းအဖြစ် ပီပီပြင်ပြင် ထွက်ပေါ်လာနိုင်မှာဖြစ်ပါတယ်။ ။